# ကြေးမုံ

*The* **Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၂ ရက် အင်္ဂါနေ့ | 7, Tuesday June 2016 | (၈၅၈၅)


**ကောင်းမှုပြုလျှင်မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကိုမပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ)သောကြောင့် ကောင်းမှုကို ပြုခြင်းသည်မြတ်၏။ (ဓမ္မပဒ-၃၁၄)



ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် သီးခြားစီတွေ့ဆုံ

သတင်း စာမျက်နှာ - ၃



ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရာတွင် လွှတ်တော်သည် အခြေခံအုတ်မြစ်ဖြစ်

သတင်း စာမျက်နှာ - ၅

# တနင်္သာရီကျားများ အသက်ရှင်နေထိုင်မှုအတွက် များစွာသောခြိမ်းခြောက်မှုများ ကြုံတွေ့နေရ

**မြိတ် ဇွန် ၆**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သဘာဝသစ်တောများတွင် ကျားကောင်ရေ ၃၂၀၀ လောက်သာကျန်ရှိတော့ကြောင်း မြိတ်မြို့တွင် ပြုလုပ်သော ကျားထိန်းသိမ်းကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

မြန်မာနိုင်ငံတောင်ဘက်ပိုင်းရှိ ရှားပါးလာပြီဖြစ်သော တနင်္သာရီကျားမျိုးစိတ်များကို ကာကွယ်ရန်အတွက် နိုင်ငံတကာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့(Fauna & Flora International-FFI) နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံတောင်ပိုင်းဒေသတွင် ကျားမျိုးစိတ်များ မျိုးသုဉ်းခြင်းမှကာကွယ်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မေလအတွင်းက ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသော ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင် နေထိုင်ကျက်စားသော ကျားများကို ထိန်းသိမ်းကာကွယ်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် အတည်ပြုခဲ့ကြသည်။

ကျားသည် ရှားပါးစာရင်းဝင်လာပြီဖြစ်သော တောရိုင်းတိရစ္ဆာန်ဖြစ်ပြီး မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီဒေသရှိ သစ်တောများမှာလည်း ထိုဆွဲဆောင်မှုရှိသော သတ္တဝါများအတွက် နောက်ဆုံးမှီခိုနေထိုင်ရာနေရာတစ်ခုဖြစ်သည်။ သို့သော် ယခုအခါ ယင်းမျိုးစိတ်များမှာ စိုးရိမ်စရာကောင်းသော အခြေအနေတစ်ခုသို့ ရောက်ရှိနေပြီး ၎င်းတို့၏ ဆက်လက်အသက်ရှင်နေထိုင်မှုအတွက် များစွာသော ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ အဓိက ခြိမ်းခြောက်မှုများမှာ သစ်တောများအားခုတ်ထွင်၍ ဆီအုန်းနှင့် အခြား တောင်ယာစိုက်ခင်းများအဖြစ် ပြောင်းလဲခြင်း၊ အမဲလိုက်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအား ကုန်ကူးခြင်းများ ဖြစ်သည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာအရ တောရိုင်းတိရစ္ဆာန်ပြစ်မှုများနဲ့ တခြားရာဇဝတ်မှုဆိုင်ရာ လှုပ်ရှားမှုတွေမှာ ကြီးမားတဲ့ဆက်စပ်မှုတွေ ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ သဘာဝတရားနဲ့

**စာမျက်နှာ ၈ ကော်လံ ၃ သို့**




တနင်္သာရီတိုင်းဒေသကြီးတောင်ပိုင်းတွင် ဆီအုန်းစိုက်ပျိုးရန်အတွက် မြေယာရှင်းလင်းထားမှုကို ဧပြီလအတွင်းက တွေ့ရစဉ်။ (ဓာတ်ပုံ-FFI)

# ဝါးမျိုးစိတ်များနှင့်ပတ်သက်ပြီး သင်တန်းပေးရန်နှင့် လေ့လာနိုင်ရန် မွန်ပြည်နယ်တွင် ပြတိုက်တည်ဆောက်မည်

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဝါးမျိုးစိတ်များကို တစ်နေရာတည်းတွင်လေ့လာနိုင်မည့် ပြတိုက်နှင့် ဝါးနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်းရှင်များအတွက် သင်တန်းပေးနိုင်မည့် စင်တာတစ်ခုကို မွန်ပြည်နယ်တွင် တည်ဆောက်နိုင်ရန်စီစဉ်နေကြောင်း မြန်မာဝါးချစ်သူများ ကွန်ရက်ဥက္ကဋ္ဌ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

"မြေနေရာအပြင် အခြားလိုအပ်တာတွေကိုလည်း လေ့လာထားပြီးဖြစ်တယ်။ မူကြမ်းပုံစံတွေလည်းထွက်နေပါပြီ။ ဒီနှစ်ကုန်လောက်ဆိုရင် စတင်ဆောင်ရွက်နိုင်မှာပါ။ တည်ဆောက်ရေးနဲ့ သင်တန်းပိုင်းကိုတော့ နယူးဇီလန်က ပညာရှင်တွေနဲ့ ဆောင်ရွက်သွားမှာပါ။ ဒီအတွက်ဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ဆောင်နေပါတယ်"ဟု ၎င်းကထပ်မံပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

မှတ်ပုံမတင်ထားသည့် ဆေးများကို စီးပွားဖြစ်လုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များ ပြည်သူ့မျက်နှာကြည့်ဖို့လို

စာမျက်နှာ - ၉

မန္တလေးမြို့ပတ်ယာဉ် လိုင်းကားပေါ်ဝယ်

စာမျက်နှာ - ၁၉




# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ မည်သူမဆို ပါဝင်နိုင်

**ရန်ကုန် ဇွန် ၆**

**လူထုခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဇွန် ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်ပြီး သစ်ပင်စိုက်ပျိုးပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးထံမှ သိရသည်။**



ပြီးခဲ့သည့် နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ဆည်အတွင်းရှိရေများသည် ရေအမြင့် လေးပေခွဲခန့် နိမ့်ကျသွားသည့်အတွက် ပြင်းထန်သည့်ရာသီဥတု၏ အပူချိန်ကြောင့် ရေခန်းခြောက်ခြင်းမှ ကာကွယ်နိုင်ရန် ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးသည့်ရာသီတွင် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ဆည်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အဓိကထား၍ သစ်ပင်များစိုက်ပျိုးခြင်းဖြစ်ကြောင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

"ငမိုးရိပ်ဆည်က ပြီးခဲ့တဲ့ နွေရာသီမှာ ရေဟာ လေးပေခွဲလောက်နိမ့်ကျသွားတယ်။သစ်ပင်တွေမရှိတော့ အပူချိန်ကြောင့် ရေခန်းခြောက်မှုကို ထိန်းမထားနိုင်ဘူး။ ဒီဆည်ပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြည်ဖို့ ကျွန်မတို့ အဓိကထားပြီး သစ်ပင်တွေ ပြန်စိုက်ရမယ်။ စိုက်ပြီးသစ်ပင်တွေကိုလည်း ရှင်သန်အောင် သစ်တောဦးစီးဌာနနဲ့ပူးပေါင်းပြီး စနစ်တကျ ဆောင်ရွက်သွားမယ်"ဟု ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက ပြောသည်။

၎င်းကဆက်လက်၍ "အခုဟာက ရာသီဥတုရဲ့ ပူလောင်မှုဒဏ်ကို ကျွန်မတို့ပြည်သူတွေခံနေရတယ်။ နောင်မျိုးဆက်သစ်တွေကို ဒီလိုရာသီဥတုမျိုးမခံစားစေချင်ဘူး။ နေရာတိုင်းမှာ သစ်ပင်တွေပြန်စိုက်ဖို့လိုလာပြီ"ဟုပြောသည်။

အဆိုပါ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်တွင်း၊ ပြည်ပ ဟိုတယ်နှင့်ခရီးသွားလာရေးအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းအသီးသီးမှလည်း ပူးပေါင်းပါဝင်ကြမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲသို့ ပူးပေါင်းပါဝင်လိုသည့် ပြည်သူများလည်း မည်သူမဆို ပါဝင်နိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဇွန် ၆ ရက်က ဗြိတိသျှကောင်စီစာကြည့်တိုက်တွင်ကျင်းပသော ဗြိတိသျှကောင်စီ၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် Life Stories ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။
(သတင်းစဉ်)






## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၆**

အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုကို ယနေ့တွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ၉၀ အား ဝေငှခဲ့သည်။

**(သတင်းစဉ်)**

ကြေးမုံ

## အသွင်ကူးပြောင်းရေးကာလပြဿနာများနှင့် ပြည်သူလူထု၏ ဒီမိုကရေစီရေးသန္နိဋ္ဌာန်

ဆိုရှယ်လစ်လိုင်းတံပိုးတို့ အားကောင်းချိန်၌ အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ပြောင်းလဲခြင်းကို ခေတ်ပြောင်းတော်လှန်ရေးဟုသတ်မှတ်ပြောဆိုကြပါသည်။ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုလိုင်းတံပိုးတို့အားကောင်းသော ပစ္စုပ္ပန်ကာလ၌ အမိန့်ပေးအုပ်ချုပ်သော စနစ်မှ ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲနေသော မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကိုမူ အသွင်ကူးပြောင်းရေးကာလဟု သတ်မှတ်ပြောဆိုကြပါသည်။ အသွင်ကူးပြောင်းရေးကာလ၏သဘောသည် စနစ်ဟောင်း၏အင်အားစုဟောင်းများ ဆက်လက်ရှင်သန်နေဆဲဖြစ်သလို စနစ်သစ်၏ အင်အားစုသစ်များကလည်း မိမိတို့၏ အင်အားများပို၍ပို၍ တောင့်တင်းခိုင်မာလာစေရန် ဦးဆောင်ကြိုးပမ်းနေချိန်ဖြစ်ပါသည်။ ဤအသွင်ကူးပြောင်းရေးကာလ၌ အင်အားစုဟောင်းများသည် တချို့နယ်ပယ်များ၌ ခိုင်မာအားကောင်းနေဆဲဖြစ်သော်လည်း တချို့နယ်ပယ်များ၌မူ ဆုတ်ခွာသွားပြီဖြစ်သည်။ အင်အားစုအသစ်များသည် နိုင်ငံရေး ဦးဆောင်နိုင်မှုကို ရယူနိုင်ပြီဖြစ်သော်လည်း နယ်ပယ်တိုင်း၌ အင်အားတောင့်တင်းသည့် အခြေအနေမရှိသေးသည့် ကာလဖြစ်ပါသည်။ ဤကာလ၌အင်အားစုအဟောင်းများနှင့် အင်အားစုအသစ်တို့အပြန်အလှန်အပေးအယူလုပ်၍ ညှိနှိုင်းဆောင်ရွက်ရသည်မှာ ဓမ္မတာဖြစ်ပါသည်။ အပြန်အလှန်အပေးအယူလုပ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်၍ မည်သည့်အင်အားစုမျှ မိမိလိုလားချက်များ အပြည့်အဝရနိုင်သော အနေအထားမရှိပါ။ သို့ဖြစ်ပါ၍ အင်အားစုသစ်များဘက်၌ အခိုင်အမာရပ်တည်နေကြသော ပြည်သူလူထု တချို့အစိတ်အပိုင်းအတွင်း အားမလိုအားမရမှုများဖြစ်ပေါ်တတ်ပါသည်။ ဤသို့သော ပြည်သူလူထုအတွင်း အားမလိုအားမရဖြစ်မှုများကို မှန်မှန်ကန်ကန်သုံးသပ်နားလည်နိုင်ရန် လိုအပ်ပါသည်။

ယနေ့ကာလ၌ ပြည်သူလူထုတချို့ကြား လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကဲ့သို့သောပြဿနာမျိုးမှသည် တိုင်းပြည်ကရင်ဆိုင်နေရသော ပြဿနာအရပ်ရပ်အထိ မကျေမလည်ပြောဆိုမှုများ ရှိနေပါသည်။ သို့သော် ဤသို့သော မကျေမလည်ပြောဆိုမှုများသည် အသွင်ကူးပြောင်းရေးကာလ၌ ရှောင်လွှဲ၍မရနိုင်သည်ကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ တချို့သော အင်အားစုများကလည်း ဤသို့သော မကျေမလည်ပြောဆိုမှုများကို ထောက်ပြ၍ ပြည်သူလူထုတစ်ရပ်လုံးက တိုင်းပြည်၏အနာဂတ်အပေါ် မဝံ့မရဲ မယုံမကြည်ဖြစ်နေသကဲ့သို့ ချဲ့ကားပြောဆိုတတ်ပါသည်။ လက်ရှိကာလ၌ မြန်မာနိုင်ငံ၏ အနာဂတ်အပေါ် အပြည့်အဝ အာမခံပြောကြားနိုင်သည့် အနေအထားမရှိသည်ကို ငြင်းပယ်ရန် မဖြစ်နိုင်ပါ။ သို့သော် ခေတ်အဆက်ဆက်၌ ပြည်သူလူထုသည် ဖြစ်ကိုဖြစ်ရမည်ဆိုသော အာမခံချက်တို့အပေါ် ရပ်တည်၍ သမိုင်းကို ဖန်တီးခဲ့ခြင်းမဟုတ်ပါ။ ခေတ်အဆက်ဆက်၌ ပြည်သူလူထုသည် တိုင်းပြည်အတွက် မဖြစ်ဖြစ်အောင်ဆောင်ရွက်မည်ဟူသော ယုံကြည်ချက်တို့အပေါ် ရပ်တည်လျက် သမိုင်းကို ဖန်တီးခဲ့ခြင်းသာဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့သော နိုင်ငံတော်အစိုးရ၌ ပြည်သူလူထု၏ ထောက်ခံယုံကြည်မှုအင်အား အခိုင်အမာရှိနေသည်ကို ယုံမှားသံသယဖြစ်ရန်မရှိပါ။ ပြည်သူလူထု၏ ထောက်ခံယုံကြည်မှုအင်အားသည် အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ရလျက်ရှိသောပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်ရေးအတွက် ထိရောက်ထက်မြက်သော အင်အားဖြစ်သည်မှာ အသေအချာပင်ဖြစ်ပါသည်။ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးပါဝင်ဆင်နွှဲခဲ့သော ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံကြီးသည် ပြည်သူလူထု၏ စုစည်းညီညွတ်မှုအားကို အခိုင်အမာ ဖော်ထုတ်ပြခဲ့သည့် မကြာသေးလှသော သမိုင်းဖြစ်ရပ်ဖြစ်ပါသည်။

ရှစ်လေးလုံးဒီမိုကရေစီစိတ်ဓာတ်ကို လက်ဆင့်ကမ်း၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ညီညီညာညာ ဆန္ဒမဲပေးခဲ့ကြသော ၁၉၉၀ ရွေးကောက်ပွဲသည် လည်းကောင်း၊ ၂၀၁၅ ရွေးကောက်ပွဲသည် လည်းကောင်း ပြည်သူလူထု၏ စုစည်းညီညွတ်မှုအားကို ထပ်ဆင့်ဖော်ပြခဲ့ကြသည့် သမိုင်းဖြစ်ရပ်များသာဖြစ်ပါသည်။ ဤသမိုင်းဖြစ်ရပ်များက ညွှန်ပြနေသည်များ ပြည်သူလူထု၏ မယိမ်းမယိုင်ခိုင်မြဲသော သန္နိဋ္ဌာန်သည် မည်ကဲ့သို့သော အခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားအောင်မြင်နိုင်ခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ ဒီမိုကရေစီရေး ယုံကြည်ချက်အင်အားကို အပြည့်အဝ စုစည်းရယူနိုင်ရန် ဦးတည်ဆောင်ရွက်မည်ကို အပြည့်အဝယုံကြည်သကဲ့သို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း အခိုင်အမာလက်တွဲ ပူးပေါင်း ဆောင်ရွက်သွားမည်ကို အပြည့်အဝယုံကြည်ပါသည်။ ॥

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၁၀၊ ဖက်စ် ၀၆၇-၃၆၀၁၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဗီဇာ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁



# ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် သီးခြားစီတွေ့ဆုံ

**နေပြည်တော်  ဇွန်  ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မီခေးလ် ကိုစ်တာရာကော့စ်တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား စစ်ဘက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဥရောပသမဂ္ဂ၏ စစ်ရေးအတွေ့အကြုံများ မြန်မာနိုင်ငံသို့ ဝေမျှပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် ဥရောပသမဂ္ဂမှ ဆက်လက်ထောက်ခံ ကူညီဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Gen NAKATANI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် နံနက် ၁၁ နာရီခွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မူဝါဒချမှတ်မှုများ တွေ့ဆုံဆွေးနွေး

**နေပြည်တော်  ဇွန်  ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် Pioneer Consulting Asia, Casbaa, Managing Director, Mr. VIRAT PATEL တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် Mr. VIRAT PATEL မှ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မူဝါဒချမှတ်မှုများနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ တွေ့ဆုံ

**ရန်ကုန်  ဇွန်  ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများတွေ့ဆုံပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက်၊ သုတေသနနယ်ပယ်အလိုက် ဆရာ ဆရာမများ သင်ကြားသင်ယူမှုစွမ်းရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆောင်ရွက်ရေး၊ ဘာသာရပ်အလိုက် သုတေသနဂျာနယ်များ ထုတ်ဝေနိုင်ရေး၊ တက္ကသိုလ်အလိုက် သုတေသနဂျာနယ်များ ထုတ်ဝေနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပသုတေသနဂျာနယ်များတွင် ပါဝင်ရေးသားကြရေး၊ သုတေသနလုပ်ငန်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဆရာ ဆရာမများ မိမိတို့ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းပေးရေး၊ တက္ကသိုလ်များ အရည်အသွေးအာမခံမှုရှိရေးအတွက် Internal Quality Assurance-IQA ထူထောင်ရေး၊ ရန်ကုန်တက္ကသိုလ်နှစ်ပတ်လည် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲများ၊ ပညာရပ်ဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်နှင့်တကွ ပါမောက္ခ/ဌာနမှူးများက ရန်ကုန်တက္ကသိုလ်၏ ဒုတိယပညာသင်နှစ်ဝက်အတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အဆင့်မြင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများနှင့် ဌာနအလိုက် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ပညာရေး)**

## စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ကိုယ်ရေးအကျဉ်း



မစ္စတာ လီရှန်လုံးသည် စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို ၂၀၀၄ ခုနှစ်မှ စတင်၍ ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာ လီရှန်လုံးအား ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က စင်ကာပူ၌ ပညာသင်ကြားခဲ့ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(သင်္ချာ)ကိုလည်းကောင်း၊ ကွန်ပျူတာသိပ္ပံဘာသာရပ် (ဒီပလိုမာ)ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ထို့ပြင် ဟားဗတ်ကနေဒီကျောင်းမှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

မစ္စတာလီရှန်လုံးသည် ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party)၏ အတွင်းရေးမှူးချုပ် ဖြစ်ပါသည်။ မစ္စတာ လီရှန်လုံးသည် ၁၉၈၄ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party) ၏ အမတ်အဖြစ် လွှတ်တော်တွင် ရွေးကောက်ခံခဲ့ရပြီးနောက် (၇)ကြိမ်တိုင်တိုင် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။ ၂၀၀၆ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် စင်ကာပူနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများတွင် ပြည်သူ့လှုပ်ရှားမှုပါတီ အနိုင်ရရှိစေရေးအတွက် မစ္စတာလီရှန်လုံးမှ ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ပါသည်။ မစ္စတာလီရှန်လုံးသည် ဝန်ကြီးချုပ်တာဝန်ကို မထမ်းဆောင်မီ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂)တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စင်ကာပူငွေကြေးအာဏာပိုင်များအဖွဲ့အစည်းတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

မစ္စတာလီရှန်လုံးသည် နိုင်ငံရေးလောကသို့ မဝင်ရောက်မီက စင်ကာပူတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။

မစ္စတာ လီရှန်လုံးသည် မစ္စ ဟိုချင်း နှင့် ၁၉၈၅ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ပြီး သား သုံးယောက်နှင့် သမီးတစ်ယောက် ရှိပါသည်။

မစ္စတာလီရှန်လုံးသည် စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ဂန္ထဝင်တေးသီချင်းများ နားထောင်ခြင်း၊ ကွန်ပျူတာအစီအစဉ်ရေးဆွဲခြင်းများအား အထူးနှစ်သက်ပါသည်။

## စင်ကာပူဝန်ကြီးချုပ်၏ဇနီး ကိုယ်ရေးအကျဉ်း



မစ္စစ် လီရှန်လုံးသည် စင်ကာပူအခြေစိုက် တီးမားဆက်အာရှရင်းနှီးမြှုပ်နှံသူများဌာနချုပ်၏ အမှုဆောင်အရာရှိချုပ် ဖြစ်ပါသည်။ သူမသည် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန၏ အင်ဂျင်နီယာဌာနတွင် ဦးစွာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် စင်ကာပူနည်းပညာအုပ်စုတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အဆိုပါအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မစ္စစ် လီရှန်လုံးသည် စင်ကာပူ တက္ကသိုလ်မှ သိပ္ပံဘွဲ့(အင်ဂျင်နီယာ) ရရှိခဲ့ပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ မဟာဘွဲ့(အင်ဂျင်နီယာ)ကို ရရှိခဲ့ပါသည်။

သူမသည် အထူးပညာရေးကဏ္ဍ (မသန်စွမ်းသူများနှင့် ဉာဏ်ရည်မပြည့်မီသူများအတွက် ပညာရေး)ကို ပံ့ပိုးပေးလျက်ရှိပြီး အခြားကဏ္ဍများတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

# (၁၇၂)နှစ်ပြည့် ကမ္ဘာ့ YMCA နေ့ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရန်ကုန်  ဇွန်  ၆**

(၁၇၂)နှစ်ပြည့် ကမ္ဘာ့ YMCA နေ့ ကျေးဇူးတော်ချီးမွမ်းမင်္ဂလာအခမ်းအနားနှင့် စေတနာ့ဝန်ထမ်းလူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မြန်မာ YMCA ခန်းမ၌ ကျင်းပရာ မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဆရာမန်းစံသိန်းထွန်း၊ သိက္ခာတော်ရ ဆရာဦးကျော်ညွှန့်နှင့် သိက္ခာတော်ရ ဆရာဦးဝင်းတင်တို့က ဓမ္မဒေသနာဆုတောင်းခြင်း၊ ကောင်းချီးပေးခြင်းမင်္ဂလာများ အသီးသီးဆောင်ရွက်ကြပြီး စေတနာ့ဝန်ထမ်းလူငယ်များက ဓမ္မသီချင်းဖြင့် ချီးကျူးကြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက YMCA အကြောင်းတင်ပြပြီး မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်နှင့် ဘဏ္ဍာထိန်း ဒေါ်ကေလုဂျာတို့က စေတနာ့ဝန်ထမ်းလူငယ်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။ YMCA စတင်ပေါ်ပေါက်လာပုံမှာ ၁၈၄၄ ခုနှစ် လန်ဒန်မြို့တွင် ဂျော့(ဂ်)ဝီလျံနှင့် သူငယ်ချင်းတို့သည် လမ်းမှားရောက်ရှိနေသော လူငယ်များအတွက် မည်သို့အကျိုးပြုရမည့်အကြောင်းရှာဖွေခဲ့ရာမှ ၁၈၄၄ ခုနှစ် ဇွန်လ ၆ ရက်တွင် YMCA (ကလျာဏယုဝ ခရစ်ယာန်အသင်း)ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဖြစ်၍ မတူညီသော လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနောက်ခံရှိ လူကြီး၊ လူငယ်၊ အမျိုးသမီးများ ပါဝင်လျက်ရှိကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# ရက် ၁၀၀ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သထုံ  ဇွန်  ၆**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရက် ၁၀၀ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျိုက်ထိုမြို့နယ်ရှိ ငှက်ပျောတော-ဇီးကုန်းတံတားနှင့် သိမ်ဇရပ်တံတား၊ ဘီးလင်းမြို့နယ်ရှိ ရွှေလှေလက်တူးတွင်း၊ ဇုတ်သုတ်(မြကြိုင်းကျေးရွာ) လက်တူးတွင်းနှင့် ဇုတ်သုတ်ရွာမလက်တူးတွင်းလုပ်ငန်းများကို ဇွန် ၅ ရက်က ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းသည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်နှင့် ရေတွင်းများကိုလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

# တောင်တရုတ်ပင်လယ်အငြင်းပွားမှုကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် အမေရိကန်တိုက်တွန်း

**ပေကျင်း ဇွန် ၆**

တောင်တရုတ်ပင်လယ်တွင်ဖြစ်ပွားနေသည့် ပိုင်နက်နယ်မြေအငြင်းပွားမှုပြဿနာကို တရုတ်နိုင်ငံအနေဖြင့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် အမေရိကန်နိုင်ငံက တိုက်တွန်းလိုက်သည်။

နှစ်ရက်ကြာကျင်းပမည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား မဟာဗျူဟာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ဇွန် ၆ ရက်တွင် ပေကျင်းမြို့၌ စတင်ကျင်းပခဲ့သည်။ နှစ်စဉ်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ထိပ်တိုက်တွေ့ဆုံနိုင်သည့် သဘောထားအမြင်များမထားရှိရန် အရေးကြီးကြောင်းနှင့် ယခုလောလောဆယ် ယင်းပြဿနာကိုဖြေရှင်းရန် ခက်ခဲနေမည်ဆိုပါက နှစ်ဖက်စလုံးက အပြုသဘောဆောင်သော အပြုအမူများဖြင့် ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

တောင်တရုတ်ပင်လယ် ပိုင်နက်နယ်မြေအငြင်းပွားမှုပြဿနာကို တစ်ဖက်သတ်အမြင်၊ တစ်ဖက်သက်အပြုအမူဖြင့် ဖြေရှင်းရမည်မဟုတ်ကြောင်း၊ နိုင်ငံတကာဥပဒေ၊ သံတမန်နည်းလမ်းများဖြင့် စေ့စပ်ညှိနှိုင်းဖြေရှင်းသွားရမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# အမေရိကန် ဓာတ်ပုံသတင်းထောက်နှင့် စကားပြန်တစ်ဦး အာဖဂန်နစ္စတန်၌သေဆုံး

**ကဘူး ဇွန် ၆**

ဝါရင့်အမေရိကန် ဓာတ်ပုံသတင်းထောက်တစ်ဦးနှင့် စကားပြန်တစ်ဦးတို့သည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အာဖဂန်တပ်ဖွဲ့များနှင့်အတူ ခရီးသွားလာနေချိန်အတွင်း ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ကြရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုမှ အင်န်ပီအာရ် သတင်းဌာနအတွက် အလုပ်လုပ်ကိုင်နေသော ဒေးဗစ်ဂီလ်ဘေးနှင့် အာဖဂန်စကားပြန် ဇာဘင်ဟူလာ တာမန်နာတို့သည် အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ် မြို့တော် လက်ရှ်ခါဂါးနှင့် မာဂျာမြို့အကြား ခရီးသွားလာစဉ်အတွင်း ၎င်းတို့လိုက်ပါလာသော မော်တော်ယာဉ်ကို တာလီဘန်အဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့သည်။ ၎င်းတို့၏ မော်တော်ယာဉ်မှာ ၈၂ မမ ရော့ကက်ဒုံးကျည်တစ်လုံး ထိမှန်ခံခဲ့ရပြီး ယာဉ်မောင်းမှာလည်း သေဆုံးခဲ့ရကြောင်း အာဖဂန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# အိန္ဒိယဝန်ကြီးချုပ်နှင့် ဆွစ်သမ္မတတို့ ငွေမည်းနှင့် အခွန်ရှောင်မှုပြဿနာ ပူးတွဲဖြေရှင်းမည်

**ဂျီနီဗာ ဇွန် ၆**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိနေသည်။ ငါးရက်ကြာ ငါးနိုင်ငံခရီးစဉ်၏ တတိယမြောက် ခရီးတစ်ထောက်နိုင်ငံအဖြစ် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေသော ဝန်ကြီးချုပ်မိုဒီသည် ဆွစ်သမ္မတ ဂျိုဟန်း ရှနေဒါ အမ်မန်းနှင့် ဇွန် ၆ ရက်က တွေ့ဆုံဆွေးနွေးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။



ဝန်ကြီးချုပ် မိုဒီသည် ကာတာနိုင်ငံ မြို့တော်ဒိုဟာမှတစ်ဆင့် ဂျီနီဗာသို့ ဇွန် ၆ ရက် နံနက်အစောပိုင်းတွင် ရောက်ရှိခဲ့သည်။

ဝန်ကြီးချုပ် မိုဒီသည် ဆွစ်သမ္မတနှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ဆက်ဆံရေး မြှင့်တင်နိုင်ရန်လည်းကောင်း၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်လည်းကောင်း ဆွေးနွေးခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် အိန္ဒိယ၏ အရေးပါသော ဥရောပမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဆွစ်ဇာလန်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေး မြှင့်တင်နိုင်ရန် ဆွစ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရန်လည်း စီစဉ်ထားသည်။

အဖွဲ့ဝင် ၄၈ နိုင်ငံပါဝင်သော နျူကလီးယားဆိုင်ရာ ပစ္စည်းများ ထောက်ပံ့ရေးအုပ်စုတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အိန္ဒိယပါဝင်လာနိုင်စေရေးအတွက် ဆွစ်ဇာလန်နိုင်ငံထံမှ ထောက်ခံမှုရရှိရန် ဝန်ကြီးချုပ် မိုဒီက ကြိုးပမ်းဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနှင့် ဆွစ်ဇာလန်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်ရမည့် အရေးကြီးသော ပြဿနာတစ်ရပ်မှာ ငွေမည်းနှင့် အခွန်ရှောင်မှု ပြဿနာဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ဆွစ်သမ္မတနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ပီတီအိုင်။**

# အိန္ဒိယတွင် မျောက်တစ်ကောင်က ရတနာဆိုင်မှ ငွေများခိုးယူ

**နယူးဒေလီ ဇွန် ၆**

လိမ္မာပါးနပ်လှသော မျောက်တစ်ကောင်သည် အိန္ဒိယနိုင်ငံရှိ လက်ဝတ်ရတနာဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ပြီး သစ်သီးများကိုလျစ်လျူရှုကာ အန်ဆွဲအတွင်းမှငွေများကို ခိုးယူသွားခဲ့သည်။ လွန်ခဲ့သည့်လက ဖြစ်ပွားခဲ့သည့် ယင်းဖောက်ထွင်းမှုကို အဆိုပါဆိုင်အတွင်းတပ်ဆင်ထားသည့် လျှို့ဝှက်ဗီဒီယိုကင်မရာက ရိုက်ယူထားနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းဗီဒီယိုဖိုင်တွင် မျောက်တစ်ကောင်သည် အန်ဒရာပရာဒက်ရှ်ပြည်နယ်တောင်ပိုင်းရှိ ရတနာဆိုင်အတွင်းသို့ တံခါးဖွင့်ဝင်ရောက်ခဲ့ကြောင်း ပြသနေသည်။ မျောက်များသည် အိန္ဒိယနိုင်ငံတွင် အလေးအမြတ်ထားခံရသည့် သတ္တဝါများဖြစ်သည်။ ရတနာဆိုင်မှ စာရေးတစ်ဦးက မျောက်ကို ဆိုင်အတွင်းတစ်ကောင်တည်း မိနစ် ၂၀ ခန့် ထားခဲ့သည်။

နောက်ဆုံးတွင် မျောက်က အန်ဆွဲကိုဆွဲဖွင့်ပြီး ငွေအချို့ကိုပါးစပ်ထဲထည့်ယူသွားခဲ့သည်။ စာရေးက မျောက်ကို ငှက်ပျောသီးပေးပြီး အာရုံပြောင်းသွားစေရန် ကြိုးစားခဲ့သည်။ သို့သော် မျောက်က ငှက်ပျောသီးကို စိတ်ဝင်စားမှုမရှိကြောင်း ဆိုင်ရှင်က ပြောကြားသည်။ ထို့နောက်မျောက်သည် ဒေါ်လာ ၁၅၀ တန်ဖိုးရှိ ငွေများနှင့်အတူ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဗီဒီယိုဖိုင်ကို အွန်လိုင်းတွင်ကြည့်ရှုရသူများက မျောက်သည် ဖောက်ထွင်းခိုးယူမှုများပြုလုပ်ရန် သေချာလေ့ကျင့်ပေးထားခြင်းဖြစ်နိုင်ကြောင်း ပြောကြားကြသည်။ အိန္ဒိယတွင် ယခုကဲ့သို့ မျောက်က ရတနာဆိုင်မှ ငွေများခိုးယူမှုမှာ ဒုတိယအကြိမ်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ယူရိုဘောလုံးပွဲ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်သူကို ယူကရိန်း ဖမ်းဆီးနိုင်

ကီယက် ဇွန် ၆

ပြင်သစ်နိုင်ငံ၌ ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ ကျင်းပချိန်အတွင်း အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်လျက်ရှိသူ ပြင်သစ်နိုင်ငံသားတစ်ဦးကို ပိုလန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် မေလနှောင်းပိုင်းက ယူကရိန်း ထောက်လှမ်းရေး အေဂျင်စီက ထိန်းသိမ်းနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ပြင်သစ်နိုင်ငံသားမှာ အသက် (၂၅)နှစ်အရွယ်ရှိပြီး ၎င်း၏ မော်တော်ယာဉ်အတွင်းမှ ရော့ကက်လောင်ချာများနှင့် အေကေ-၄၇ ရိုင်ဖယ်သေနတ်များ အပါအဝင် လက်နက်များနှင့် ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ၎င်းအား ဖမ်းဆီးနိုင်ခဲ့သည်။ ပြင်သစ်နိုင်ငံသား၏ အမည်ကိုမူ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အဆိုပါ ပြင်သစ်နိုင်ငံသားသည် လက်နက်များနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ယူကရိန်းရှိ လက်နက်ကိုင်အုပ်စုများနှင့် ဆက်သွယ်လုပ်ဆောင်ခဲ့ကြောင်း ယူကရိန်းထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲ ဗက်စီလီ ဂရစ်ဆက်က ပြောကြားသည်။

ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ ကျင်းပချိန်အတွင်း ရဟူဒီနှင့် မွတ်စလင်တို့၏ ဝတ်ပြုပွဲပြုလုပ်ရာ နေရာများနှင့် အဆောက်အအုံများအပါအဝင် ပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက်ရန် အဆိုပါပြင်သစ်နိုင်ငံသားက ကြံစည်လျက်ရှိကြောင်း ယူကရိန်းတာဝန်ရှိသူက ပြောကြားသည်။

ယူကရိန်း ထောက်လှမ်းရေးအေဂျင်စီသည် အဆိုပါ ပြင်သစ်နိုင်ငံသားကို ဒီဇင်ဘာလမှစ၍ ထောက်လှမ်းစောင့်ကြည့်ခဲ့ကြောင်း၊ ၎င်းကို ယူကရိန်းနှင့် ပိုလန်နိုင်ငံအကြား ယာဉ်ဟိုဒင်နယ်ခြားဖြတ်ကျော်ရေးစခန်းတွင် လွန်ခဲ့သည့်လက ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

**ရိုက်တာ။**

■



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံဝင်ရောက်ရေး လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ၏ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းနှင့် ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံတို့က ထောက်ခံဆွေးနွေးကြသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မိမိတို့အနေဖြင့် သဘောတူစာချုပ်တွင် ပါဝင်ခြင်းဖြင့် အာဆီယံအဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များနှင့် ဂျကာတာမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ထိုးခြင်းဖြင့် အာဆီယံအဖွဲ့၌ တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် ဖော်ညွှန်းနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှခန့်အပ်သည့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ တာဝန်ထမ်းဆောင်ရာ၌ အထောက်အကူပြုမည်ဖြစ်ပြီး ကိုယ်ကျိုးအသုံးပြုမှုများရှိပါက ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ကိုလည်း စာချုပ်၌ ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးထားသော်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြုစာချွန်လွှာ ပေးပို့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်ကမှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရာတွင် လွှတ်တော်သည် အခြေခံအုတ်မြစ်ဖြစ်

**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ် လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၏ ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။



ယခုပြုလုပ်သည့် အစီအစဉ်တွင် နိုင်ငံအသီးသီး၏ လွှတ်တော်များမှ ကော်မတီဆိုင်ရာလုပ်ငန်းများကို Video Clip များဖြင့် လေ့လာခြင်း၊ နိုင်ငံအသီးသီးမှ လွှတ်တော်ကော်မတီဆိုင်ရာကျွမ်းကျင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို ကြားသိခြင်းတို့အပြင် ကော်မတီများ၏ တာဝန်များကို ထိရောက်ပီပြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ပြည့်စုံစွာ လေ့လာသိရှိကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်နာယက က ပြည်သူ့ကိုယ်စားလှယ်များသည် အရည်အသွေး၊ အရည်အချင်းပြည့်ဝရန်လိုကြောင်း၊ လွှတ်တော်အသီးသီးမှ ကော်မတီများသည် “ပြည်သူ့ဆန္ဒ ပြည်သူ့အသံ”ကို ဖော်ထုတ်ရာ “ပြည်သူ့ဗဟိုပြုဌာန၊ ပြည်သူကိုယ်စားပြုဌာနများဖြစ်ကြောင်း၊ အုပ်ချုပ်မှုကဏ္ဍ၏ လုပ်ဆောင်ချက်များအား ထိန်းကျောင်းစောင့်ကြည့်ရန်”ဆိုသော လွှတ်တော်၏ အဓိကတာဝန်ကို ထမ်းဆောင်ရာတွင် လွှတ်တော်ကော်မတီများသည် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ကော်မတီများသည် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီနှင့် လူမှုအဖွဲ့အစည်းများ၏ အမျိုးမျိုးသောအမြင်များအား ထုတ်ဖော်ပြောကြားနိုင်သော လူထုဖိုရမ်များဖြစ်ကြောင်း၊ လွှတ်တော်တစ်ရပ်ကဲ့သို့ပင် အရေးပါသော လွှတ်တော်ကော်မတီများသည် စွမ်းဆောင်ရည်ပြည့်ဝနေရန်နှင့် အားကောင်းနေရန် လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအား မှာကြားသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကလည်း ယခုအကြိမ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Induction Program သည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များကို နိုင်ငံတကာပါလီမန်များ၏ အတွေ့အကြုံဗဟုသုတရရှိစေရန်၊ စွမ်းရည်ပြည့်ဝသော ကော်မတီများဖြစ်လာစေရန်၊ ကော်မတီများ၏အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုသိရှိစေရန် ရည်ရွယ်ကြောင်း၊ ရရှိလာသော နိုင်ငံတကာပါလီမန်များ၏ လုပ်ငန်းအတွေ့အကြုံအပေါ် မူတည်ပြီး မိမိတို့၏ လွှတ်တော်လုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းသွက်လက်ထက်မြက်လာရန်နှင့် လုပ်ဆောင်ရမည့် ရည်မှန်းချက်ပန်းတိုင်ကို ရှင်းလင်းစွာသိမြင်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရာတွင် လွှတ်တော်သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လွှတ်တော်များ အားကောင်းမှ ဒီမိုကရေစီခိုင်မာတောင့်တင်းလာမည်ဖြစ်ကြောင်း၊ လွှတ်တော်များအားကောင်းရန်အတွက် ကော်မတီများက လုပ်ငန်းကျွမ်းကျင်စွာ ကူညီပံ့ပိုးနိုင်ရန်လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နိုင်ငံတကာပါလီမန်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတကာပါလီမန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြပြီး ကော်မတီများအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ထိရောက်စွာပါဝင်ဆောင်ရွက်ရေး၊ ဥပဒေပြုရေး၊ ထိန်းကျောင်းစောင့်ကြည့်ရေးနှင့် ကိုယ်စားပြုရေးတာဝန်များ ပိုမိုအားကောင်းလာရေး၊ ပြည်သူလူထုအား ကိုယ်စားပြုခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ခံမှုအား စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ကော်မတီများ၏ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်သုံးမှု၊ လုပ်ထုံးလုပ်နည်းပိုင်းနှင့် သုတေသနပြုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ် ပထမအကြိမ်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပြုလုပ်ခဲ့ပြီး ယခုပြုလုပ်သည့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်သည် ဒုတိယအကြိမ်ဖြစ်ကာ နိုင်ငံ(၁၂) နိုင်ငံမှ နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီ ကျွမ်းကျင်သူများ တက်ရောက်ပို့ချမည်ဖြစ်သည်။

လွှတ်တော်ကော်မတီများ၏ ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်ကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်တွင် ကော်မတီများ၏ ထိန်းညှိခြင်းလုပ်ငန်းတာဝန်များ ပိုမိုနားလည်မှုရှိစေရန်၊ အလုံးစုံပါဝင်နိုင်သော ဒီမိုကရေစီစနစ်အတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့် သတ်မှတ်ချက်များအား သတိပြုနားလည်စေရန်နှင့် လွှတ်တော်ကော်မတီများ၏ လုပ်ဆောင်ချက်များ၊ ဥပဒေများနှင့် ကျင့်သုံးမှုများကို နားလည်စေရန် ရည်ရွယ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လားရှိုးနှင့် တောင်ကြီးတွင် အော်တိုတယ်လီဖုန်းနံပါတ်များ ပြောင်းလဲမည်

**လားရှိုး ဇွန် ၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့်ခေတ်မီဝန်ဆောင်မှုများပေးနိုင်ရန် ရှမ်းပြည်နယ် လားရှိုးအိတ်ချိန်းနယ်မြေအတွင်းနှင့် တောင်ကြီးအိတ်ချိန်းနယ်မြေအတွင်းတွင် ခေတ်မီအိတ်ချိန်းစက်များဖြင့် ပြောင်းလဲမည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးအိတ်ချိန်းဧရိယာ၌ လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် ၀၈၂-၂၂×××၊ ၀၈၂-၂၃×××၊ ၀၈၂-၂၄×××အစား ၀၈၂-၂၂၀၂×××၊ ၀၈၂-၂၂၀၃×××၊ ၀၈၂-၂၂၀၄××× ဖုန်းနံပါတ်အသစ်အဖြစ်သို့ ဇွန် ၁၀ ရက်တွင် စတင်ပြောင်းလဲမည်ဖြစ်ကာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးအိတ်ချိန်းဧရိယာတွင် လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် ၀၈၁-၂၀××× အစား ဖုန်းနံပါတ်အသစ် ၀၈၁-၂၁၃××× သို့ ဇွန် ၁၇ ရက်တွင် ပြောင်းလဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် MPT ၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှု အဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ယခုနှစ် ဒီဇင်ဘာလကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံ၏အကြီးမားဆုံး 3G ကွန်ရက်ကိုပိုင်ဆိုင်ထားပြီး ဖုန်းအသုံးပြုသူပေါင်းသန်း ၂၀ ကျော်ရှိသည့် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်းအနေဖြင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် KDDI နှင့် Sumitomo တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အကြီးမားဆုံးသောရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**(ရဲဝင်း)**

# အာခီတက်တို့ရဲ့ စင်မြင့်

**ညွှန့်ဝင်းလေး**

သကြ်ုန်အခါ မတိုင်မီမှာ . . .
ဒါရိုက်တာကြည်ဖြူသျှင် ပျော်ခဲ့တယ်။ "ပန်းရဲ့လမ်း" အဖွဲ့ပျော်ခဲ့တယ်။ တေးသံရှင် "သျှီ" ပျော်ခဲ့တယ်။ "အနဂ္ဂ" ပျော်ခဲ့တယ်။ ကျွန်တော်တို့လည်း ပျော်တာပေါ့ဗျာ။

နည်းနည်းငယ်တဲ့ ဂျူနီယာတွေ၊ သက်တူရွယ်တူတွေ၊ နည်းနည်းကြီးတဲ့ စီနီယာတွေ တာဝန်အပ်နှင်းခံကြရလို့ ထပ်ပျော်ကြပါတယ်။ ကျွန်တော်တို့မှာ တစ်ခါပျော်ရပါသေးတယ်။ သူငယ်ချင်း (ဒေါ်)နီလာကျော် ရန်ကုန်တိုင်းမှာ ဝန်ကြီး ခန့်အပ်ခံရလို့ အဲဒီရက်တွေမှာ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သူဟာ ကြယ်ပွင့်ပေါ့။ သူ့ကို ဂုဏ်ပြုကြ၊ ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်ကြတာ။ သူဟာ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၈၁) အာခီတက်ချာဘွဲ့ရပါ။ အကြီးတန်းလိုင်စင်ရ ဗိသုကာပညာရှင်လို့ ရေးသားဖော်ပြပါတယ်။ ဂုဏ်ယူပါတယ် သူငယ်ချင်း။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တာဝန်ပေးအပ်တဲ့အထဲမှာ အင်ဂျင်နီယာ ၄၀ ခန့် ပါဝင်မယ်ထင်ပါတယ်။ အာခီတက်က ရှားရှားပါးပါး ဒေါ်နီလာကျော်တစ်ယောက်ထဲပါ။

တကယ်တော့ အခုလို တည်ဆောက်ရေးကာလမှာ အာခီတက် (architect) တော်တော်များများ ပါဝင်သင့်တယ်လို့ ယူဆပါတယ်။ တကယ် တူတူတန်တန်ဖြစ်ဖို့ရာ ပြည်တွင်းပြည်ပ "အာခီတက်"တွေ ပူးပေါင်းပါဝင်ဖို့လိုမယ် ထင်ပါတယ်။ ဥပမာ- မြေခင်းစီမံမှု ဗိသုကာပညာ (Landscape Architecture) ကို အထူးပြုထားတဲ့အာခီတက် ပြည်တွင်းမှာ မရှိဘူးလို့ ယူဆပါတယ်။ အရင်ရှိခဲ့ဖူးတဲ့ ကျွန်တော်တို့ရဲ့ဆရာ ဒေါက်တာကောင်းညွှန့်က နယူးဇီလန်နိုင်ငံမှာ ကွယ်လွန်သွားခဲ့ပါပြီ။ ဒို့ကျေးရွာသာယာဖို့ ရည်ရွယ်ခြင်းပါ။ အခြား စိတ်ကူးမရှိပါ။ တစ်ခါက ဖြစ်ပါတယ်။ ဆရာမကြီး လူထုဒေါ်အမာရဲ့ နာမည်ကျော် "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ကို ဖတ်မိပါတယ်။ ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ဆိုင်း၊ ဂီတဆရာတွေရဲ့ ရုပ်ပုံလွှာကို ရေးဖွဲ့ထားတာပါ။

စိတ်ကူးရပြီး ပြည်သူမသိသော အာခီတက်များ စာတစ်ပုဒ်ကို နွယ်နီမဂ္ဂဇင်း(ဇူလိုင်၊ ၁၉၉၉)မှာ ရေးဖြစ်ပါတယ်။ တကယ်လည်း ဇာတ်ဆရာကြီး ဂရိတ်ဦးဖိုးစိန်ကို လူတိုင်းသိပြီး အာခီတက်ဆရာကြီး ဂရိတ်ဦးသာထွန်းကို လူသိနည်းပါတယ်။ ပြည်တွင်းမှာ လူသိများသော အာခီတက်များ (well-known architects) လို့ ရေးသားရင် ဆရာကြီးဦးသာထွန်းကပဲ ပြည်တည်ရမယ်ထင်ပါတယ်။ နောက်ပြီး စည်သူဦးတင်၊ ဦးကျော်မင်း၊ ဦးဝင်းထိန် စသဖြင့်။ နောက်ပြီး ပါမောက္ခ ဦးမျိုးမြင့်စိန်၊ ဦးမြင့်သိန်း၊ ဦးတင်ထွန်းခင်၊ နောက်ပြီး ဦးကြူးကျော်၊ ဦးဘိုကြီး၊ ဦးတင်ထူး၊ ဦးအောင်ကြီးမြင့်၊ ဒေါက်တာလွင်အောင်၊ ဦးခင်မောင်ရင်၊ ဦးရွှေ၊ ဒေါက်တာကျော်လတ်၊ နောက်ပြီး ဦးပါစီမျိုးမြင့်၊ ဦးဝင်းသိဏ်း၊ ဦးအောင်မြင့်၊ ဦးသိန်းဇော်၊ ဦးကြည်တွဲ၊ ဦးသန်းတင်အောင်၊ ဦးဆန်းဦး၊ ဦးသော် စသည်။

ကျွန်တော်တို့ရှေ့က စီနီယာအာခီတက်ကြီးတွေပဲ ဖြစ်ပါတယ်။ နောက်ပြီး ကိုမြင့်ဟန်၊ ကိုစိုင်းလီစတဲ့ ကျွန်တော်နဲ့ ခေတ်ပြိုင်၊ နောက်မှာ ကိုမော်လင်း၊ မိုးမိုးလွင်၊ ကိုညွှန့်ဝင်း၊ ယုဝတီ၊ ကိုဇော်မိုးရွှေ၊ ကိုစည်သူမြင့်ဆွေ၊ ကိုထင်ကျော်မြင့် စသည်။ ဆရာကြီး ဦးသာထွန်းမှစတင်ခဲ့သော အာခီတက်များ ၁၅၀၀ ခန့်ရှိပါတယ်။ ဆရာကြီး ဦးသာထွန်းက အင်္ဂလန် train ပါ။ ဦးကျော်မင်း၊ ဦးဝင်းထိန်၊ ဦးမျိုးမြင့်စိန်၊ ကိုဇော်မိုးရွှေတို့က အမေရိကန် train ပါ။ ဆရာရွှေက ဂျပန် train၊ ဆရာဒေါက်တာလွင်အောင် ရုရှားနဲ့ ဒေါက်တာကျော်လတ်ဂျာမနီ Train တွေပါ။ ကျွန်တော်တို့ရှေ့က စီနီယာအာခီတက်ကြီးတွေက မွေးဖွားခြင်းကာလ နည်းနည်းစောနေတယ် ထင်ပါတယ်။ တိုက်တာအိုးအိမ်မဆောက်ရဲတဲ့ခေတ်မှ အာခီတက်ဖြစ်လာလို့ပါ။ မိုးကုတ်မြို့က နမူနာပါ။ မိုးကုတ်ဟာသူဌေးများတဲ့မြို့ပါ။ အရင်တစ်ခေတ်မှာ အိမ်ကြီးအိမ်ကောင်းသိပ်ပြီး မတွေ့ရပါဘူး။ တိုက်တာအိုးအိမ်ဆောက်လုပ်ခြင်းရဲ့ နောက်ကွယ်ကကိစ္စတွေကို ဖြေရှင်းရန် ဝန်လေးနေလို့ ဖြစ်ဟန်တူပါတယ်။ ချမ်းသာတဲ့သူတွေက တိုက်အိမ်မဆောက်ရဲ၊ ဆင်းရဲတဲ့သူတွေက တိုက်အိမ်မဆောက်နိုင်၊ ခေတ်ကျပ်ကြီးထဲမှာ အာခီတက်တွေ ပျံ့သန်းလာရတာပါ။

မဆလခေတ် ပြည်သူပိုင်မသိမ်းခင်က ပြည်တွင်းမှ အာခီတက်လုပ်ငန်းစု (architects firms) ကုမ္ပဏီတွေ ရှိခဲ့ပါတယ်။ A.C Martin နှင့် Clerk & Great တို့ ထင်ရှားပါတယ်။ A.C Martin ကုမ္ပဏီမှာ ဆရာဦးခင်မောင်သင့်၊ ဆရာဒေါက်တာလွင်အောင်၊ ဦးလှမြင့်တို့ အာခီတက် လုပ်ဖူးပါတယ်။ Clerk & Great မှာ ဆရာဒေါက်တာမောင်ကျော် လုပ်ဖူးပါတယ်။ ပြည်တွင်းအာခီတက်အဖွဲ့အနေဖြင့် ကျော်မင်း၊ ကျော်ရင်၊ ဖေဝင်းနဲ့ အေအိုင် (Architects Incorporated)တို့မှာ ထင်ရှားပါတယ်။ ကျော်မင်း၊ ကျော်ရင်၊ ဖေဝင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ နိုင်ငံရေးလုပ်ခဲ့တဲ့ ဆရာဦးကျော်မင်းတို့အဖွဲ့ပါ။ အေအိုင်က ဦးဘိုကြီး၊ ဦးတင်ထွန်း၊ ဦးအောင်ကြီးမြင့် တို့အဖွဲ့ပါ။ ဦးဘိုကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနက အငြိမ်းစားပါ။ ဒေါ်ခင်ကြည် အုတ်ဂူဒီဇိုင်းရေးဆွဲတည်ဆောက်တယ်ဆိုပြီး ဝန်ထမ်းဘဝမှ အငြိမ်းစားပေးခံခဲ့ရသူပါ။ ရဟန်းဘဝမှာ ပျော်မွေ့နေပါတယ်။ ပုဂံမြို့က နာမည်ကျော် သီရိပစ္စယာဟိုတယ် ဒီဇိုင်းဆွဲတဲ့ အာခီတက်ပါ။ အမေရိကားမှာ နေတာကြာပါပြီ။ ဦးအောင်ကြီးမြင့်က အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီမှာ နာယကပါ။ ဆောက်လုပ်ရေးက အငြိမ်းစားယူထားပါတယ်။ တစ်ခေတ်တစ်ခါက တီဗွီဖန်သားပြင်ပေါ်မှာ နေ့စဉ်ရက်ဆက်လို မြင်တွေ့နေရတဲ့ အာခီတက်ဆရာကြီးပါ။

ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်းကာလအကြာဆုံးနဲ့ အထင်ရှားဆုံး အာခီတက်အဖွဲ့ရှိပါတယ်။ ဗိုလ်ကြီးဦးကြူးကျော်ရဲ့ ဗိသုကာအဖွဲ့ "၂" ပါ။ အခုတိုင် ဦးကြည်တွဲ၊ ဒေါ်အေးအေးတို့ ဦးဆောင်နေဆဲပါ။ ၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ဆရာဦးလှမြင့်နဲ့ ဆရာဦးကျော်သိန်းတို့ ပွဲကိုင်တဲ့ 'ဗိသုကာ ကုန်ထုတ်သမဝါယမအသင်း'ဖူးပွင့်လာပါတယ်။ အဖွဲ့က ယခုတိုင် ရှိပါသေးတယ်။ နောက်ပိုင်း (၁၉၈၄ မန္တလေးမီးလောင်ပြီး) မန္တလေးမှာ ကိုမြင့်ဟန်၊ ကိုစိုင်းယီတို့အဖွဲ့ အလွန်အောင်မြင်ခဲ့ပါတယ်။ ရန်ကုန်မှာ ဆရာဦးဝင်းထိန် ခေါင်းဆောင်သော (B.E.C.S)၊ ဦးမောင်မောင်မြင့် ဦးဆောင်သော Scale အဖွဲ့ထင်ရှားပါတယ်။ ဒီဘက်ခေတ်မှာတော့ 'အာခီတက်အဖွဲ့'တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝေဆာလာပါတယ်။ ၁၉၅၈-၁၉၈၈နှစ်များအကြား 'အာခီတက်' တို့အတွက် အလုပ်အကိုင်အခွင့်အလမ်း အလွန်ပဲရှားပါးပါတယ်။ ဦးခင်မောင်သင့်၊ ဦးတင်ထွန်း၊ ဦးငွေးငွေစသဖြင့် အာခီတက်ကြီးတွေ၊ ကိုကျော်မင်း၊ ကိုဝင့်ခင်ဇော်၊ ကိုမြင့်ဆွေ၊ မခင်မြင့်စတဲ့ အာခီတက်လူလတ်တွေ (ယခုလူကြီး ဖြစ်နေပါပြီ။)

ရေကြည်မြက်နုရာ နယ်သစ်ပယ်သစ် ရှာဖွေကြပါတယ်။ 'အာခီတက်' တော်တော်များများကတော့ စည်ပင်အိုးအိမ်ဆောက်လုပ်ရေး၊ စက်မှု၊ တက္ကသိုလ်ဆရာ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ ဝင်ရောက်လုပ်ကိုင်ရပါတယ်။ ဗိသုကာသမဝါယမကတော့ အာခီတက်အချို့အတွက် ယာယီတည်းခိုဆောင် ဖြစ်ရပါတယ်။ တစ်နှစ်တစ်ခါ ကျိုက္ကဆံကွင်း ပြည်ထောင်စုပြပွဲမှာ ပြခန်းဒီဇိုင်း၊ ပြကွက်ဒီဇိုင်း၊ ပုံစံငယ်လေးတွေ လုပ်ကြရင်း ရပ်တည်လာရပါတယ်။

အာခီတက်အချို့ကတော့ မိဘအမွေအနှစ် အရင်းအနှီးတွေနဲ့ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊ စားသောက်ဆိုင်တွေ ဖွင့်ကြတယ်။ စိန်ရွှေရတနာဆိုင်တွေ ဖွင့်ကြတယ်။ ကြက်သွန်ဖြူရောင်းနေတဲ့ အာခီတက်ဘွဲ့ရလည်း ရှိလေရဲ့။ သူငယ်ချင်း အမျိုးသမီးတစ်ယောက်ကတော့ မူလတန်းကျောင်းအုပ်ဆရာမကြီးလိုလို။ ပုလဲမဂ္ဂဇင်း(မေ-ဇွန်လ ၁၉၉၉)မှာထင်ပါရဲ့ 'ဗိသုကာငှက်တို့ ပျံ့သန်းခြင်း' ဆိုပြီး စကားပြေတစ်ပုဒ်ရေးဖွဲ့ခဲ့ပါသေးတယ်။ အာခီတက်ဘွဲ့ရပြီး ဗိသုကာလုပ်ငန်းမဟုတ်သော အခြားစီးပွားရေးဖြင့် ဘဝကို ပျံ့သန်းနေကြပုံလေးတွေပါ။

'အာခီတက်'တွေရဲ့ဘဝဟာ တင်ဆက်စရာစင်မြင့် အလွန်ပဲ ရှားပါးခဲ့ပါတယ်။ သစ်ရွက်တွေက ဝေလိုက်၊ ကြွေလိုက်နဲ့။ ပန်းကလေးတွေလည်းဝေလိုက်၊ ကြွေလိုက်နဲ့။ ၁၉၉၀ နောက်ပိုင်းမှာ တည်ဆောက်ရေးတွေ တော်တော်များများ လုပ်လာတော့ 'အာခီတက်'တွေလည်း နည်းနည်းအူစိုလာတာပေါ့။ ရိုးရိုးပြောရရင် ဆင်းရဲတဲ့တိုင်းပြည်မှာ ဗိသုကာရောင်စုံပန်းများ ဝေဆာခွင့်ရမှာမဟုတ်ပါဘူး။

ခေတ်တွေပြောင်းလဲလာပါပြီ။ လူမသိ၊ သူမသိခဲ့တဲ့ ဗိသုကာသက်မွေးမှုပညာရပ်ဟာ ရန်ကုန်နည်းပညာတက္ကသိုလ်ရဲ့ အမှတ်အမြင့်ဆုံး၊ ရေပန်းအစားဆုံး ပညာရပ်အဖြစ် ယခု လူအများလက်ခံလာကြပါပြီ။ ဆောက်လုပ်ရေးကုမ္ပဏီကြီးတွေဟာ ကျမ်းပြုနေတဲ့ နောက်ဆုံးနှစ် အာခီတက်ကျောင်းသားတွေရဲ့ အရည်အသွေးကို အကဲခတ်နေပါပြီ။ ထူးချွန်ထက်မြက်တဲ့ အာခီတက်ပွင့်သစ်စလေးတွေဟာ စာမေးပွဲဖြေပြီးတာနဲ့ (အောင်စာရင်းတရားဝင်မထုတ်ပြန်သေးခင်) အလုပ်လက်ခံဖို့အတွက် လက်ကမ်းကြိုဆိုခံနေရပါပြီ။ တည်ဆောက်ရေးကာလနဲ့ ကွက်တိအဆင်ချောမွေ့နေတဲ့သဘောပါ။ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ အာခီတက်အရေအတွက် များများပျိုးထောင်ပေးနေသလို အရည်အသွေးလည်း မြင့်မြင့်မားမားဖြစ်ဖို့ လိုမယ်ထင်ပါတယ်။ ဗိသုကာဌာနရဲ့ဆရာတွေ အဆင့်အတန်းဟာလည်း ပြည်တွင်းလေ့ကျင့်ပျိုးထောင်မှု (Local Train) သာမက အင်္ဂလန် train၊ အမေရိကန် train၊ ဂျပန် train စသည်ဖြင့် လေ့ကျင့်ပျိုးထောင်မှုလည်း လိုအပ်မယ်ထင်ပါတယ်။

'အာခီတက်'တွေ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံရေးနယ်ပယ်၊ အရာထမ်း၊ အမှုထမ်းနယ်ပယ်၊ ပန်းချီနယ်ပယ်၊ စာရေးဆရာနယ်ပယ် နယ်ပယ်အသီးသီးကို ခြယ်မှုန်းတင်ဆက်ချင်ပါသေးတယ်။ နိုင်ငံရေးနယ်ပယ်ကို အစောဆုံးရောက်တာ ဦးကျော်မင်းပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်အမှုဆောင်ထဲမှာ ပါဝင်ပါတယ်။ ၁၉၉၀ ရွေးချယ်ခံအမတ်ပါ။ ထောင်နှစ်ရှည်ကျခံရတယ်။ အသည်းရောဂါနဲ့ ကွယ်လွန်ပါတယ်။ ပြီးတော့ ကိုနေဇင်လတ်(ဒေါက်တာနေဇင်လတ်)ပါ။ ပြီးခဲ့တဲ့ အစိုးရ၊ သမ္မတရဲ့နိုင်ငံရေး အကြံပေးအဖွဲ့ဝင်ပါ။ အာခီတက်ဘွဲ့ရပြီး စစ်အင်ဂျင်နီယာတပ်ထဲဝင်သွားပါတယ်။ ဗိုလ်ကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။

အငြိမ်းစားယူပြီး စီးပွားရေးလုပ်ပါတယ်။ စီမံခန့်ခွဲမှု ပါရဂူဘွဲ့ကို ထပ်မံလေ့လာသင်ယူခဲ့ပါတယ်။ စီမံခန့်ခွဲမှုသင်တန်းကျောင်း ထူထောင်ထားပါတယ်။ ပါတီထောင်ပြီး ရွေးကောက်ပွဲကို ပါတီဝင်များ ယှဉ်ပြိုင်စေပါတယ်။ နိုင်ငံရေး၊ စီမံရေး၊ စီမံခန့်ခွဲမှု၊ ဘဝဖြတ်သန်းမှု စာပေများ ရေးသားပါတယ်။ နောက်တစ်ယောက်က ကိုမျိုးရန်နောင်သိမ်းပါ။ ကျွန်တော်တို့ထက် တော်တော်လေးငယ်ရွယ်ပါတယ်။ အာခီတက်ကျောင်းသားထဲက နိုင်ငံရေးလှုပ်ရှားမှုတွေပါဝင်ခဲ့ပြီး နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထူထောင်ထားတဲ့ ဗေဒါအင်စတီကျူမှာ ဒါရိုက်တာတစ်ယောက်ပါ။ နိုင်ငံရေးသမားပါ။ အာခီတက်တို့နဲ့ အရာထမ်း၊ အမှုထမ်းနယ်ပယ်။မဆလတစ်ခေတ်လုံးကြီး၊ အာခီတက်တွေမှာ ကန်စရာကွင်းဆိုလို့ ဗိသုကာသမမှာ လုပ်ရင်လုပ်၊ မဟုတ်ရင် ဌာနဆိုင်ရာတစ်ခုမှာ အရာထမ်း၊ အမှုထမ်းပဲ လုပ်ရတာပါပဲ။ ရွေးချယ်စရာလမ်း မရှိပါဘူး။ ဒီလိုနဲ့အာခီတက်တော်တော်များများ ဝန်ထမ်းဘဝရောက်သွားပါတယ်။ မငိုချင်လဲငို၊မဆိုချင်ဆိုရတဲ့ သဘင်သည်ဘဝမျိုးဖြစ်ပါတယ်။ အာခီတက်ဟာ အပေါ်လွှာက ညွှန်ကြားစေခိုင်းတဲ့အတိုင်း ပုံစံရေးဆွဲပေးရတဲ့သူပါ။ အချို့ကိစ္စတွေမှာ ကြီးကြပ်ဆောက်လုပ်တယ် ဆိုတဲ့အထိ မပါဝင်ပါဘူး။

ဌာနဆိုင်ရာများတွင် အမြင့်ဆုံးအဆင့်အရာထမ်းများအဖြစ် YTU မှာ ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်၊ ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာချုပ် (ဗိသုကာ)။ အိုးအိမ်မှာ ဒု-ညွှန်ကြားရေးမှူးချုပ်။ ရန်ကုန်စည်ပင်မှာ ကော်မတီဝင်၊ ဒါက အရင်က အမြင့်ဆုံးတာဝန်ပေးခံရခြင်းပါ။ ဒါပေမယ့် အခု ရန်ကုန်မြို့တော်စည်ပင်မှာ အာခီတက်တချို့ ရှိပါတယ်။ ဒု-ဌာနမှူးရာထူးတောင်မရရှာပါဘူး။ လက်ထောက်ဌာနမှူးရာထူးက အမြင့်ဆုံးပါ။ ယခု နည်းပညာတက္ကသိုလ်မှာလည်း အာခီတက်ဟာ ဗိသုကာဌာန ဌာနမှူး၊ ပါမောက္ခ အမြင့်ဆုံးပါ။ တစ်ခါက ဦးတင်ထွန်းခင် ကော်မတီဝင်ဖြစ်ခဲ့တာလည်း 'အာခီတက်' ဘွဲ့ရလို့ ဟုတ်ဟန်မတူပါဘူး။ ဒု-ဗိုလ်မှူးကြီး အဆင့်ကြောင့်ပါ။ ရန်ကုန်စည်ပင်မှာ ဒု-ဌာနမှူး၊ ဌာနမှူးတွေကို ဗိုလ်ကြီး၊ ဗိုလ်မှူးပေးလေ့ရှိပါတယ်။ တွဲဖက်အတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ဒု-မြို့တော်ဝန်ရာထူးတွေကိုတော့ ဗိုလ်မှူးကြီးတွေ ပေးလေ့ရှိပါတယ်။

ပန်းချီနယ်ပယ်ကို သွားကြည့်ရအောင်ပါ။ မြန်မာနိုင်ငံ၌ ပထမဆုံးပန်းချီဆရာအသင်းကို Burma Art Club လို့ခေါ်ပါတယ်။ ဥက္ကဋ္ဌက အာခီတက် ဆရာကြီး ဦးသာထွန်းပါ။ ဆရာကြီး ဦးသာထွန်းဟာ အာခီတက်မကပါဘူး။ ပန်းချီကျော်လည်း ဖြစ်ပါတယ်။ ကမ္ဘာကျော် အာခီတက် Le Corbusier ဟာလည်း မော်ဒန်ပန်းချီဆရာပါ။ အထင်ရှားဆုံးပုဂ္ဂိုလ်ကတော့ ဆရာခင်မောင်ရင်ပါ။ ဆရာက စွယ်စုံရပါရမီရှင်၊ ပန်းချီဆရာ၊ အာခီတက်၊ ကျူရှင်ဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ။ ဆရာ ခင်မောင်ရင်ဟာ ဆရာဝင်းဖေ၊ ဆရာ ပေါ်ဦးသက်တို့နဲ့ အတူ မြန်မာ့မော်ဒန်ပန်းချီ ဒုတိယမျိုးဆက်ကိုဦးဆောင်ခဲ့တဲ့ ရှေ့ဆောင်ကြယ်တစ်ပွင့်ပါ။ ဆရာခင်မောင်ရင်ရဲ့ ပန်းချီဓာတ်ကူးပြီး နောက်မျိုးဆက် အာခီတက်တွေဖြစ်တဲ့ ကိုကြည်တွဲ၊ ဒေါ်အေးအေး၊ ကိုညွှန့်မြတ်၊ ကိုပါစီမျိုးမြင့်၊ ကိုမျိုးညွှန့်တို့လည်း မော်ဒန်ပန်းချီသမားတွေ ဖြစ်ခဲ့ပါတယ်။

စာရေးဆရာနယ်ပယ်မှာတော့ အာခီတက်ဒေါ်ချိုချိုတင်၊ စာရေးဆရာမ မစန္ဒာဟာ အလွန်ထင်ရှားပါတယ်။ နောက် လုံးချင်းဝတ္ထုတွေ ရေးသားထုတ်ဝေခဲ့တဲ့ "ဆုမိလှ့်" ပါ။ ဗိသုကာပညာရပ်ဆိုင်ရာ စာပေများအဖြစ် ၁၉၇၀ ဝန်းကျင်မှာ တက္ကသိုလ်ပညာပဒေသာစာစောင်မှာ ဗိသုကာဌာနမှ ဆရာများက စာတမ်းများ၊ ဆောင်းပါးများ ရေးသားခဲ့ပါတယ်။ နောက်ပိုင်းမှာ ဆရာဒေါက်တာလွင်အောင်၊ ဆရာ ဒေါက်တာကျော်လတ်၊ ဆရာဦးရွှေ၊ ဆရာပါစီမျိုးမြင့်၊ ညွှန့်ဝင်းလေးစသည့် ဗိသုကာပညာရပ်စာပေများ ရေးသားကြ၊ ထုတ်ဝေကြပါတယ်။ တစ်နေ့နေ့နဲ့ တရွေ့ရွေ့ပေါ့။ နှစ်သစ်ကူးခဲ့ပြန်ပါပြီ။ ခေတ်သစ်နဲ့ စာမျက်နှာသစ်လည်း ဖွင့်ခဲ့ပါပြီ။ စင်ကာပူအမျိုးသားတက္ကသိုလ်က အာရှထိပ်တန်းတွေးခေါ်ပညာရှင် ပါမောက္ခ Kishore Mahbubani က စင်ကာပူအောင်မြင်ရခြင်းအကြောင်း ခုနစ်ချက်ရှိတယ်လို့ ဆိုပါတယ်။ သုံးချက်ထုတ်နုတ်ပြချင်ပါတယ်။ (၁)သိပ္ပံနဲ့နည်းပညာ (၂) လူတော်လူကောင်းကို နေရာပေးခြင်း (၃)လက်တွေ့ကျခြင်း။

ခေတ်အဆက်ဆက်မှာ 'အာခီတက်'တွေ အဓိကဇာတ်ကောင် (Leading role) နေရာမှာ ပါဝင်တင်ဆက်ခွင့်ရပါသလား။ တည်ဆောက်ခဲ့၊ တည်ဆောက်ဆဲ၊ တည်ဆောက်လတ္တံ့သော စီမံကိန်းသေးသေးတွေ၊ ကြီးကြီးတွေက အာခီတက်တွေရဲ့ စိတ်ကူးစိတ်သန်းတွေ ဟုတ်ပါရဲ့လား။ ဖန်တီးခွင့်တွေကော လွတ်လွတ်လပ်လပ်ရခဲ့ပါသလား။ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါလိမ့်မယ်။ လူတွေရဲ့နေမှု၊ ထိုင်မှုအထွေထွေမှာ ကျေးလက်မှာ ကျေးလက်ပြဿနာရှိသလို မြို့ပြမှာ မြို့ပြပြဿနာ များစွာရှိပါတယ်။ တကယ်တော့ လက်တွေ့ကျကျ ဖြေရှင်းနိုင်ရဲ့လား လေ့လာရပါလိမ့်မယ်။ Port Authority-ဆိပ်ကမ်းအာဏာပိုင်၊ Education Authority-ပညာရေးအာဏာပိုင်၊ Health Authority- ကျန်းမာရေး အာဏာပိုင်ရှိပါတယ်။

Architecture Authority အာခီတက်ချာ အာဏာပိုင်အဖွဲ့အစည်းတစ်ခု (Architect များ စုဖွဲ့၍) မရနိုင်ပေဘူးလား။ ကျွန်တော် စဉ်းစားမိတာပြောပြခြင်းပါ။ တင်ပြဆွေးနွေးခြင်းပါ။ လက်တွေ့မှာ ပညာရှင်ဟာ အကြံပေးရုံသက်သက်နဲ့ လုံလောက်မယ်မထင်ပါဘူး။ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ပညာရှင်မှာ (အတိုင်းအတာတစ်ခုအထိ) လုပ်ပိုင်ခွင့်ရှိဖို့ လိုအပ်မယ်ထင်ပါတယ်။ နမူနာအဖြစ် ရန်ကုန်တရုတ်တန်းကို တင်ပြလိုပါတယ်။ တရုတ်တန်းဟာ နိုင်ငံတော်တော်များမှာ ရှိပါတယ်။ နိုင်ငံခြားသားအများစုကို စွဲဆောင်နိုင်တဲ့ နေရာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားသားများ လက်ခံနိုင်တဲ့ အခင်းအကျင်း၊ အစားအသောက်၊ ယာဉ်၊ လူ အသွားအလာဖြစ်ရပါမယ်။ အာခီတက်တွေမှာ စိတ်ကူးရှိပါတယ်။ အကြံဉာဏ်ရှိပါတယ်။ ဒါနဲ့ မပြီးမြောက်နိုင်ပါ။ လက်တွေ့ကျကျ လုပ်ကိုင်နိုင်ဖို့ လိုပါတယ်။

အိမ်ဆိုတာ အမိုးရယ်၊ အကာရယ်၊ အခင်းရယ်ရှိတဲ့ ခိုနားစရာ အသိုက်အမြုံလေးတစ်ခုပါ။ အိမ်ကလေးရဲ့ ဖန်တီးရှင်ဟာ တင်းနစ်မယ်လည်း မဖြစ်နိုင်ပါဘူး။ ဘောလုံးကန်ကောင်းတဲ့လူလည်း မဟုတ်နိုင်ပါဘူး။ ။

ခေတ်အဆက်ဆက်မှာ "အာခီတက်"တွေ အဓိကဇာတ်ကောင် (Leading role) နေရာမှာ ပါဝင်တင်ဆက်ခွင့်ရပါသလား။ တည်ဆောက်ခဲ့၊ တည်ဆောက်ဆဲ၊ တည်ဆောက်လတ္တံ့သော စီမံကိန်းသေးသေးတွေ၊ ကြီးကြီးတွေက အာခီတက်တွေရဲ့ စိတ်ကူးစိတ်သန်းတွေ ဟုတ်ပါရဲ့လား။ ဖန်တီးခွင့်တွေကော လွတ်လွတ်လပ်လပ်ရခဲ့ပါသလား။ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါလိမ့်မယ်။ လူတွေရဲ့နေမှု၊ ထိုင်မှုအထွေထွေမှာ ကျေးလက်မှာ ကျေးလက်ပြဿနာ ရှိသလို မြို့ပြမှာ မြို့ပြပြဿနာ များစွာရှိပါတယ်။ တကယ်တော့ လက်တွေ့ကျကျ ဖြေရှင်းနိုင်ရဲ့လား လေ့လာရပါလိမ့်မယ်။

# သူတို့အားရှိကြစေလိုပါသည်

## အန်ကယ်ပညာ

**“တပည့်မရှား တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါ၏”**

ထိုစကားကို တပည့်မရှားသူတို့ကပင် ဂုဏ်ယူမှုဖြင့် စတင်ခဲ့ကြလေသည်လား၊ ခေတ်အဆက်ဆက် တာဝန်ရှိသူတို့၏ နှစ်သိမ့်မှုစကားပေလား မခွဲခြားလိုပါ။ သို့ရာတွင် ထိုတပည့်မရှားသူတို့ ပီတိကိုစားနေကြသည်ကတော့ သေချာပါသည်။ ထိုစကား၏ ဆက်စပ်မှုများအရ တစ်ပြားမရှိခြင်းက ပီတိစားများကို အားရှိစေပါမည်လားဟု အမေးရှိလာလျှင် အဖြေသိနေဖို့တော့ လိုမည်ထင်ပါသည်။

စာရေးသူ၏ ဖခင်မှာ မူလတန်းပြဆရာမှ တိုင်းပညာရေးမှူးအထိ အဆင့်ဆင့်သောရာထူးများဖြင့် ပညာရေးနယ်ပယ်တွင် တာဝန်ထမ်းခဲ့သူဖြစ်သလို စာရေးသူကိုယ်တိုင်လည်း အထက်တန်းကျောင်းအုပ်လုပ်ခဲ့သူဖြစ်ပါသည်။ မိမိအနေဖြင့် ဤသို့ပညာရေးမိသားစုမှ ပေါက်ဖွားလာသူဖြစ်သည့်အပြင် ပညာရေးဝန်ထမ်းလောကတွင် ကျင်လည်ခဲ့ရသူပီပီ ပီတိစားများ၏ဘဝကို အတွင်းကျကျ လေ့လာခွင့်ရခဲ့ပြန်ပါသည်။ တစ်ဖန် သူတို့သည် ဓားသွေးကျောက်ပမာ အပွတ်အစားခံ၍ ပွတ်စားသွားသူများ၏ ထက်မြက်သော၊ လင်းလက်သော၊ တောက်ပသော အောင်မြင်မှုများကို ဂုဏ်ယူကျေနပ်ရင်း မိမိတို့၏ နေဝင်ချိန်ရောက်သည့်တိုင် ကိုယ်တိုင်၏ပါးလျားသွားခြင်းကို မေ့လျော့နေခဲ့ကြပြန်ပါသည်။ ထိုကဲ့သို့သောသူများကား ပညာရေးနယ်ပယ်မှ ပဲ့ကိုင်ရှင် ကျောင်းဆရာများပင် ဖြစ်ကြပါသည်။ ဤဆောင်းပါးကို ကျောင်းဆရာဟူသည့် လူတန်းစားဘက်မှ ရပ်တည်၍ရေးလိုခြင်းမဟုတ်ပါ။ ဤနိုင်ငံရှိ နိုင်ငံသားတစ်ယောက်၏ ဆရာအပေါင်းအပေါ် အမြင်မျှသာ ဖြစ်ပါသည်။

ဆရာများ၏ဘဝကို တိုက်ပွဲများဖြင့်သာ စတင်လိုပါသည်။ မည်သူ့ကိုမျှ တိုက်ခိုက်သည့်တိုက်ပွဲ မဟုတ်ပါ။ သူတို့ နေ့စဉ်နှင့်အမျှဆင်နွှဲနေကြသည့် အသံတိတ်တိုက်ပွဲများပါ။ တိုင်းပြည်၏ ရန်စွယ်မှန်သမျှကို ရှေ့တန်းကျကျ ကာကွယ်နှိမ်နင်းရင်း တိုက်ပွဲဝင်နေကြပါသည်ဆိုသော တပ်မတော်သားများသည်ပင် ရန်သူနှင့်နေ့စဉ်ရက်ဆက် ဆင်နွှဲရသောတိုက်ပွဲဟူ၍ မရှိနိုင်ပါ။

**မိဘများက သူတို့ကလေးများအတွက် လိုအပ်နေသည်ဟု ယူဆနေသမျှ၊ ကျောင်းသားများ၏ ကျောင်းချိန်သင်ကြားမှုနှင့် အားမရနိုင်သေးသမျှ၊ ဆရာများ၏ ၎င်းတို့၏ဂုဏ်ပုဒ်နှင့်ကိုက်ညီသည့် စားဝတ်နေရေး လိုအပ်ချက်များရှိနေသမျှ၊ ဆရာများ၏ ဝါသနာ၊ စေတနာတို့အရ ကျောင်းသားများအပေါ် သာမန်ထက်ပို၍ တော်စေ၊ တတ်စေလိုသောဆန္ဒတို့ ရှိနေသမျှကာလပတ်လုံး မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ်ကျေနပ်စွာဖြင့် ကျူရှင်ဆိုသည့် ကျောင်းချိန်ပြင်ပသင်ကြားရေးကို ရသည့်နည်းဖြင့် ရှင်သန်ခွင့်ပေးနေကြဦးမည်သာဖြစ်။**

Fire Fighter ဟူသည့် မီးသတ်သမားများသည်လည်း မီးလောင်ချိန်တွင်သာ မီးနှင့်အပြိုင် တိုက်ပွဲဝင်ကြရပါသည်။ သို့ရာတွင် ပီတိစားဆရာများမှာကား သာမန်လူတို့ သတိမထားမိသည့် ရေရှည်တိုက်ပွဲကြီးကို မရပ်မနားဆင်နွှဲနေကြသူများ ဖြစ်ကြပါသည်။ သင်ကြားပို့ချသည့်ကာလနှင့် အတွေ့အကြုံအရ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်နေကြသူများသည်ပင် ထိုသင်ခန်းစာအပေါ် ချဉ်းကပ်သင်ကြားပို့ချပုံကား ဉာဏ်ရှိသလိုကွဲပြားနေဦးမည်ဖြစ်၍ သင်ကြားရေးမတိုင်မီ ကြုံတွေ့မြဲဖြစ်သည့် ဘာသာရပ်ဆိုင်ရာတိုက်ပွဲကို ဦးစွာဆင်နွှဲကြရပေသည်။ ကျောင်းချိန်များတွင်ကြုံတွေ့ရသည့် သင်ကြားချိန်တိုက်ပွဲကား ဆရာများအတွက် ပြင်းထန်သည့်တိုက်ပွဲများဟု ဆိုအပ်ပေသည်။ ဆရာနှင့်ကျောင်းသားမည်သည်ကို ဗဟိုပြုသည်ဖြစ်စေ သင်ကြားပေးခံရသူများ၏ အမျိုးမျိုးသော စရိုက်၊ သူတို့၏စိတ်ဝင်စားမှု၊ တစ်ဦးချင်းစီ၏ ပင်ကိုဉာဏ်နှင့် လတ်တလော ခံစားမှုများနှင့် သင်ထောက်ကူပစ္စည်း ပြည့်စုံမှုတို့အပေါ် မူတည်၍ အောင်မြင်စွာ သင်ကြားပို့ချနိုင်စေရန် နည်းမျိုးစုံသုံး၍ တိုက်ပွဲဝင်ကြရပေသည်။

ထိုအချိန် ကာလအတွင်းမှာပင် ဆရာ့ဝတ်နှင့်အညီ ကရုဏာရှေ့ထား၍ ဘေးရန်ကာဆီးရေး၊ ပဲ့ပြင်ဆုံးမရေးတို့ကို သင့်တော်သလိုလုပ်ကြရပြန်ရာ အကဲပိုများနှင့်တွေ့ဆုံမိချိန်များတွင် အကျယ်ကျယ်ဖြစ်ခဲ့ရာက ဆင့်ကဲတိုက်ပွဲများပင် ကြုံတွေ့နိုင်ကြပါသေးသည်။ ထို့အပြင် စာသင်ချိန်ပြင်ပတွင် တာဝန်အရ တွေ့ကြုံရသည့် အုပ်ချုပ်မှုဆိုင်ရာတိုက်ပွဲများကလည်း ရံဖန်ရံခါ ရှိနေကြပြန်ပါသည်။ ဆရာများ၏ အဓိကတာဝန်မှာ သင်ကြားရေးဖြစ်၍ ပညာသင်နှစ်တစ်လျှောက်လုံး သင်ရိုးဇယားခွဲဝေချက်အရ ဘာသာရပ်တို့ကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် သင်ကြရပါသည်။ သို့ဖြစ်၍ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ၊ ပညာရေးဆိုင်ရာသင်တန်းများကို ကျောင်းပိတ်ကာလနှင့် အများရုံးပိတ်ရက် သတ်မှတ်သည့်ကာလများတွင်သာ ဖွင့်လှစ်ကြရပြန်လေရာ အများနားနေချိန်တွင် ဆရာများက တိုက်ပွဲနှင့်သာ ညားနေကြရပြန်ပါသည်။ ဆရာဟူသည်လည်း လူသားများသာဖြစ်၍ လူတို့တွင်ကြုံတွေ့မြဲဖြစ်သည့် စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ လူမှုရေး စသည့် ကိုယ်ရေးကိုယ်တာတိုက်ပွဲများကိုလည်း အများနည်းတူ ကြုံတွေ့နေကြရသည်ကို အထူးပြောရန်လိုမည်မထင်ပါ။

ကျောင်းသားတစ်ဦး၏ ပညာရည်မြင့်မားရေးအတွက် တွဲလျက်မြင်ကြသည်မှာ မိဘနှင့်ဆရာတို့ ဖြစ်ပါသည်။ ဤတွင် အတန်းပညာရေးနှင့်ပတ်သက်၍ ဆရာ၏အခန်းကဏ္ဍက ပို၍ပေါ်လွင်နေပြန်ပါသည်။ သို့ဖြစ်၍ ပညာရေးပြုပြင်ပြောင်းလဲရေးဟုဆိုတိုင်း ဆရာဆိုသူတို့ကို အရင်ဆုံးပြေးမြင်ကြ၍ ဆရာတို့သာ ဆိုင်ရာပြုပြင်ပြောင်းလဲရေးဟူသည့် သင်တန်းတို့နှင့် ဦးစွာထိတွေ့ကြရလေသည်။ ဤသည်ကိုလည်း မှန်ကန်သည့်လုပ်ရပ်တစ်ခုအဖြစ် မြင်မိပါသည်။ သို့ရာတွင်ရေရှည်၌ အဓိကကျသည်ဆိုသော ဆရာတို့၏ဘဝမှန်များကို မေ့လျော့ပစ်ပယ်ထားခဲ့ကြသည်သာ များလှပေပြီ။

ပညာရေးနှင့်ပတ်သက်၍ ပြောင်းလဲခြင်း ရက် ၁၀၀ အတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်နှင့် ကျောင်းဖွင့်ကာလများတွင် အခမဲ့ပညာရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်းပညာသင်ယူခွင့်၊ အခမဲ့ပညာသင်ထောက်ပံ့မှုများဖြင့် မြင်သာစွာပြောင်းလဲနေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါ၏။ သို့ရာတွင် ထိုအထဲမှ အခမဲ့ပညာသင်ထောက်ပံ့မှုများသည် မိဘ၊ ဆရာ၊ ကျောင်းသားအုပ်စုသုံးစုတွင် ကျောင်းသားကို တိုက်ရိုက်ထောက်ပံ့သကဲ့သို့ မိဘကိုသွယ်ဝိုက်ထောက်ပံ့သည်ဟုသာ မြင်ရပြီး ဆရာအတွက်မူ ကြားချောင်ကွက်ကျန်နေခဲ့ပြန်သည်ကို သတိပြုမိပြန်သည်။ ဆရာအင်အားပြည့်ဝစွာခန့်ထားပါသည်ဆိုသော ကျောင်းတစ်ကျောင်းတွင် ဆရာ၊ ကျောင်းသား အချိုးမှာ (၁း၄၀) ရှိသည်ဆိုပါစို့၊ ကျောင်းသား ၄၀ ကို ထောက်ပံ့လိုက်တိုင်း ဆရာတစ်ဦးကိုပါ ထိုအချိုးနှင့်လျော်ညီသော ထောက်ပံ့မှုကို ပေးနိုင်ခဲ့ပါလျှင် မည်မျှမင်္ဂလာရှိသော ထောက်ပံ့မှုဖြစ်ပါမည်နည်း။

လက်ရှိအခြေအနေအရ ဆရာကျောင်းသားအချိုး (၁း၄၀) ရှိသည်ဆိုသော ကျောင်းမှာ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးနေပါလိမ့်မည်။ (၁း၆၀) နှင့်အထက် အချိုးကွာခြားချက်များသော ကျောင်းအရေအတွက်ကများနေသဖြင့် ပညာရေးနယ်ပယ်အတွင်း နေ့စားလပေး ဘွဲ့ရဆရာ/ ဆရာမများဟူသည့် ပညာကူလီနေ့စားလိုက်ရသည့် ဘွဲ့ရပညာတတ်လူတန်းစားတစ်ရပ် ပေါ်ပေါက်လာလေ၏။ ထိုနေ့စားလပေးဆိုသူများသည်လည်း လခစားဆရာများနည်းတူ ဆရာအလုပ်ကိုပင်လုပ်ကြရသည် မဟုတ်ပါလား။ ဆရာဟူသည့် မြင့်မြတ်သည့်ဂုဏ်နှင့် နေကြရမည့်သူချင်းအတူတူ၊ ပညာဟူသည့်အရာကို ပေးကြမည့်သူချင်းအတူတူ၊ ဆရာဟူသည့်အရေအတွက် လိုအပ်တာချင်း အတူတူ အဘယ်သို့သောအကြောင်းကြောင့် ခွဲခြားခဲ့ကြပါသနည်း။ လိုအပ်ချက်အရဟူ၍ နေ့စားလပေးခန့်အပ်ခြင်းတွင် ထိုသူတို့၏ဝါသနာနှင့် အလုပ်အပေါ်ထားသည့် သံယောဇဉ်တို့ကြောင့် နေ့စားလိုက်ရင်း ကြာမြင့်လာမည့် လုပ်သက်တို့အတွက် မည်သို့ပြန်လည်ကြည့်ရှုပေးကြပါမည်နည်း။ သူတို့ကိုယ်စား မေးနေခြင်းမဟုတ်ပါ။ မိမိကိုယ်မိမိတွေး၍ မေးနေမိခြင်းသာ ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲရေး ရက် ၁၀၀ အတွင်း ပညာရေးမှတာဝန်ရှိသူနှင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (န. က. သ) တို့ တွေ့ဆုံ၍ တက္ကသိုလ် ဆရာ ဆရာမများ စာသင်ချိန်တွင် အချိန်မှန်ဝင်ရောက်မှု ရှိ/မရှိ၊ သေချာစွာသင်ကြားပေးမှု ရှိ/မရှိ၊ ပျက်ကွက်မှု ရှိ/မရှိဟူသည့် ဆရာများ၏ သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေးကိစ္စ၊ ဒီမိုကရေစီပညာရေးစနစ် ဖြစ်ပေါ်လာရေးကိစ္စ၊ ကျောင်းသားသမဂ္ဂများ ကျောင်းထဲတွင် လွတ်လပ်စွာရပ်တည်၍ လှုပ်ရှားနိုင်ခွင့်နှင့်ရုံးခန်းစီစဉ်ပေးရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရှိခဲ့ရပါသည်။

ဤနေရာတွင် ကျောင်းသားသမဂ္ဂများနှင့်ပတ်သက်၍ အဓိကပြောလိုသည်မှာ ထိုခေတ်ထိုအခါက ဤအမည်ခံအဖွဲ့အစည်းကို မည်သည့်ခေတ်၊ မည်သည့်ပညာရေးစနစ်တွင် မည်သည်ကိုရည်ရွယ်၍ ဖွဲ့စည်းခဲ့သည်၊ ရည်ရွယ်ချက်နှင့်အညီ ဘာတွေလှုပ်ရှားခဲ့ကြသည်ဟူသည်ကိုတော့ ဆန်းစစ်ကြရန် လိုမည်ထင်ပါသည်။ ယနေ့ တက္ကသိုလ်အသီးသီးရှိ ဆရာများသည် မြန်မာပြည်သား တိုင်းရင်းသားများဖြစ်ကြသည့်အပြင် ဆရာတစ်ဦး၏ အနိမ့်ဆုံးပညာအရည်အချင်းမှာလည်း မဟာဘွဲ့ရပြီးသူများသာ ဖြစ်ကြပါသည်။ ထို့အပြင်သူတို့အနေဖြင့် ကျောင်းချိန်ပြင်ပတွင် မည်သို့ပင်ပြောဆိုနေထိုင်ကြစေကာမူ ကျောင်းချိန်များတွင် ဆရာဟူသည့်ဂုဏ်ပုဒ်နှင့်အညီ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် သပ်ရပ်ခန့်ညားစွာ တွေ့မြင်ရပေလိမ့်မည်။ တက္ကသိုလ်များသို့တက်ရောက်နေကြသည့်၊ တက်ရောက်လာကြမည့် ကျောင်းသား ကျောင်းသူတို့မှာလည်း ငြိမ်းချမ်းစွာပညာသင်ကြားလိုကြခြင်းသာ အရင်းအမြစ် ဖြစ်ပေလိမ့်မည်။

ဤကဲ့သို့သော ဂုဏ်ကြီးမားသူတို့နှင့် ပျော်ရွှင်ချမ်းမြေ့စွာပညာသင်ကြားလိုကြသည့် ကျောင်းသားများအကြားတွင် အဆိုပါသမဂ္ဂဝင်များ၏ ထိတွေ့ဆက်ဆံမှုများသည် လိုက်လျောညီထွေမှုရှိရန် အလွန်အရေးပါကြောင်း ဂရုပြုကြရပေလိမ့်မည်။ ကျောင်းသားထုအခွင့်အရေးဇန်းပြပြီး Write Board ပေါ်တွင် ဆရာရေးပြထားသည့် “ပ” ကို ကျောင်းသားများရှေ့တွင် Hand Stad ထောင်ကာ “ဂ” ဖြစ်သည်ဟု ပြောတတ်သည့်အဆင့်မျှဖြင့် အဆင်ပြေမည်မဟုတ်ကြောင်း သိကြရပေမည်။ ဤကိစ္စကို အကျယ်မချဲ့လိုပါ။ ဆိုင်ရာပုဂ္ဂိုလ်များ တွေးခေါ်သုံးသပ်ကြရန်သာ လိုပါသည်။

ကျူရှင်ကိစ္စသည်လည်း ဆရာဆိုသည့်ဝေါဟာရနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်၍ ထည့်သွင်းပြောမှ ပြည့်စုံပေလိမ့်မည်။ မိမိငယ်စဉ်က သတ္တမတန်းစာမေးပွဲအပြီး ဆရာတစ်ဦးက သူ့၏တစ်ဦးတည်းသောသားကို နွေကျောင်းပိတ်ရက်အတွင်း လေလွင့်မှုမရှိစေရန်နှင့် ကျောင်းစာသင်ကြားမှုကို အထောက်အကူပြုစေရန် ရည်ရွယ်ဟန်ဖြင့် အင်္ဂလိပ်စာသဒ္ဒါကို ၎င်း၏အိမ်တွင်သင်ကြားပေးရန် စီစဉ်ပါသည်။ သားတစ်ယောက်တည်းဖြစ်နေ၍ မိမိအပါအဝင် အတန်းတူကျောင်းသားသုံးဦးကိုပါခေါ်၍ အခမဲ့သင်ကြားပေးခြင်းကို ခံယူခဲ့ရဖူးပါသည်။ ထိုဆရာ၏ သင်ကြားပေးခြင်းအထောက်အပံ့သည် အင်္ဂလိပ်စာသဒ္ဒါနှင့်ပတ်သက်၍ ယနေ့အထိမိမိအပေါ် ကောင်းသော အကျိုးကိုသက်ရောက်စေလျက်ရှိပါသည်။ ဤသည်မှာ ကျူရှင်ဆိုသည့် ကျောင်းချိန်ပြင်ပသင်ကြားရေးမှရရှိသည့် ရလဒ်တစ်ခုဖြစ်ပါသည်။ ထိုဆရာ၏ကျေးဇူးကား ကြီးမားပေစွ။ မိဘများက သူတို့ကလေးများအတွက် လိုအပ်နေသည်ဟု ယူဆနေသမျှ၊ ကျောင်းသားများ၏ ကျောင်းချိန်သင်ကြားမှုနှင့် အားမရနိုင်သေးသမျှ၊ ဆရာများ၏ ၎င်းတို့၏ဂုဏ်ပုဒ်နှင့်ကိုက်ညီသည့် စားဝတ်နေရေး လိုအပ်ချက်များရှိနေသမျှ၊ ဆရာများ၏ ဝါသနာ၊ စေတနာတို့အရ ကျောင်းသားများအပေါ် သာမန်ထက်ပို၍ တော်စေ၊ တတ်စေလိုသောဆန္ဒတို့ရှိနေသမျှကာလပတ်လုံး မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးသုံးဖလှယ်ကျေနပ်စွာဖြင့် ကျူရှင်ဆိုသည့် ကျောင်းချိန်ပြင်ပသင်ကြားရေးကို ရသည့်နည်းဖြင့် ရှင်သန်ခွင့်ပေးနေကြဦးမည်သာ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိဘပြည်သူအပေါင်းတို့က ဆရာဟူသည် အသိုင်းအဝိုင်းတစ်ခုလုံးကို ဆရာတို့ဝတ်ဆင်ရသည့် ကျောင်းဝတ်စုံ အင်္ကျီကဲ့သို့ ဖြူစင်စွာ မြင်လိုကြပါသည်။ ပညာရေးနှင့်ဆိုင်သော အပြောင်းအလဲတစ်ခု လုပ်မည်ကြံတိုင်း ဆရာတို့ကို အရင်ဆုံးသတိရကြပါသည်။ မိမိသားသမီးများ၏ ပညာရေးအတွက်ဆိုလျှင်လည်း ဆရာများကိုသာ အားကိုးကြပါသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများသာ အဓိကကျသည်ဟူ၍လည်း သိထားကြပါသည်။ သို့ရာတွင် ထိုသို့သော ပီတိစားများတကယ်ပင် အားရှိကြပါသလား မြင်အောင်ကြည့်စေလိုပါသည်။ သိအောင်လေ့လာစေလိုပါသည်။ မသိမမြင်ခဲ့ပါမူလည်း စားနေမြဲပီတိကိုသာ ရိုးရာအတိုင်းစားနေကြပါလိမ့်ဦးမည်။ ။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဥရောပသမဂ္ဂစစ်ဘက်ရေးရာ ကော်မတီဥက္ကဋ္ဌတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr.Gen NAKATANI နှင့် ယနေ့နံနက် ၈ နာရီတွင်လည်းကောင်း၊ ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မီခေးလ် ကိုစ်တာရာကော့စ်နှင့် ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်-အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီ ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာ့တပ်မတော်နှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုအတွက် စစ်ဘက်သံတမန်များ ထားရှိရေး၊ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအပါအဝင် လေ့ကျင့်ရေးသင်တန်းကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာများနှင့် ရေရှည်လုပ်ဆောင်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**





**❖ မော်ချီးမှ**
အလုပ်တစ်ခုတော့လိုအပ်နေပါတယ်။ အခု ရေ၊ မီးအပြည့်အစုံနဲ့ အဝတ်အစားပါမကျန် အဆင်ပြေလို့ အလှူရှင် ဖောင်ဒေးရှင်းကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့သည်။ ထို့အပြင် မော်ချီးဒေသခံ ကျောင်းဆရာမဖြစ်သည့် ဒေါ်နော်ရှိ့စ်ထူးက “ကျွန်မတို့ဆရာမအားလုံး ၁၀ ယောက်ရှိပါတယ်။ အင်အားလုံလောက်လို့ အနာဂတ်အလင်းတန်းလို့ခေါ်ရပါမယ်။ ကျွန်မတို့ ကလေးတွေစာသင်နိုင်ဖို့ ကျောင်းဆောင်တွေဆောက်ပေးတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်”ဟု ဝမ်းသာအားရပြောသည်။

သဘာဝဘေးသင့်ခဲ့သည့် အဆိုပါကျေးရွာကို ကယားပြည်နယ်အစိုးရနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ တည်ဆောက်ခဲ့ရာ နေအိမ်အလုံး ၆၀၊ စာသင်ကျောင်းဆောင် တစ်ဆောင်၊ စာကြည့်တိုက် တစ်လုံး၊ ရေသိုလှောင်ကန် ဂါလန် ၅၀၀၀ ဆံ့တစ်လုံး၊ ဂါလန် ၃၀၀၀ ဆံ့ နှစ်လုံးအပြင် နေအိမ်များအရောက် ရေသွယ်တန်းပေးခြင်း၊ လျှပ်စစ်မီးအတွက် 100 KVA ထရန်စဖော်မာတစ်လုံး၊ အိမ်သုံးမီတာ ၆၂ လုံးနှင့် ရွာအတွင်း မြေသားလမ်းများဖောက်လုပ်ခြင်းတို့အတွက် ကျပ်သိန်း ၂၅၀၀ ကျော်အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည်။

ရွာသစ်ဖွင့်ပွဲတွင် ဖောင်ဒေးရှင်းမှ ဒေါ်ယုဝေမောင်က ရွာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရွာသစ်ကို ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နန်းခမ်းနောင့်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်နန်းမိုဟွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရွာသစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီးနောက် စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။ ယင်းဖောင်ဒေးရှင်းသည် ၂၀၀၇ ခုနှစ်ကတည်းက ဘာသာရေး၊ လူမှုရေးနှင့်ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရေကြီးရေလျှံဖြစ်ပွားခဲ့သော သဘာဝဘေးသင့်ဒေသများဖြစ်သည့် ကောလင်း၊ ဝန်းသို၊ ကလေး၊ ဟားခါး၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ စကု၊ မော်ချီးနှင့် ရခိုင်ဒေသများတွင် ထောက်ပံ့ရေးစီမံကိန်းအတွက် ငွေကျပ်ဘီလီယံ ၁၀၀ ကျော်ကို နိုင်ငံနှင့်ပြည်သူအတွက် လှူဒါန်းပေးခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံအနှံ့အပြားတွင် အဝီစိရေတွင်းပေါင်း ၇၆ တွင်း၊ ရေလှောင်ကန်ပေါင်း ၉၈ ခု၊ ရေတိုင် ၂၆၂ တိုင်၊ ရေရှားပါးသောဒေသများအတွက် ဒေသခံပရဟိတအဖွဲ့များနှင့်ပူးပေါင်းကာ ရေသယ်ယာဉ် ၄၃ စီးဖြင့် ရေလှူဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ရေရှားပါးသည့်အခက်အခဲကို ပြေလည်အောင် ဖြည့်ဆည်းပေးခဲ့သည်။

**❂ ရွှေဖုံးမှ**
ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအမွေအနှစ်တွေကို အစီအစဉ်တကျရှိတဲ့ ဒီရာဇဝတ်ဂိုဏ်းတွေရဲ့ ခိုးယူမှုတွေဟာ နိုင်ငံတော်ရဲ့လုံခြုံရေးအတွက် စိုးရိမ်စရာဖြစ်သလို တစ်ကမ္ဘာလုံးရဲ့ သဘာဝသယံဇာတတွေအတွက်လည်း စိုးရိမ်စရာဖြစ်ပါတယ်”ဟု နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (FFI)၏ တနင်္သာရီဒေသအစီအစဉ်မန်နေဂျာ မတ်ခ်ဂရမ်လေက ပြောကြားသည်။

နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်ပင်များအဖွဲ့နှင့် သစ်တောဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါကျားထိန်းသိမ်းကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံမှ ဖိတ်ကြားထားသူများလည်း တက်ရောက်ခဲ့ကြသည်။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်များက တရားမဝင်တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုများ တိုက်ဖျက်သည့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို မျှဝေဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံ၏ ပရာခရက်ကီရီခမ် ပြည်နယ်နယ်စပ်မှ အများပြည်သူ-ပုဂ္ဂလိကမိတ်ဖက် ဆောင်ရွက်မှုပုံစံကိုမြှင့်တင်ရန် အခွင့်အလမ်းများအကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(ကြေးမုံ)**

**○ ကျောဖုံးမှ**
မောင်မောင်လွင်က ၇၃ မိနစ်တွင် ကျော်ကိုကို ဖန်တီးပေးပို့မှုမှ ဒုတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယအနိုင်ဂိုးကို ၈၇ မိနစ်တွင် ရဲကိုဦးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဗိုလ်လုပွဲ မတက်ရောက်နိုင်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၏ လူထုတ်ပုံနှင့် နည်းဗျူဟာမှန်ကန်မှုများကြောင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက အချိန်ပိုတွင် သုံးဂိုးပြတ်အနိုင်ရကာ ချန်ပီယံဆုရရှိသွားသည်။ ပြိုင်ပွဲအပြီးတွင် ပထမ ဗီယက်နမ်အသင်း၊ ဒုတိယ စင်ကာပူအသင်း၊ တတိယ အိမ်ရှင်မြန်မာအသင်းတို့က ရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယ အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်ခဲ့သည်။ ဆုများကို မြန်မာဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

# မြန်မာအပေါ် စီးပွားရေးပိတ်ဆို့မှုများရှိနေသေးသော်လည်း ယခုနှစ်တွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာတစ်ခုအထိ ရောက်ရှိလာမည်ဟု မျှော်လင့်

**နေပြည်တော် ဇွန် ၆**
မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများ ရှိနေသေးသော်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ အထူးစိတ်ဝင်စားနေကြပြီး နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အလားအလာကောင်းများရှိနေရာ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာတစ်ခုအထိ ရောက်ရှိလာမည်ဟု ဇွန် ၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ပြုလုပ်ခဲ့သော အမေရိကန်-မြန်မာကွန်ဖရင့်မှ သိရသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အမေရိကန်နိုင်ငံ ကုန်သည်များအသင်းတို့ ပူးပေါင်းကျင်းပသည့် US - Myanmar Economic Relations: The Next Phase ကွန်ဖရင့်တွင် မြန်မာနှင့် အမေရိကန်နိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အနာဂတ်အလားအလာကောင်းများရှိနေပြီး နှစ်နိုင်ငံအကျိုးတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းအတွက် မှတ်တိုင်သစ်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံအတွက် တိုးတက်ဖွံ့ဖြိုးမှုများကို ယူဆောင်လာမည်ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့သည်။

“လတ်တလောတော့ အမေရိကန် ရင်းနှီးမြှုပ်နှံမှုက များများစားစားတော့ မရှိသေးဘူး။ စီးပွားရေးပိတ်ဆို့မှုက ရှိနေသေးတယ်။ ဒီမှာလာလုပ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ သူတို့ပြန်ပြီး သတင်းပို့ရတဲ့ ထိန်းချုပ်မှုတွေလည်း ရှိနေသေးတယ်။ သူတို့ လွတ်လွတ်လပ်လပ်နဲ့ လုပ်လို့မရသေးဘူး။ မရသေးတော့ လတ်တလောမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုက များများစားစား မရှိသေးဘူး။ ဒါပေမယ့် ဒီနှစ်က ဆန်ရှင်ကို ဖြေလျှော့ပေးလိုက်တယ်။ သူ့ရဲ့ Reporting Requirement ပေါ့။ အရင်တုန်းက ဒေါ်လာ ငါးသိန်းဆိုရင် ပြန်သတင်းပို့ရတယ်။ အခု ဒေါ်လာ ငါးသန်းအထိ တင်ပေးတယ်။ အဲလိုဖြေလျှော့လိုက်တယ်။ နောက်ပြီး အဓိကအရေးကြီးတဲ့ ဘဏ်တွေကို ဖြေလျှော့ပေးလိုက်တာတွေရှိတယ်။ အရင်ကထက်စာရင် အများကြီး သက်သောင့်သက်သာ ဖြစ်သွားတယ်။ ဒီနှစ်ထဲမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အတိုင်းအတာတစ်ခုအထိ ဝင်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာ-အမေရိကန် ရင်းနှီးမြှုပ်နှံမှု အလားအလာများအပေါ် သုံးသပ်ဖြေကြားသည်။

အမေရိကန် ကုန်သည်များအသင်းအနေဖြင့်လည်း အမေရိကန်-မြန်မာ ဆက်ဆံရေး ချောမွေ့ကောင်းမွန်လာရန် အမေရိကန်အစိုးရကို အကြံပေးတင်ပြသွားမည်ဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများရှိနေခြင်းအပေါ် လက်တွဲဖော်အဖြစ် အပြည့်အဝထောက်ပံ့ကာ အကောင်အထည် ပေါ်လာစေချင်သည်ဟုလည်း ပြောကြားသွားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အိုင်တီကဏ္ဍတို့ကို ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားလျက်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇ သန်းနှင့် မြန်မာနိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၄ သန်း ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ခွင့်ပြုထားသည့် အမေရိကန် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၄၈ သန်း ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ **(ဆုနှင်းလဲ့)**

# ကိုရီးယားသို့ သရက်သီးတင်ပို့လိုသည့် သရက်သီးလုပ်ငန်းရှင်များနှင့် မန္တလေးသရက်အစုအဖွဲ့ တွေ့ဆုံ

**မန္တလေး ဇွန် ၆**
မြန်မာနိုင်ငံအနှံ့ရှိ သရက်စိုက်တောင်သူများနှင့် မန္တလေးတိုင်းဒေသကြီး သရက်အစုအဖွဲ့တို့တွေ့ဆုံပြီး ပြည်ပ ပို့ကုန်စျေးကွက်တစ်ခုဖြစ်သည့် ကိုရီးယားနိုင်ငံသို့ သရက်သီးတင်ပို့နိုင်ရန် ဆွေးနွေးပွဲကျင်းပကြောင်း မန္တလေးသရက်အစုအဖွဲ့ထံမှ သိရသည်။

တွေ့ဆုံပွဲတွင် လာမည့်နှစ် သရက်ရာသီချိန်အမီ တင်ပို့နိုင်ရေးဆောင်ရွက်ပေးသွားရန် တွေ့ဆုံခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်အစုအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

“နောက်နှစ်မှာဆိုရင်တော့ ရွှေဟင်္သာတို့၊ ရင်ခွဲတို့ပါ တင်ပို့မှာဖြစ်တဲ့အတွက် တင်ပို့ချင်တဲ့သူတွေ အကုန်လုံးကို ဖိတ်ခေါ်ပါတယ်”ဟု ဒေါ်သန်းသန်းဆွေက ဆက်လက်ပြောကြားသည်။

ကိုရီးယားနိုင်ငံက လစဉ် သရက်သီးတန် ၂၀ နီးပါးတင်ပို့ရန် ကမ်းလှမ်းခဲ့သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် သရက်ထွက်နှုန်း ၈၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံသို့ သရက်သီးတင်ပို့မည်ဆိုပါက သရက်သီး၏ အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များဖြစ်သည့် ပိုးမပါရှိရေးအပါအဝင် GAP ဟုခေါ်သည့် အလေ့အထကောင်းများနှင့် စိုက်ပျိုးထားကြောင်း လက်မှတ်များ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့သရက်သီးများကို တရုတ်နိုင်ငံကိုသာ အဓိကတင်ပို့နေပြီး နှစ်စဉ်တန်ချိန် လေးတန်ခန့်တင်ပို့နေကြောင်း သိရသည်။

**ဝတ်ရည်မွန်(AMIA)**

ပြည်တွင်းရေးရာ

# မှတ်ပုံမတင်ထားသည့်ဆေးများကို စီးပွားဖြစ်လုပ်ကိုင်ကြသည့်လုပ်ငန်းရှင်များ ပြည်သူ့မျက်နှာကြည့်ဖို့လို တရားမဝင်ဆေးဝါးများသည် လူသားများ၏မျိုးရိုးဗီဇကို ထိခိုက်ပျက်စီးစေ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ အကောက်ခွန်ဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဌာန၊ စားသုံးသူရေးရာအဖွဲ့များ ပူးပေါင်းကာ တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမမီသည့် ဆေးဝါးများ တိုက်ဖျက်သည့် လုပ်ငန်းစဉ် Operation Pengea IX ကို မေ ၃၀ ရက်မှ ဇွန် ၇ ရက်အထိ ရည်မှန်းချက်(၇)ချက်ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။

Operation Pengea အကြောင်းနှင့် တရားမဝင်အစားအသောက်နှင့် ဆေးဝါးများအန္တရာယ်နှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ရဲမှူးကြီး
အောင်ငွေးမြင့်



ဒေါက်တာသန်းထွန်း
ညွှန်ကြားရေးမှူးချုပ်



ဒေါက်တာသိဂီဇင်
(ညွှန်ကြားရေးမှူး)

**ဒေါက်တာသန်းထွန်း**
**ညွှန်ကြားရေးမှူးချုပ်**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ ၂၀၁၃ ခုနှစ်ကစပြီးတော့ သီးခြားဌာနဖြစ်လာခဲ့ပါတယ်။ ၂၀၁၄ မှာ တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ မြန်မာနိုင်ငံမှာ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ လူသုံးကုန်၊ အလှကုန်တွေနဲ့ပတ်သက်ပြီး အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝတဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေကို ပြည်သူတွေ ရရှိသုံးစွဲနိုင်စေရေး တိုးချဲ့ဖွဲ့စည်းဖို့လိုတယ်ဆိုပြီး တိုးချဲ့ဖွဲ့စည်းခဲ့တာပါ။

ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမီဆေးဝါးတွေ ရရှိသုံးစွဲခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်ရေးကို အကြီးမားဆုံးအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

မြန်မာစကားပုံရှိပါတယ်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတာပါ။ အလားတူပဲ အဆိပ်လည်းဆေး၊ ဆေးလည်း အဆိပ်ဆိုတာလည်း ရှိပါတယ်။ ဒါကြောင့် ဆေးဝါးသည် တန်ဆေး လွန်ဘေးဆိုသလို သေချာတိကျတဲ့ နည်းပညာတွေနဲ့ ထုတ်လုပ်ထားတာဖြစ်ဖို့လိုတယ်။ တိတိကျကျ စစ်ဆေးထားတာဖြစ်ဖို့ လိုပါတယ်။ သူက ချက်ချင်းဒုက္ခပေးနိုင်လို့ပါပဲ။ ဒါကြောင့် ဆေးဝါးကို အလွန်ဂရုစိုက်ရပါတယ်။ ဆေးဝါးတွေ အရည်အသွေးပြည့်မီဖို့၊ အန္တရာယ်ကင်းရှင်းဖို့၊ အာနိသင်ထက်မြက်ဖို့ဆိုတဲ့ ဆေးဝါးနဲ့ပတ်သက်တဲ့ အရည်အချင်း သုံးခုကို နဂိုကတည်းက လုပ်ခဲ့တာပါ။

ပုံမှန်ဆောင်ရွက်နေတာရှိသလို အထူးကိစ္စအနေနဲ့ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ပုံမှန်ဆောင်ရွက်တာကတော့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဝန်ထမ်းတွေအပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့က ဝန်ထမ်းတွေဟာ နီးနွယ်တဲ့ဌာနတွေဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်၊ စားသုံးသူနဲ့ ပတ်သက်ပြီးဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံ ဆေးကုန်သည်များအသင်း၊ အခုဆိုရင် အသစ်ဖွင့်ထားတဲ့ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာ ဝန်ထမ်းတွေပါ ပူးပေါင်းပြီး Market Servey ကို လုပ်ဆောင်လျက်ရှိပါတယ်။ တင်ပြလိုတာကတော့ ပုံမှန်လည်းအမြဲထိန်းကျောင်းနေတယ်၊ အထူးကိစ္စအနေနဲ့လည်း ဆောင်ရွက်နေပါတယ်။

အခုအချိန်ကတော့ ပိုမိုအရှိန်မြှင့်လုပ်ဆောင်မယ့် အချိန်ဖြစ်ပါတယ်။ ပညာပေးလုပ်ငန်းတွေလုပ်ခဲ့တာလည်းကြာပြီ။ ထိန်းသိမ်းခဲ့တာလည်းကြာပါပြီ။ ဥပဒေအရ အရေးယူခဲ့တာတွေလည်း ရှိပါတယ်။ ပိုမိုထိရောက်တဲ့ အရေးယူမှုတွေ လုပ်ဆောင်ဖို့ လိုလာပြီ။ ကျွန်တော်တို့လည်း ရက် ၁၀၀ စီမံချက်ထဲမှာ ပါတယ်။ ဆေးဝါးထိန်းသိမ်းကွပ်ကဲတာတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ အန္တရာယ်ရှိတဲ့ ဆေးဝါးတွေကို လွယ်လွယ်သုံးစွဲနိုင်တဲ့ဓလေ့ကို ပြည်သူတွေအနေနဲ့ သတိထားဆင်ခြင်သင့်ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ နေရာတိုင်းမှာ လွယ်လွယ်ရချင်တာ လူ့သဘော သဘာဝပါ။ ဆေးကျတော့ ပြဿနာဘာရှိလဲဆိုတော့ တို့ဒီဆေးတွေသောက်နေတာပဲ ဘာဖြစ်လို့လဲ၊ ဒါတွေနဲ့ပဲကောင်းနေတာပဲ ဘာဖြစ်လို့လဲလို့ မသိနားမလည်တဲ့ ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်စရာရှိတယ်။ ဆေးဆိုင်သွားဝယ်ရင်လည်း စပ်ဆေးရောင်းလိုက်တာပဲ၊ ပေးသမျှဆေးသောက်လိုက်တာပဲ၊ ထိုးသမျှဆေး ခံလိုက်တာပဲ၊ ဒါလေးနဲ့ပဲ ကောင်းသွားတာပဲလို့ ထင်ချင်ထင်နေလိမ့်မယ်။ ပြည်သူတွေအနေနဲ့ လွယ်လွယ်ရပြီးတော့ လွယ်လွယ်သုံးတဲ့ လူ့သဘာဝအရ အလွယ်ကြိုက်သော်ငြားလည်း ဆေးကိစ္စမှာ မိမိခန္ဓာကိုယ်ထဲကို ရောက်ရှိမယ့် ဆေးဝါးတွေကို ဆင်ခြင်ပြီးတော့မှ ကျွမ်းကျင်တဲ့ ဆရာဝန်တွေကို ပြဖို့လိုပါတယ်။ ဆေးဝါးတွေကို နိုင်ငံတော်အစိုးရက လုံလောက်အောင်ဖြည့်ဆည်းပေးထားပါတယ်။ FDA အနေနဲ့လည်း မှတ်ပုံတင်တာတွေကို သေချာစိစစ်ပြီးတော့မှ ဆေးဝါးတွေလည်း မပြတ်လပ်ရအောင်၊ စိစစ်ခြင်းကိုလည်း မလျှော့ဘဲနဲ့ တင်သွင်းတဲ့ကိစ္စတွေမှာ ဖြေလျှော့မှုတွေ များများပေးပြီး တင်သွင်းစေလျက်ရှိပါတယ်။

ဒုတိယအနေနဲ့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးတွေကို လွယ်လွယ်ရ၊ လွယ်လွယ်ရောင်း၊ လွယ်လွယ်မြတ်၊ ဒါကိုသာယာနေကြတဲ့ လုပ်ကိုင်စားကြသူတွေလည်း ရှိမှာပါ။ ကိုယ်ချင်းစာပါတယ်။ သို့သော်လည်းပဲ ပြည်သူအများ မျက်နှာက အဲဒီလက်တစ်ဆုပ်စာဖြစ်တဲ့ လုပ်ငန်းရှင်တွေ မျက်နှာထက်ကြီးပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ လုပ်ငန်းရှင်တွေကို မေတ္တာရပ်ခံလိုတာကတော့ ဒါတွေဟာ အန္တရာယ်ကြီးမှန်း သိရဲ့သားနဲ့ ဆက်ပြီး မလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်၊ သိရဲ့သားနဲ့ လုပ်တာက ပိုအပြစ်ကြီးပါတယ်။

**ဒေါက်တာသိဂီဇင် (ညွှန်ကြားရေးမှူး)**
**ဆေးဝါးဌာနခွဲ၊ အစားအသောက်နှင့်**
**ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အကျိုးသက်ရောက်မှုရှိတဲ့ ဆေးဝါးတွေကို အများပြည်သူတွေ သုံးစွဲနိုင်ဖို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ဆေးဝါးတွေ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတွေကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းရှိ ဈေးကွက်တွေက ဆေးဝါးတွေရဲ့ အရည်အသွေးတွေကို စစ်ဆေးခြင်း၊ ဆေးဆိုင်တွေစစ်ဆေးခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့နဲ့အတူ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာမှာ မှတ်ပုံတင်မရှိတဲ့ ဆေးဝါးတွေ၊ ရက်လွန်ဆေးဝါးတွေ၊ ဆေးဝါးအတုတွေ တွေ့ရှိရတဲ့အတွက် အဲဒီ ဆေးဆိုင်တွေရဲ့ ဆေးဝါးရောင်းချခွင့်လိုင်စင်ကို ကော်မတီရဲ့ စီမံခန့်ခွဲမှုနဲ့ ကာလသတ်မှတ်ရုပ်သိမ်းခြင်း၊ ပညာပေးခြင်း၊ ခံဝန်ကတိရေးထိုးခြင်း၊ သတိပေးခြင်းတွေကို ၂၀၁၅ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခဲ့တဲ့ အမှုပေါင်းဟာ ၂၀၁၅ ခုနှစ်မှာ ၅၁ မှု၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း မှုခင်းရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး အရေးယူခဲ့တဲ့ အမှုပေါင်း ကိုးမှု၊ ရဲစခန်းက တင်ပြလာတဲ့ အမှု ၂၀ စုစုပေါင်း ၂၉ မှုတို့ကို အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအရေးယူခဲ့ပါတယ်။

တာဝန်သိပြည်သူတွေအနေနဲ့ မသင်္ကာစရာဆေးဝါးတွေနဲ့ စားသောက်ကုန်တွေကို တွေ့ရှိခဲ့ပါက www.fdamyanmar.gov.mm ကို ဆက်သွယ်ပြီး ညွှန်ကြားရေးမှူးချုပ်ကို လိပ်မူပြီး သတင်းပေးပို့တိုင်ကြားနိုင်ပါတယ်။

**ရဲမှူးကြီးအောင်ငွေးမြင့်**
**ဒုတိယဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

Operation Pangea ဆိုတာက အပြည်ပြည်ဆိုင်ရာရဲအဖွဲ့အစည်းက ဦးဆောင်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးပါဝင်ပြီး တရားမဝင်ဆေးဝါးတွေ၊ နောက်ပြီးတော့ ဆေးဝါးအတုတွေ၊ စံမမီတဲ့ ဆေးဝါးတွေကို တိုက်ဖျက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အခု ဒီ Operation Pangea ဟာ ၂၀၀၈ ခုနှစ်ကနေစပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာလုပ်တဲ့ Operation Pangea ဟာ (၉) ကြိမ်မြောက် Interpol Operation တစ်ခုဖြစ်ပြီးတော့ ဒီ Operation မှာ Interpol အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၂ နိုင်ငံပါဝင်တာ ဖြစ်ပါတယ်။

Operation Pangea ဆိုတာက တရားမဝင်ဆေးဝါးတွေ၊ ဆေးဝါးအတုတွေ စံမမီတဲ့ဆေးဝါးတွေကို တားဆီးနှိမ်နင်းရေးဖြစ်ပါတယ်။ တရားမဝင် ဆေးဝါးတွေဟာ လူတွေရဲ့ မျိုးရိုးဗီဇကိုလည်း ထိခိုက်ပျက်စီးမှုဖြစ်စေတယ်။ WHO ရဲ့ ၂၀၁၀ ခုနှစ် အစီရင်ခံစာအရဆိုရင် ငှက်ဖျားကာကွယ်ဆေးဝါးမျိုးလို တချို့ဆေးဝါးတွေဟာ Third Generation အထိ လူသားမျိုးနွယ်တွေကို ညဏ်ရည်ညဏ်သွေးနိမ့်ပါးမှုတွေ ဖြစ်စေတယ်။ ဒါဟာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေတဲ့အတွက် ပူးပေါင်းတိုက်ဖျက်ဖို့လိုတယ်။ အဲဒီလိုတိုက်ဖျက်တဲ့နေရာမှာလည်း နိုင်ငံတစ်နိုင်ငံတည်းကပဲ ဖြေရှင်းလို့မရဘူး။ နိုင်ငံအားလုံး ပူးပေါင်းပါဝင်မှရမယ်ဆိုတဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ နိုင်ငံအားလုံးပါဝင်ပြီးတော့ တရားမဝင်ဆေးဝါးတိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ဒီ Operation ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရယ်၊ FDA ရယ်၊ အကောက်ခွန်ဦးစီးဌာနရယ်၊ ကျွန်တော်တို့နဲ့မိတ်ဖက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိတဲ့သူတွေအားလုံးပါဝင်ဖွဲ့စည်းပြီးတော့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုမှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

၈ ရက်တာကာလ ဆောင်ရွက်မှုအရဆိုရင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး စတဲ့ တိုင်းဒေသကြီး လေးခုနဲ့ ပြည်နယ်တစ်ခုမှာ တရားမဝင်ဆေးဝါးအတုတွေ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဆေးတွေဟာ လူတွေရဲ့ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့ ဆေးဝါးတွေဖြစ်ပါတယ်။ ဒါကိုကာကွယ်တားဆီးခြင်းဟာ ပြည်သူတွေရဲ့ ကျန်းမာရေးကိုသော်လည်းကောင်း၊ WHO ရဲ့ အစီရင်ခံစာအရကိုက သူ့ရဲ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ နောင်သားစဉ်မြေးဆက်အထိ ခံစားရမယ့် ရောဂါဝေဒနာတွေကို ကြိုတင်ကာကွယ်ပေးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

ကြိုတင်ကာကွယ်ဖို့အတွက် တားဆီးနှိမ်နင်းရေးတွေကို လုပ်ရပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ပထမအဆင့်အနေနဲ့ ဒါတွေကို တိုးတက်ပြီးတော့ ဖြစ်ပေါ်လာခြင်းမရှိအောင် အပိုင်း(၁)အနေနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့က စံမမီဆေးဝါးဝင်ရောက်မှုတွေ၊ သုံးစွဲမှုတွေကို လျှော့ချသွားနိုင်အောင်နဲ့ နောက်ဆုံးအဆင့်ကတော့ လုံးဝပပျောက်တဲ့အထိ တားဆီးနှိမ်နင်းရေးတွေကို တာဝန်ရှိတဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလို ပူးပေါင်းဆောင်ရွက်တဲ့အခါမှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းသာမကဘဲနဲ့ ဌာနဆိုင်ရာတွေအားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ လူမှုအခြေပြုအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးရဲ့ ပူးပေါင်းပါဝင်မှုလိုသလို ပြည်သူအားလုံးကလည်း ဆေးဝါးအတုရဲ့အန္တရာယ်တွေကို သိရှိပြီးတော့ ဒါတွေကို အားမပေးဖို့ လိုပါတယ်။

ပြည်သူအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ ဆေးဝါးအတုတိုက်ဖျက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

## ❐ ဝါးမျိုးစိတ်မှ

ယင်းသို့ ဆောင်ရွက်ရန် ရွှေဇနကစိုက်ပျိုးစီးပွားလုပ်ငန်းစု၊ မြန်မာဝါးချစ်သူများကွန်ရက်နှင့် မြန်မာနိုင်ငံ ကြိမ်ဝါးအသင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မည်ကြောင်း သိရသည်။ စီမံကိန်းတွင်ဝါးဖြင့် တည်ဆောက်မည့် ပြတိုက်နှင့် သင်တန်းအပြင် ဟိုတယ်များလည်း ပါဝင်မည်ဖြစ်ကာ ပြတိုက်နှင့် သင်တန်းအတွက် မြေသုံးဧကအသုံးပြုမည်ဟု သိရသည်။

"ဝါးမျိုးစိတ်တွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းလေ့လာနိုင်ဖို့နဲ့ သင်တန်းတွေပေးနိုင်အောင်ပါ။ တည်ဆောက်မယ့်နေရာက ကျိုက်ထီးရိုးနဲ့ သိပ်မဝေးပါဘူး။ အခု ကျိုက်ထီးရိုးမှာ ဝါးနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ရောင်းနေကြတယ်။ ဒါပေမယ့်အရည်အသွေး သိပ်မကောင်းဘူး။ ဥပမာ ဝါးနဲ့လုပ်ထားတဲ့ ခွက်လေးတွေကိုဝယ်ပြီး အိမ်မှာသုံးရင် လပိုင်းလေးနဲ့ ကွဲအက်သွားတယ်။ နိုင်ငံခြားသားတွေ ဝယ်သွားရင် မြန်မာပြည်အတွက် နာမည်မကောင်းဘူး။ ဒါကြောင့် မှိုမတက်အောင်၊ ပိုးမကျအောင် ဘယ်လိုဝါးတွေကို ဘယ်လိုအသုံးပြုရတယ်ဆိုတာတွေနဲ့ အခြားအကြောင်းအရာတွေကို သင်တန်းပေးသွားမှာပါ။ ဒီသင်တန်းတွေဟာ ဒေသခံတွေအတွက် ဆင်းရဲချမ်းသာ ကွာဟမှုတွေကို လျှော့ချပေးနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

ယခုအစီအစဉ်ကို မကြာသေးမီက ရန်ကုန်မြို့ ယုဒသန်ခန်းမ၌ ကျင်းပခဲ့သော မြန်မာဝါးချစ်သူများကွန်ရက် တတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း ဆွေးနွေးထားကာ ဝါးမျိုးစိတ် ၁၀၀ ကျော်အနက် စီးပွားဖြစ်နိုင်မည့် ဝါးမျိုးများကို စိုက်ပျိုးပြီး ဈေးကွက်ရရှိလာရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရဲဝင်း)**

# စတော့ရှယ်ယာရောင်းဝယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Exclusive Stock Trading & Investment Seminar ကျင်းပ

**ရန်ကုန် ဇွန် ၆**

စတော့ရှယ်ယာရောင်းဝယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Exclusive Stock Trading & Investment Seminar ကို AYAtrust Securities ကုမ္ပဏီက ဦးဆောင်ကာ ဇွန် ၄ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စတော့ရှယ်ယာဈေးကွက်အကြောင်း စိတ်ဝင်စားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည့်အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းလည်း တက်ရောက်ခဲ့သည်ဟု သိရသည်။ AYA Financial Group နှင့် AYAtrust Securities Company မှ ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး AYAtrust Securities Company မှ Senior Vice President ဦးရစ်ကီဦးက AYAtrsut Corporate Profile အကြောင်း မိတ်ဆက်ပြောကြားသည်။

ယင်းအပြင် AYAtrust ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် စင်ကာပူနိုင်ငံရှိ ဝါရင့်စတော့ရှယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော PhillipCapital မှ Mr. Gavin Chia နှင့် SAC Capital မှ Mr. Joseph Yap တို့က အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့က အခြေခံစတော့ရှယ်ယာရောင်းဝယ်ခြင်း၊ အများပိုင်ကုမ္ပဏီများအား Fundamental Analysis ဖြင့် သုံးသပ်ပုံ၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်ရန် လုပ်ဆောင်ရသည့် လုပ်ငန်းဆောင်တာများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၊ စတော့ရှယ်ယာအကြောင်း စိတ်ပါဝင်စားသူများက မေးမြန်းမှုအပေါ် ၎င်းတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ စတော့ဈေးကွက်မိတ်ဆက် လက်ရှိဈေးကွက်သုံးသပ်ပုံနှင့် i Trading Platform တို့ကို ရန်ကုန်စတော့အိတ်ချိန်းတွင် ယင်းနေ့ ညနေပိုင်းက မိတ်ဆက်ကျင်းပခဲ့သည်။ AYAtrust Securities ကုမ္ပဏီမှ ဦးထက်ဝေအောင်က မကြာမီ လွှင့်တင်တော့မည့် i Trading Platform အား နမူနာပြ မိတ်ဆက်သွားခဲ့သည်။



အဆိုပါ AYAtrust Securities ကုမ္ပဏီသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က တရားဝင်အသိအမှတ်ပြု ခွင့်ပြုထားသော Securities ကုမ္ပဏီ ၁၀ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။ Securities ကုမ္ပဏီအနေဖြင့် လုပ်ငန်း/ဝန်ဆောင်မှု စတင်ဆောင်ရွက်မှုငါးလတာရှိပြီဖြစ်ပြီး စတော့ရှယ်ယာနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ ၊ ဟောပြောပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီများက ရှယ်ယာများ စတင်ရောင်းချခြင်းကို ပြီးခဲ့သည့် မတ်လက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Securities ကုမ္ပဏီများက ရှယ်ယာရောင်းချလိုသူနှင့် ဝယ်ယူလိုသူတို့အကြား ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရသည်။

**(ကြေးမုံ)**



# တန်ဖိုးနည်းယူဇနေအိမ်ရာများ အပိုင်း(၁) တည်ဆောက်ပြီးစီးတော့မည်

**ရန်ကုန် ဇွန် ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အနာဂတ်အတွက် အခြေခံလူတန်းစား ပြည်သူများကို ခေတ်နှင့်အညီ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းအဆောက်အအုံပေါင်း မြောက်မြားစွာတို့ကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် အေ-ပိတောက်လမ်း (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ဘေးရှိ စီမံကိန်းဧရိယာ (၁၃)ဧကခန့်ရှိ မြေကွက်ပေါ်တွင် ပြည်သူများ အိုးပိုင်အိမ်ပိုင် နေထိုင်နိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်ကာ တန်ဖိုးနည်း ယုဇနအိမ်ရာအပိုင်း(၁)ကို တည်ဆောက်လျက်ရှိသည်။ ခြောက်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၄၆၈ စတုရန်းပေ အကျယ်ရှိ အခန်းပေါင်း ၂၈၈ ခန်း၊ အဆောက်အအုံ ၁၂ လုံးနှင့် ရှစ်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၄၈၄ စတုရန်းပေ × ၅၂၂ စတုရန်းပေအကျယ် အခန်းပေါင်း ၅၇၆ ခန်းရှိ အဆောက်အအုံပေါင်း ၁၈ လုံးတို့ကို ဆောက်လုပ်လျက်ရှိကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဒေါ်သဲစုငြိမ်းက ပြောကြားသည်။

၂၀၁၆ ခုနှစ်တွင် လူတိုင်းအိမ်ရာပိုင်ဆိုင်မှု ရရှိတော့မည်ဖြစ်၍ တန်ဖိုးနည်း ယုဇနအထပ်မြင့်အိမ်ရာများ အပိုင်း(၁)သည် ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးပြီဖြစ်သည်။ မကြာမီကာလတွင် လုံးဝတည်ဆောက်ပြီးစီးပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုက်ခန်းတစ်ခန်း၏ ကာလတန်ဖိုးကို အတည်ပြုသတ်မှတ်ပြီးလျှင် ပြည်သူများထံသို့ အကြောင်းကြားကြော်ငြာအသိပေး ရောင်းချပေးတော့မည်ဖြစ်ပါကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သီဂီက ပြောကြားသည်။ **(ကျော်မောင်)**

# ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဦးသူရိန်ကျော်၏ကြီးကြပ်မှုဖြင့် မြောက်ပိုင်းခရိုင် စည်ပင်သာယာကျန်းမာရေးဌာနနှင့် လှိုင်မြို့နယ် စည်ပင်သာယာ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ မဖြစ်ပွားစေရေးအတွက် ပထမရက် ၁၀၀ ကာလအတွင်း ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဇွန် ၄ ရက်က လှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက်၌ ခြင်ထောင်ဆေးစိမ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောကြားသည်။

"ဇန်နဝါရီလမှာ ခြင်ထောင်အလုံး ၂၄၀၊ ဖေဖော်ဝါရီလမှာ ၄၄၀၊ မတ်လမှာ ၄၁၀၊ ဧပြီလမှာ ၄၁၀၊ မေလမှာ ၂၈၀ နဲ့ အခုဇွန်လမှာ ခြင်ထောင်အလုံး ၃၄၀ တို့ကို ဆေးစိမ်ပေးခဲ့ပြီးပါပြီ။အလားတူ စာသင်ကျောင်းဖွင့်အမီ စာသင်ကျောင်းပေါင်း ၂၀ ကို ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းတွေလည်း ဆောင်ရွက်ထားပါတယ်" ဟု ၎င်းက ဆိုသည်။

မြောက်ပိုင်းခရိုင်နယ်နိမိတ်အတွင်းရှိ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်တို့မှ စည်ပင်သာယာကျန်းမာရေးဌာနအရာရှိများ၊ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများ၊ လှိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အမှတ် (၁) ရပ်ကွက်၊ ဇေယျာသိဒ္ဓိ (၂) လမ်းစုရပ်၌ ခြင်ထောင်များဆေးစိမ်ပေးကြပြီး ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကျန်းမာရေးအထောက်အကူပြု အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးကြသည်။

**(မောင်သုည)**






# ချမ်းမြသာစည်မြို့နယ်တွင် မင်္ဂလာမူဆယ်ညဈေးဖွင့်လှစ်

**မန္တလေး ဇွန် ၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာအိမ်ရာတွင် ဇွန် ၅ ရက် ညနေ ၆ နာရီက မင်္ဂလာမူဆယ်ညဈေးဖွင့်ပွဲပြုလုပ်သည်။

ညဈေးဖွင့်ပွဲတွင် မူဆယ်မြို့ MAGE Music Band နှင့်အတူ ရှမ်းတေးသံရှင် စိုင်းသျှန်စွမ်းဖ၊ မင်္ဂလာမန္တလေးမှ တေးသံရှင် ကိုဖြူ၊ ခိုင်မြဲသစ္စာ၊ ယမုံတို့၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားရိုးရာအကအလှများ၊ မူဆယ်မြို့မှ Snoopy&B Boy Daneerm Crew ကပြဖျော်ဖြေမှုများ၊ ပျော်ရွှင်ဖွယ် Game အစီအစဉ်များဖြင့် ကျင်းပရာ လာရောက်သူများဖြင့် အထူးစည်ကားခဲ့သည်။ မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးတွင် လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်၊ ကလေးကစားစရာဆိုင်များ၊ ဖက်ရှင်ဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဆိုင်များ၊ တရုတ်စားသောက်ဆိုင်များဖြင့် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**မိုင်းဆတ် ဇွန် ၆**

ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မိုင်းဆတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ လှူဒါန်းသော ရပ်ကွက်နှင့် ကျေးရွာများရှိ စာသင်ကျောင်း ၁၀ ကျောင်းသို့ တစ်စုံလျှင် ကျပ် ၃၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ၁၀ စုံစီကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်းတို့ကပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၃ ဦးနှင့် စာရေး ၃၁ ဦး စုစုပေါင်း ၆၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မဲဆောက်မြို့နယ်အတွင်း မြန်မာအလုပ်သမားများ လုပ်အားခ တစ်နေ့ ဘတ် ၃၀၀ ရရှိရေး AAC အဖွဲ့ ဆောင်ရွက်သွားမည်

**မဲဆောက် ဇွန် ၆**

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့နယ်အတွင်းရှိ အလုပ်ရုံများတွင် မြန်မာအလုပ်သမားများ လုပ်အားခတစ်နေ့ ဘတ်၃၀၀ အပြည့်ရရန် AAC အဖွဲ့က ကြိုးစားပေးသွားမည်ဖြစ်ကြောင်း AAC အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုရဲမင်းက ပြောကြားသည်။

ယခုလ ၂ ရက်နေ့က ထိုင်းနိုင်ငံမဲဆောက်မြို့တွင်ကျင်းပသော ထိုင်းအလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံမှ NGO အဖွဲ့များ၊အလုပ်သမားရေးလှုပ်ရှားသူအဖွဲ့အစည်းများနှင့် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲတွင် AAC အဖွဲ့က မဲဆောက်ရှိ မြန်မာလုပ်သားများမှာ တစ်နေ့ ဘတ် ၃၀၀ အပြည့်မရကြောင်း၊ တချို့လုပ်ငန်းခွင်များတွင် တစ်နေ့ ဘတ် ၈၀၊ တချို့နေရာများတွင် ဘတ် ၁၀၀ နဲ့သာ လုပ်ကိုင်နေသူများရှိကြောင်းတင်ပြသဖြင့် ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးရုံးများ အုပ်ချုပ်ကြီးကြပ်သူနှင့် ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ခွန်မန္တတ်နှင့် အလုပ်သမားဝန်ကြီးဌာနတာဝန်ရှိသူများက လက်ခံခဲ့ပြီး လုပ်အားခအပြည့်မပေးသောအလုပ်ရုံနာမည်များကို အလုပ်သမားများထံမှ ကောက်ယူပေးပါရန်နှင့်တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး အလုပ်သမားအခွင့်အရေးအပြည့်မပေးသောအလုပ်ရုံ၊ စက်ရုံများကို ထိထိရောက်ရောက် အရေးယူသွားဖြစ်သည်ဟု AAC အဖွဲ့ကိုပြောခဲ့ကြောင်း ကိုရဲမင်းကပြောသည်။

ထို့ကြောင့် မဲဆောက်မြို့နယ်အတွင်းရှိ နေ့စားခ ဘတ် ၃၀၀ အပြည့်မရသေးသော အလုပ်ရုံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလုပ်သားများအနေနဲ့ မိမိအလုပ်ရုံနာမည်အား AAC FACEBOOKစာမျက်နှာတွင်လည်းကောင်း၊မိမိတို့ဖုန်းနံပါတ်ကို ဆက်သွယ်ခြင်းဖြင့်လည်းကောင်း တိုက်ရိုက်ဆက်သွယ်ပေးပို့နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်သမား ဝန်ကြီးဌာနသို့ အလုပ်ရုံနာမည်များပေးပို့သွားရမည်ဖြစ်ပြီး ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ AAC အဖွဲ့နှင့် LPN အဖွဲ့တို့ပူးပေါင်းပြီး မဲဆောက်တစ်ခွင်မှ မြန်မာလုပ်သားများ ဘတ် ၃၀၀ အပြည့်ရရေးစီမံကိန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**




# ၂၀၁၆ ခုနှစ် အပြည့်ပြည့်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီကကြီးမှူး၍ ၂၀၁၆ ခုနှစ်အပြည့်ပြည့်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်ရွှေမန်းမောင်နှင့်အမျိုးသား၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်၊ အမျိုးသမီး အားကစားအဖွဲ့အမှုဆောင်များနှင့် အားကစားဝါသနာရှင်များတက်ရောက်အားပေးကြသည်။

ရွှေမန်းမောင်အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၂ ဦး၊ အကြီးတန်းပြိုင်ပွဲတွင်ရှစ်ဦး၊ အမျိုးသားကာယဗလကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၃၀၊ အမျိုးသမီးကာယကြံ့ခိုင်မှုရွှေမန်းမယ်အငယ်တန်းပြိုင်ပွဲတွင် ၁၂ ဦး၊ အကြီးတန်းပြိုင်ပွဲတွင် ၁၁ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ရွှေမန်းမောင်ပြိုင်ပွဲ၊အမျိုးသား၊အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကို အစီအစဉ်အတိုင်း ကျင်းပရာပြိုင်ပွဲဝင်များက သတ်မှတ်ကိုယ်ဟန်တို့ဖြင့် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကြီးကြပ်အကဲဖြတ်ဒိုင်အဖွဲ့ဝင်များကအမှတ်ပေးရွေးချယ်ပေးကြသည်။ ပြိုင်ပွဲအပြီး ရွှေမန်းမောင်၊ရွှေမန်းမယ်၊အမျိုးသား၊ အမျိုးသမီးကာယကြံ့ခိုင်မှုပထမ၊ ဒုတိယ၊ တတိယဆုရသူများအား တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့်တာဝန်ရှိသူများကတံခွန်စိုက်ဆု၊ငွေသားဆု၊ဆု တံဆိပ်များ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **(မောင်ပြည်သူ)**

# တာမွေမြို့နယ် နတ်ချောင်းရေစီးဆင်းမှု ကောင်းမွန်စေရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ခွင့်ပြုစည်ပင်သာယာရန်ပုံငွေဖြင့် တာမွေမြို့နယ်ရှိ နတ်ချောင်း ရေစီးရေလာကောင်းမွန်စေရေး စက်အား၊ လူအားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦး၏ ပြောကြားချက်အရ သိရသည်။

"တိုင်းဒေသကြီးက ခွင့်ပြုပြီး ချထားတဲ့ငွေနဲ့ မြို့နယ်အတွင်းမှာရေဆင်းမကောင်းတဲ့ နေရာတွေကို ကန်ထရိုက်စနစ်နဲ့ လုပ်ကိုင်စေတာပါ။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနဲ့ လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်တဲ့ မြို့နယ်ရေစီးရေလာကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီး နေ့စဉ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ရှင်းပြသည်။



အဆိုပါ နတ်ချောင်းရေနုတ်မြောင်းမကြီးသည် အရှည် ပေ၂၂၀၀ ရှိပြီး ယနေ့အထိရှင်းလင်း ဆယ်ယူမှုသည်ပေ ၄၀၀ ခန့်ရှိပြီဖြစ်ကာ နေ့စဉ်စနစ်တကျ ဆယ်ယူသွားမည်ဖြစ်ပါသည်။

ဆက်လက်၍ ရေဝပ်ရေလျှံမှုအဖြစ်များသည့် ယုဇနပလာဇာရှေ့နှင့် မအူကုန်းလမ်းကျယ် ယုဇနလမ်းနှင့် နှင်းဆီလမ်း အောင်မင်္ဂလာမြို့ပတ်ချောင်းများကိုလည်း ရှင်းလင်းဆယ်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၉၇)**

# လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမောင်းနှင်မှု သင်တန်းဖွင့်

**မုံရွာ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ တောင်သူလယ်သမားများနှင့် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းရန် လုပ်ကိုင်လိုသူများအား တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးပြီး တောင်သူအကျိုးပြုလယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းမောင်းနှင်မှု တစ်လသင်တန်းကို မုံရွာမြို့ အမှတ် (၆) အလတ်စား စက်ပြင်အလုံရုံတွင် ယနေ့နံနက် ၈ နာရီတွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလျက်ရှိသော ယနေ့အချိန်တွင် လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာလုပ်ငန်းများလုပ်ကိုင်သော တောင်သူများနှင့် အဆိုပါ လယ်ယာသုံး စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူများအား လုပ်ငန်းခွင်အတွင်း အချိန်တိုဖြင့် ပြုပြင် ထိန်းသိမ်းနိုင်စေရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ သင်ကြားပေးမည်ဖြစ်သည်။

"လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွေမှာ အဓိကအသုံးပြုနေတဲ့ ၅၀ ပါဝါထွန်စက်၊ ဆိုနာလီကာ ၉၀ ပါဝါနဲ့ ၇၀ ပါဝါထွန်စက်ကြီးတွေ၊ DKC-၈၆၅ ရိတ်သိမ်းခြွေလှေ့စက်၊ ကွန်ဘိုင်းဟာဘက်စတာ ရိတ်သိမ်းခြွေလှေ့စက်၊ တစ်လုံးထိုးအင်ဂျင်တွေကို ပြုပြင်ထိန်းသိမ်း မောင်းနှင်နည်းတွေကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမှာပါ"ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသမှ တောင်သူများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူ စုစုပေါင်း ၄၀ တက်ရောက်လျက်ရှိကြောင်းနှင့် အလားတူ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်း သင်တန်းများကို ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်၊ ဘုတလင်မြို့နယ်များတွင် ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **မင်းဝေ(မုံရွာ)**



# အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေး စက်ချုပ်သင်တန်းဆင်း

**မိတ္ထီလာ ဇွန် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မိတ္ထီလာခရိုင်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ကျွမ်းကျင်သည့် စက်ချုပ်သမားများပေါ်ထွက်လာစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးသည့် စက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၃ ရက် ညနေ ၃ နာရီက အဆိုပါသင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါနိုင်က ကျေးလက်ဒေသမှ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ကျွမ်းကျင်သည့် စက်ချုပ်သမားများပေါ်ထွက်လာစေပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်၍အမျိုးသမီးငယ်များ အိုးမကွာ အိမ်မကွာဘဲ မိသားစုဝင်ငွေတိုးပွားအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ တိုးပွားစေရန်၊ နည်းပညာများကို ကျေးလက်ဒေသတွင် ဆင့်ပွားပေးနိုင်စေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မိတ္ထီလာမြို့နယ်အတွင်းရှိ အုံတုံ၊ ရှမ္မငယ်၊ ငွေးကုန်း၊ ကျောက်ဖူး၊ ရွာသစ်ကျေးရွာနှင့် ဂါတ်ကုန်းကျေးရွာများမှ အမျိုးသမီးငယ် ၂၀ အား အမျိုးသမီးဝတ် ရင်စေ့လက်ဖောင်း၊ ရင်ဖုံးအင်္ကျီ၊ ရင်စေ့ကော်လံပါအင်္ကျီ၊ ရင်ဖုံးလည်ထောင်၊ ကလေးဝတ်ဘောင်းဘီ၊ သုံးပြတ်ဆက်ဂါဝန်၊ မွေးကင်စဇီးကွက်အင်္ကျီနှင့် နောက်ကွဲ လက်ဖောင်းအင်္ကျီစသည့် ဘာသာရပ်များကို မေ ၂၇ ရက်မှ ဇွန် ၃ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရ သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

# ငွေစင်ကြယ်လေးမင်းပါပဲ



လူသားနှင့်ဂီတသည် မကင်း။ မွေးကတည်းက လူတို့ ခန္ဓာကိုယ်အတွင်းဝယ် ဆင်ခြင်တုံတရားနှင့် ခံစားတတ်သည့် နှလုံးသားပါရှိလာရာ ဂီတနှင့်ပတ်သက်ပြီး လူတို့သည် ခံစားတတ်ကြသည်။ အနည်းနှင့်အများသာ ကွာ၏။ ဂီတသည် ညှို့အားပြင်း၍ လူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းသွားအောင်၊ ငိုချင်လျက်လက်တို့ အလွမ်းတောင်ပို့ဖြစ်အောင်ဖန်တီးနိုင်သလို ရွှင်မြူးလန်းဆန်းသွားအောင်၊ တက်ကြွဖွယ်ဖြစ်အောင်လည်းဆွဲဆောင်နိုင်စွမ်းရှိသည်။ ခြုံကြည့်ပါက ဂီတသည် လူသားတို့၏အကျိုးကိုသာ ဦးတည်သည်ဖြစ်ရာ လောကကိုအကျိုးပြုသည့် အနုပညာတစ်ရပ်ဟုဆိုက မှားမည်မထင်။ သို့ဖြစ်ရာ ကမ္ဘာတည်သရွေ့ ဂီတသည် ရှင်သန်နေသင့်သည်။ ဂီတသည် အလိုအလျောက်တော့ ပေါ်ပေါက်မလာ။ ဖန်တီးသူရှိမှသာ။ သည်နေရာတွင် ဂီတဖန်တီးသူနှင့် ခံစားသူတို့ကို အချိုးချကြည့်ရာ ဂီတဖန်တီးသူအရေအတွက်သည် ရာခိုင်နှုန်းအားနည်း၏။ လက်ရာမြောက် ဂီတဖန်တီးရှင်တစ်ယောက်ပေါ်ပေါက်ဖို့ဆိုသည်မှာ သာမန်အားဖြင့်မလွယ်။ ကာလတိုဖြင့်မရနိုင်။ ပင်ကိုဗီဇဝါသနာ၊ ပညာနှင့် သမ္မာတို့ကို အခြေခံ၍ နှစ်ပေါင်းများစွာရင်းမှ ဂီတဖန်တီးသူကောင်းတစ်ယောက်ရနိုင်သည်။ စာရေးသူသည် ဂီတနှင့်ပတ်သက်၍ တလေးတစား အတွေးများနေသည့်အခိုက် ရေငတ်တုန်းရေတွင်းထဲကျဆိုသလို နိုင်ငံကျော် တေးရေးပညာရှင် မင်းချစ်သူနှင့် မမျှော်လင့်ဘဲ ဆုံဆည်းခွင့်ရခဲ့သည်။

သူငယ်ချင်းဖြစ်သူ "မိုးကောင်းကင်" တေးသံသွင်းပိုင်ရှင် တက္ကသိုလ်တင်မောင်ဝင်းနှင့် ဆက်နွယ်၍ တေးရေး မင်းချစ်သူ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၆ ရက် ညက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ "Myanmar Event Park" တွင် ကျင်းပသော "မင်းချစ်သူ၏ သီချင်းများပွဲတော်"သို့ တက်ရောက်ခဲ့ရာ ဖိတ်ကြားထား သည့် စာပေ၊ ရုပ်ရှင်၊ ဂီတနယ်ပယ်အသီးသီးမှ ဧည့်သည်တော်များ၊ ဖျော်ဖြေတင်ဆက်ကြသည့် ဂီတပညာရှင်များ၊ ဂီတကို မြတ်နိုးသည့်ပရိသတ်များဖြင့် စည်ကားလှတော့ သည်။ ဖျော်ဖြေရေးစင်မြင့်ထက်တွင် လျှပ်စစ်မီးရောင်စုံအလှများ၊ LED Display နောက်ခံကား၊ မီးဆလိုက် (Sport Light)များနှင့် ခမ်းနားလှသည့် မြင်ကွင်းကို တွေ့မြင်ရသည်ဖြစ်ရာ အဆိုပါပွဲတစ်ပွဲဖြစ်ဖို့ ရင်းနှီးရသည့် ကုန်ကျစရိတ်ကလည်း အတော့်ကိုများနိုင်သည်။ ပရိသတ်များကို အကဲခတ်ကြည့်ရာ ပီတိဖုံးနေသော အပြုံးကိုယ်စီ ဖြင့် စီစဉ်တင်ဆက်သူများ ပင်ပန်းရကျိုးနပ်လေသည်။

တင်ဆက်သွားကြသည့် တေးသံရှင်များကလည်း တိုင်းသိပြည်သိ တေးသံရှင်များဖြစ်ကြပြီး မျိုးဆက်သစ်ထူးချွန် အဆိုရှင်များကိုလည်း ပွဲထုတ်ထားသည်။ စာရေးသူမှတ်မိသမျှထဲမှ အချို့ကို ဖော်ပြရလျှင် တေးသံရှင် ဇော်ဝင်းထွဋ်၊ ဂျေမောင်မောင်၊ ချစ်ကောင်း၊ ရင်ဂို၊ စည်သူလွင်၊ Rဇာနည်၊ ဂရေဟမ်၊ ဇော်ဝင်းရှိန်၊ ဖိုးကာ၊ အောင်ထက်၊ ဝိုင်းလမင်းအောင်၊ နွဲ့ယဉ်ဝင်း၊ ကော်နီ၊ ထွန်းအိန္ဒြာဗို၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ ဆုပန်ထွာ၊ စိုးပြည့်သဇင်၊ တင်ဇာမော်၊ သျှီ၊ မေခလာ၊ မီမီဝင်းဖေ၊ ဖြူဖြူကျော်သိန်း၊ ရတနာဦး။ တစ်ဖန်ဆက်၍ ထိုည တင်ဆက်သွားသည့် တေးသီချင်း ၄၇ ပုဒ်အနက် အချို့ကို ဖော်ပြရလျှင် မဇ္ဈိမ(အဖွင့်သီချင်း- Group Song)၊ ရွှေပင်လယ် (နွဲ့ယဉ်ဝင်း)၊ ဂမ္ဘီရဝိညာဉ်(မိုးစျာန်)၊ ဘဝရထား(ကော်နီ)၊ ပိုင်ရှင်(ဇော်ဝင်းရှိန်)၊ နမ်းမှာလား(ဆုထက်လှိုင်)၊ တစိမ့်စိမ့်ကြည့်(ဖိုးကာ)၊ ကြည်ဖြူပါတော့ (အောင်ထက်)၊ အဘယ့်ကြောင့်ဆိုသော်(ဖြူဖြူကျော်သိန်း)၊ အသည်းကွဲမြို့တော် (Rဇာနည်)၊ အမိကကွက်လပ် (ချစ်ကောင်း)၊ အကြင်နာစစ်ရင်(ဆုန်သင်းပါရ်)၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ(ဂျေမောင်မောင်)၊ မင်းချစ်မှ ချစ်ပါ့မလား (ဇော်ပိုင်)၊ တစ်စစီကျိုးပဲ့နေတယ်(ရတနာဦး)၊ ယူ(ရတနာမိုင်)၊ ကံကောင်းခြင်း လက်ဆောင်(ရင်ဂို)၊ ကိုယ့်ကြောင့်(စည်သူလွင်)၊ ဂန္ထဝင်စိမ်း(ဇော်ဝင်းထွဋ်)။

တေးတစ်ပုဒ်ကောင်းလျှင် သီဆိုသူသာ နာမည်ကျော်လေ့ရှိပြီး တေးရေးသူများကား ကန့်လန့်ကာနောက်ကွယ်မှ ဥယျာဉ်မှူးများပမာ၊ ဒီတေးဘယ်သူရေးပါလိမ့်ဟု သိသူရှားသည်။ ထိုသို့ ရှားသည့်သူများကိုမှ အများသိကြပြီး ထင်ပေါ်ကျော်ကြားသည့် တေးရေးသူများစာရင်းတွင် မင်းချစ်သူသည်လည်း ရှေ့တန်းကအပါအဝင်။ တေးကောင်းတစ်ပုဒ် ဖြစ်ဖို့ရာ တေးရေးသည် အခရာ၊ တေးဆိုကောင်းသူနှင့်တွဲဖက်မိပါက ထိုတေးသီချင်းသည် အတိုင်းထက်အလွန် ကောင်းလေတော့သည်။ ဆေးကောင်းတော့တစ်စက်၊ အရေးကောင်းတော့တစ်ချက်ဟု ဆိုရမလား။ မင်းချစ်သူရေးသည့် တေးများသည် တစ်ပုဒ်ရေးတစ်ပုဒ်ပေါက်သည်။ ယနေ့အထိ မင်းချစ်သူသည် သီချင်းပုဒ်ရေပေါင်း ၇၀၀ ဝန်းကျင်ရေးသားခဲ့ပြီးဖြစ်ရာ ပွဲတော်နေ့က သီချင်းပုဒ်ရေ ၄၇ပုဒ် တင်ဆက်ခဲ့သည်မှာ အချိန် ငါးနာရီကျော်ကြာသည်။ သူ့လက်ရာတေးအားလုံးကို တင်ဆက်မည်ဆိုပါက ရာမလက္ခဏာဇာတ်တော်ကြီး ကပြသကဲ့သို့ပင် ရှည်လျားဖွယ်ရာရှိသည်။ မင်းချစ်သူ၏ လက်ရာများ ထင်ပေါ်ကျော်ကြားသည့် အကြောင်းရင်းနှင့်ပတ်သက်၍ လေ့လာကြည့်ရာ မိဘဖြစ်သူ၏ အနုပညာဗီဇသွေးနှင့်အတူ ဝါသနာ၊ ဖွဲ့လုံ့လ၊ ဝီရိယနှင့် ဗဟုသုတ၊ အကြားအမြင်၊ လေ့လာမှုအားကောင်းသည်။ အဖွဲ့အနွဲ့များသည် ရိုးစင်းလှပပြီး အလင်္ကာရသဂုဏ်မြောက်ရုံသာမက ပရိသတ်နားလည်လွယ်သည့်၊ လိုက်ဆိုရလွယ်သည်။ ဘာကိုဆိုလိုမှန်းသိပြီး သီချင်းစာသားတစ်လုံးချင်းအပေါ် အပြည့်အဝနားလည် ခံစား၍ရသည်။ ဂီတအရာတွင် ကျွမ်းကျင်နှံ့စပ်ရုံမက၊ ဖွဲ့နွဲ့ရာတွင် သီချင်းတစ်ပုဒ်နှင့်တစ်ပုဒ် စာသားများသည်မဆင်၊ သံစဉ်များသည် မထပ်၊ တီးလုံးတီးကွက်ကိုလည်း အလှည့်အပြောင်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တီထွင်ပြန်လေသည်။

တေးရေးကလည်းကောင်း၊ တေးဆိုကလည်းပိုင်၊ အတီးသမားတွေကလည်းမြိုင်ပါပေ့။ တင်ဆက်ချိန်မှာ ည ၇နာရီမှ ၁၂ နာရီအထိ ဖျော်ဖြေချိန် ငါးနာရီကြာမြင့်ခဲ့သော်လည်း ပရိသတ်သည် အညောင်းအညာဖြေဖို့ပင် မေ့နေသယောင်၊ အပြင်ထွက်သူ သိပ်မတွေ့ရ။ တင်ဆက်သည့် သီချင်းတိုင်းကို ပရိသတ်အလွတ်ရနေကြပြီး လိုက်ဆိုနိုင်ကြသည်။ သီချင်းမဆိုမီ တီးဝိုင်းက Intro တီးလုံးစသည်နှင့် ဘာသီချင်းဆိုမည်မှန်းသိနေကြပြီး မင်းချစ်သူ၏ လက်ရာ၊ သီဆိုတီးခတ်သူတို့၏ပညာသည် "ဟတ်" ထိရုံမက ပရိသတ် နှလုံးသားဝယ် သံမှိုစွဲထားသကဲ့သို့ကပ်ငြိနေသည့်အလား . . .။

တေးရေးမင်းချစ်သူ အမည်ရင်း ဦးဝင်းလှိုင်၊ အဘ ဦးအောင်ခင်(ဂီတစာဆို၊ စာရေးဆရာ၊ မြန်မာ့အသံစန္ဒရား အောင်ခင်)-အမိ ဒေါ်အုန်းစိန်တို့က ၇. ၉. ၁၉၆၀ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် သူငယ်တန်းမှစတင်၍ အခြေခံပညာကို အထက(၁) ဒဂုံတွင် သင်ကြားခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ အသက် ငါးနှစ်အရွယ်မှစတင်ကာ တစ်ချိန်က မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှူးဖြစ်သူ ဖခင်ကြီး စန္ဒရားအောင်ခင် တင်ဆက်သည့် ရေဒီယိုအသံလွှင့်ဇာတ်လမ်းများတွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီး ၁၅ နှစ်သားအရွယ်တွင် ကဗျာများစတင်ရေးသားသည်။ ပထမဦးဆုံးကဗျာမှာ ၁၉၇၅ ခုနှစ်ထုတ် "ဂီတပဒေသာ" မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံခဲ့ရပြီး ထိုစဉ်က ကလောင်အမည်မှာ ဝင်းလှိုင် (ဒဂုံ-၁) ဖြစ်သည်။ ထိုကလောင်အမည်ဖြင့် တေးသီချင်းများ စမ်းသပ်စပ်ဆိုခဲ့ရာ တေးသံရှင် စန္ဒရားချစ်ဆွေနှင့် တေးသံရှင် ရီရီဝင်းတို့သီဆိုကြသည့် သီချင်းနှစ်ပုဒ် မြန်မာ့အသံ ဓာတ်ပြားအဖြစ်ရွေးချယ်ခံရသည်။ အသက် ၁၇ နှစ်အရွယ်မှ စတင်၍ "မင်းချစ်သူ" ကလောင်အမည်ကို ပြောင်းလဲခံယူပြီး ကဗျာစာပေများရေးသားခဲ့ရာ သပြေတေးမဂ္ဂဇင်းတွင် ပါဝင်ရေးသားရာမှတစ်ဆင့် မဂ္ဂဇင်းဝတ္ထုတိုများ၊ ဝတ္ထုရှည်များနှင့် ကက်ဆက်ဇာတ်လမ်း၊ ဇာတ်ဝင်တေးများရေးဖြစ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် တေးသံရှင် ပတ္တမြားသီဆိုရန်အတွက် "ရေချိုးထားတဲ့ အသည်းနှလုံး" တေးသီချင်းကိုရေးစပ်ပြီး စတူဒီယို တေးလောကသို့ စတင်ခြေချသည်။

၁၉၈၁ ခုနှစ်တွင် တေးသံရှင်နွဲ့ယဉ်ဝင်း၏ "အချစ်မြို့" တေးစီးရီးကို တစ်ကိုယ်တော်ရေးစပ်ပေးခဲ့ပြီး "ဝင်းမာလာ" တေးသံသွင်းမှ ထုတ်လုပ်ဖြန့်ချိခဲ့ရာ အရှိန်မရ၊ အချိန်မကျသေးသည့်အတွက် ထင်သလောက်တိုးမပေါက်။ ဇွဲကားမလျှော့၊ တေးသီချင်းဆက်လက်ရေးစပ်ခဲ့ရာ တေးသံရှင်ဇော်ဝင်းရှိန်၏ "ပိုင်ရှင်"သီချင်းဖြင့် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလေတော့သည်။ ဆက်၍ ၁၉၈၉ ခုနှစ်တွင် တက္ကသိုလ်တင်မောင်ဝင်း၏ "မိုးကောင်းကင်" တေးသံသွင်းအတွက် "လျှပ်စစ်မိုးကောင်းကင်" တေးစီးရီးတစ်ခွေစာ သီချင်း ၁၅ ပုဒ်ကို တစ်ကိုယ်တော်ရေးဖွဲ့ပေးခဲ့ရာ တေးသံရှင် "ဂျေမောင်မောင်၊ ဇော်ဝင်းထွဋ်၊ ချစ်ကောင်း"တို့၏ သီဆိုဟန်များဖြင့် အပေးအယူ အချိတ်အဆက် အတွဲအဖက်ညီလှသည့်အတွက် ပရိသတ်နှစ်သက်လက်ခံသည့် တေးရေး မင်းချစ်သူအဖြစ်သို့ အောင်မြင်စွာရောက်ရှိခဲ့လေတော့သည်။ ဂီတနှင့်ပတ်သက်၍ လက်ဦးဆရာများမှာ ဖခင် စန္ဒရား အောင်ခင်နှင့် ကိုကြည်သာ (မြန်မာ့အသံ)တို့ဖြစ်ကြောင်း သိရှိရသည်။

ယနေ့အထိ ဂီတသက်တမ်း ၃၅ နှစ်ကျော်ကာလအတွင်း တစ်ကိုယ်တော်ရေးစပ်ပေးခဲ့သည့် တေးစီးရီးပေါင်း ၁၅ ခွေခန့်နှင့် ရေးသားပြီး တေးသီချင်းပုဒ်ရေစုစုပေါင်း ၇၀၀ ဝန်းကျင်ခန့်ရှိသည်။ စတူဒီယိုတေးသီချင်းများသာမက နိုင်ငံတော်အထိမ်းအမှတ်နေ့ ဂုဏ်ပြုတေးများ၊ ဌာနဆိုင်ရာအကျိုးပြုတေးများ၊ ဆည်မြောင်းဖွင့်ပွဲ အမှတ်တရတေးများ ရေးစပ်ပေးခဲ့ပြန်သည်။ ၂၀၁၀ ခုနှစ်က အကယ်ဒမီဆုရရှိခဲ့သော "ပင်လယ်ထက်ကနေဝန်းနီ" ရုပ်ရှင်ဇာတ်ကားကြီး၏ ဇာတ်ဝင်တေးများမှာလည်း မင်းချစ်သူ၏ လက်ရာတေးများသာဖြစ်သည်။

မြန်မာပြည်၏ ပထမဦးဆုံးသော FM Radio ဖြစ်သည့် City FM Radio တွင် စတင်ထုတ်လွှင့်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ အနုပညာအကြံပေးနှင့် ရေဒီယိုအစီအစဉ်များ ထုတ်လုပ်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး City FM နှစ်ပတ်လည် အမှတ်တရ စင်တင်ဖျော်ဖြေပွဲ သီချင်းစီးရီး (ရုပ်/သံ)များကို အမှတ်စဉ်(၁)မှ အမှတ်စဉ် (၁၀) အထိ စီစဉ်တင်ဆက်ပေးခဲ့သည့်အပြင် အခြားသော စင်တင်ဖျော်ဖြေပွဲတေးအယ်လ်ဘမ် (ရုပ်/သံ) များကို စီစဉ်ထုတ်လုပ်ပေးခဲ့သည်။ အချို့သော ကိုယ်တိုင်ရေးတေးသီချင်း MTV များကိုလည်း စိတ်ကူးထုတ်၍ ကိုယ်တိုင်ညွှန်ကြားရိုက်ကူးခဲ့သည်။

ယခုအခါ မိခင်ကြီး ဒေါ်အုန်းစိန်၊ ဇနီး သစ်သစ်ဝင်း၊ သမီးကြီးရွှေရေးချယ်၊ သမီးငယ် မြသွန်းထယ်တို့နှင့်အတူ နေထိုင်၍ City FM Radio ၏ အစီအစဉ်ထုတ်လုပ်သူတစ်ဦးအဖြစ်လည်းကောင်း၊ Melody World တေးသီချင်းပြိုင်ပွဲ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ်လည်းကောင်း ဆောင်ရွက်ရင်း တေးသီချင်းအသစ်အသစ်များကို ရေးသားဖန်တီးနေဆဲ။

မြန်မာဂီတသမိုင်းတစ်လျှောက် ဟိုရှေးယခင်ခေတ်အဆက်ဆက်ကလည်း လက်ရာမြောက်တေးရေးဆရာများပေါ်ပေါက်ခဲ့သလို ဒီကနေ့ခေတ်မှာလည်း မင်းချစ်သူကဲ့သို့ လက်ရာမြောက်တေးရေးပညာရှင် တွေထွက်ပေါ်နေဆဲ။ ထို့ပြင် မင်းချစ်သူ၏ပွဲကဲ့သို့ ထည်ဝါခန့်ညားသော၊ အောင်မြင်သော၊ ပရိသတ်အကြိုက်တွေ့သော ဂီတပွဲတော်ကြီးပေါင်းများစွာကို တီဗွီ ဖန်သားပြင်မှာ၊ အပြင်မှာ မကြာခဏ တွေ့မြင်နေရသည်။ ခြုံငုံပြောလို သည်က ဂီတနှင့်ပတ်သက်လာလျှင် မြန်မာတွေ ဘက်စုံတော်ကြသည်။ ထို့ကြောင့်လည်း ဒို့မြန်မာတွေကွလို့ ဂုဏ်ယူမိသည်က အခါခါ။ မင်းချစ်သူပွဲမှာ ထူးခြားတာက တေးရေး မင်းချစ်သူကိုယ်တိုင် စင်ပေါ်တက်၍ ပရိသတ်ကို တလေးတစား နှုတ်ခွန်းဆက်စကားပြောကြားခဲ့သလို စင်မြင့်ပေါ်တက်ရောက်ဖျော်ဖြေကြသည့် တေးသံရှင် တိုင်းကလည်း အသက်အရွယ်အလိုက် "ဦးမင်း. . . ကိုမင်း. . . မင်းမင်း" စသဖြင့် တမင်းထဲမင်းနေကြသည်မှာ နှစ်လိုဖွယ်ရာ။ ထိုအရှိန်ကားမသေး။ စာရေးသူပွဲပြီးလို့ အိမ်အပြန် ညီငယ်မင်းချစ်သူကို သတိရပြီး တစ်ချိန်က မင်းချစ်သူရေးတဲ့ ရုပ်ရှင်မင်းသားစိုးသူ သီဆိုခဲ့တဲ့ "ကြည်ဖြူပါတော့" သီချင်းထဲက "ငွေစင်ကြယ်လေးမင်းပါပဲ"ဆိုတဲ့ သံစဉ်စာသားလေးကို မကြာခဏအလိုလို ရွတ်ဆိုနေမိတော့တယ်. . .။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၆ -၂၀၁၆ (အင်္ဂါနေ့)]

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
- ၅း၄၀ "ဝိဒူရပညာရှိအကြောင်း" (အပိုင်း-၆)တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၅)
- ၇း၅၀ ကျောက္ကာ-ရွှေဂူနီဘုရားကြီး လမ်းပေါ်တွင် တည်ရှိသော ကျောက္ကာထန်းဇလုပ် တံတားဖွင့်ပွဲ အခမ်းအနား
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၂)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ် စားမယ် (MIX Resturant Bar)
- ၁၁း၄၀ ချင်းပြည်နယ် တီးတိန်မြို့နယ်မှ မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် အလှူရှင်များမှ မျက်စိအခမဲ့စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်း (ချင်းပြည်နယ်ခရီးစဉ်)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)"(အပိုင်း-၁၀)
- ၁၂း၃၀ အနုပညာမိုးကောင်းကင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၉)
- ၅း၀၀ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၆)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၀)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၃)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၁)
- ၉း၅၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၀ World of Knowledge (Flight of the Elephant)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ"အလင်းရောင်"
- ၆း၂၀ ကာတွန်းအစီအစဉ် "Paprika"(အပိုင်း-၂)
- ၆း၅၀ MRTV Entertainment Music
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၁၃)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၆၁)
- ၈း၃၀ MRTV Entertainment Music
- ၈း၄၀ ဗိုလ်ကလေးတင့်အောင် (အပိုင်း-၃)
- ၉း၁၀ မြန်မာ့ရိုးရာကစားနည်းများ (အပိုင်း-၃)
- ၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၃၀ ရောဝတီလင်းပိုင် (အပိုင်း-၁)
- ၉း၅၀ တေးဂီတအစီအစဉ်
- ၁၀း၀၀ တောင်ပြိုးနတ်ပွဲ(အပိုင်း-၁)
- ၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရှာပုံတော်"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### mitv

- 07:25 Myanmar Games Changer (Episode- I)
- 07:50 Gold from Garbage
- 08:26 National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 2) Service Life and Literary Journey
- 08:49 Toddy Palm Product Shop
- 09:26 Archery Session (from Ramayana Play)
- 09:46 A Photographer's Life at Shwedagon Pagoda
- 09:51 Today Myanmar "The Dawn of Education Reform"
- 10:25 Ancient Heritage at Natalin
- 10:36 Moe Hnyin Than Buddhe, The Unique Pagoda In Monywa
- 10:49 Sweet Delicacy Of Pathein
- 07:26 A Day Out With Sarah (EP-5)
- 07:52 Graffiti: Portraiture

# တန်ဖိုးအကြီးဆုံး ယူရိုပြိုင်ပွဲဝင်အသင်းဖြစ်လာတဲ့ ဂျာမနီ

ယူရို-၂၀၁၆ ပြိုင်ပွဲဝင် အသင်း(၂၄)သင်းဟာ နောက်ဆုံး ဆန်ခါတင်ကစားသမား ၂၃ ဦးစာရင်းကို မေ ၃၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဒီကစားသမားတွေရဲ့ ပြောင်းရွှေ့ကြေးဘယ်လောက်အထိ ရရှိမယ်ဆိုတဲ့အပေါ် မူတည်ပြီး တန်ဖိုးအကြီးဆုံး ဥရောပလက်ရွေးစင်အသင်းကို ဂိုးလ်ဒေါ့ကွန်းက ရွေးထုတ်ပေးခဲ့ပါတယ်။ ဂျာမနီ အသင်းက ပေါင် ၅၆၂ သန်းနဲ့ တန်ဖိုးအရှိဆုံးအသင်း အဖြစ် နံပါတ်(၁)နေရာမှာ ရပ်တည်နေပြီး ဒုတိယနေရာမှာ စပိန်အသင်း၊ ဘယ်လ်ဂျီယံအသင်းက တတိယနေရာ အသီးသီးရယူထားတာကို တွေ့ရပါတယ်။

ပူပူနွေးနွေး ကမ္ဘာ့ချန်ပီယံဂျာမနီနဲ့ ယူရိုဖလား နှစ်ကြိမ်ဆက် ချန်ပီယံစပိန်တို့ဟာ တန်ဖိုးအမြင့်မားဆုံး ကစားသမားစာရင်းကို ထိပ်ဆုံးက ဦးဆောင်နေတာ သိပ်ဆန်းကြယ်တဲ့ကိစ္စမဟုတ်ပေမယ့် မကြာသေးခင်ကမှ ကမ္ဘာ့ဘောလုံးစင်မြင့်ထက်ကို တက်လှမ်းလာခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းက ဘောလုံးအင်အားကြီးတွေဖြစ်တဲ့ ပြင်သစ်၊ ဂျာမနီ၊ အီတလီအသင်းတွေကို ကျော်ဖြတ်ပြီး တတိယနေရာမှာ ရပ်တည်နိုင်တာကတော့ အနည်းငယ် ထူးခြားတယ်လို့ ယူဆရမှာ ဖြစ်ပါ တယ်။ တန်ဖိုးအနည်းဆုံး အသင်းတွေကတော့ ဟန်ဂေရီ၊ မြောက်အိုင်ယာလန်နဲ့ အယ်လ်ဘေးနီးယားအသင်းတို့ ဖြစ်ကြပါတယ်။

**မေလှဲ့သင်း - စုစည်းရေးသားသည်**



တန်ကြေးအကြီးဆုံး ယူရို-၂၀၁၆ ပြိုင်ပွဲဝင်အသင်းများ

| အသင်း | | တန်ဖိုး | အသင်း | | တန်ဖိုး |
|---|---|---|---|---|---|
| ၁။ | ဂျာမနီ | ပေါင် ၅၆၂သန်း | ၆။ | ပေါ်တူဂီ | ပေါင် ၃၂၁ ဒသမ ၇ သန်း |
| ၂။ | စပိန် | ပေါင် ၅၅၇ ဒသမ ၅ သန်း | ၇။ | ခရိုအေးရှား | ပေါင် ၂၇၂ ဒသမ ၃ သန်း |
| ၃။ | ဘယ်လ်ဂျီယံ | ပေါင် ၄၆၀ ဒသမ ၉ သန်း | ၈။ | အီတလီ | ပေါင် ၂၇၂ သန်း |
| ၄။ | ပြင်သစ် | ပေါင် ၄၅၄ သန်း | ၉။ | တူရကီ | ပေါင် ၁၈၆ ဒသမ ၁ သန်း |
| ၅။ | အင်္ဂလန် | ပေါင် ၄၄၆ သန်း | ၁၀။ | ပိုလန် | ပေါင် ၁၇၅ ဒသမ ၃ သန်း |

## ယူရို-၂၀၁၆ ပြိုင်ပွဲဝင် အသက်အကြီးဆုံး ကစားသမား ၁၁ ဦး

ဘောလုံးကစားနည်းဆိုတာ ငယ်ရွယ်သူတွေ အင်ပြည့် အားပြည့် ယှဉ်ပြိုင်ကြတဲ့ပွဲဖြစ်ပေမယ့် ကာဗယ်လ်ဟို အစ ဘတ်ဖွန်အဆုံး ဒီသက်ကြီးကစားသမားတွေဟာ ယူရို-၂၀၁၆ ပြိုင်ပွဲမှာ သက်ဆိုင်ရာ နိုင်ငံအသင်းတွေကို ဦးဆောင်လာဖို့ရှိပါတယ်။ ယူရို-၂၀၁၆ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းမှာ ရွေးချယ်ခံထားရတဲ့ အသက်အကြီးဆုံး ကစားသမား ၁၁ ဦးကို ရွေးချယ်ထုတ်နုတ်တင်ပြရရင် အများစုဟာ ဂိုးသမားနဲ့ နောက်ခံကစားသမားတွေဖြစ်နေ တာကိုတွေ့ရပါတယ်။

ဒီကစားသမားတွေကတော့ ဘယ်လ်ဂျီယံဂိုးသမား ဂီးလက်(၃၇)နှစ်၊ ယူကရိန်းနောက်ခံကစားသမား နှစ်ဦး ဖြစ်တဲ့ ရှက်ဗ်ချက်ဗ်(၃၇)နှစ်နဲ့ တီမော့ရှက်ဗ်(၃၇)နှစ်၊ အိုက်စ်လန်ကွင်းလယ်လူ ဂတ်ဂျွန်ဆင်(၃၇)နှစ်၊ ဟန်ဂေရီကွင်းလယ်တိုက်စစ် ဂီရာ(၃၇)နှစ်၊ အယ်လ်ဘေး နီးယားဂိုးသမား ရှိုဟီ(၃၈)နှစ်၊ ပေါ်တူဂီနောက်ခံလူ ကာဗယ်လ်ဟို(၃၈)နှစ်၊ မြောက်အိုင်ယာလန်ဂိုးသမား ရွိုင်းကာရိုး(၃၈)နှစ်၊ အီတလီဂိုးသမား ဘတ်ဖွန်(၃၈)နှစ်၊ ဟန်ဂေရီဂိုးသမား ကီရာလေ(၄၀)နှစ်၊ အိုင်ယာလန် ဂိုးသမား ရှေးဂစ်ဗင်(၄၀)နှစ်တို့ ဖြစ်ကြပါတယ်။



## အန်ဒီမာရေးအား အနိုင်ကစားပြီး ဂျိုကိုဗစ်ချ် ပြင်သစ်အိုးပင်းချန်ပီယံဆုအား ပထမဦးဆုံးအကြိမ်ဆွတ်ခူး

ဇွန် ၅ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်အိုးပင်း ဗိုလ်လုပွဲတွင် ကမ္ဘာ့ အဆင့်(၁) တင်းနစ်ကစားသမားနိုဗက်ဂျိုကိုဗစ်ချ်က ဗြိတိန်တင်းနစ်ကစား သမား အန်ဒီမာရေးအား ၃-၆၊ ၆-၁၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ကစားပြီး ၎င်းအတွက် ပထမဦးဆုံး ပြင်သစ်အိုးပင်း ချန်ပီယံဆုအဖြစ် ဆွတ်ခူးနိုင်ခဲ့ သည်။ ဂျိုကိုဗစ်ချ်မှာ ပထမပွဲငယ်တွင် အမှားများခဲ့သော်လည်း ဒုတိယ၊ တတိယနှင့် စတုတ္ထပွဲငယ်များတွင် စပေးနှင့် တန်ပြန်ရိုက်ချက်နှစ်မျိုး စလုံးကို အမှတ်ရအောင် တည်တည်ငြိမ်ငြိမ်ဖြင့် တုံ့ပြန်ကစားနိုင်ခဲ့သည်။

ဂျိုကိုဗစ်ချ်သည် ၂၀၁၁ ခုနှစ်နောက်ပိုင်း အကောင်းဆုံး လက်စွမ်းပြကာ ကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ပြင်သစ်အိုးပင်းချန်ပီယံဆုကို တစ်ကြိမ်တစ်ခါမျှ ဆွတ်ခူးနိုင်ခြင်းမရှိပေ။ ယမန်နှစ်ကလည်း ပြင်သစ်အိုးပင်းဗိုလ်လုပွဲတွင် ဝေါ်ရင်ကာအား အရှုံးနိမ့် ခဲ့သဖြင့် ချန်ပီယံဆုကို လက်လွှတ်ခဲ့ရဖူးသည်။

ဂျိုကိုဗစ်ချ်က "ဒီခဏက ကျွန်တော့်အတွက် အလွန်ပဲအရေးကြီးတဲ့ အခိုက်အတန့်ပါ။ ပြင်သစ်အိုးပင်းက ကျွန်တော့်အတွက် တကယ့်ကို အရေး ကြီးတဲ့ ဖလားတစ်လုံးပါ"ဟု ဆုချီးမြှင့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြင်သစ်အိုးပင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းကြောင့် ဂျိုကိုဗစ်ချ်မှာ ဂရင်းစလင်း ချန်ပီယံဆု(၁၂)ကြိမ်အထိရယူနိုင်ခဲ့သော ကစား သမားတစ်ဦးဖြစ်လာခဲ့သလို ဂရင်းစလင်းပြိုင်ပွဲ လေးရပ်(ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်း)လုံးတွင် ချန်ပီယံဆု ရယူနိုင်ခဲ့သည့် ရှစ်ဦးမြောက် ကစားသမားလည်း ဖြစ်လာခဲ့သည်။ ဂျိုကိုဗစ်ချ် မှာ ၂၀၁၆ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်းကို ဆွတ်ခူးထားနိုင်ခဲ့သလို ယခုပြင်သစ်အိုးပင်းတွင်လည်း ချန်ပီယံဖြစ်ခဲ့သဖြင့် လက်ဗာကဲ့သို့ တစ်ရာသီတည်း ဂရင်းစလင်းလေးပွဲစလုံး ဆွတ်ခူးနိုင်သည့် ကစားသမား ဖြစ်လာရန် မျှော်လင့်နိုင်ပြီဖြစ်သည်။

ယခုနှစ် ပြင်သစ်အိုးပင်းကို ဖက်ဒဲရာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမ ရှိသလို မြေစေးကွင်းဘုရင် နာဒဲလ်မှာလည်း ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ရာ ယခင်နှစ် ပြိုင်ပွဲများထက် ပြိုင်ဆိုင်မှုအရှိန် အနည်းငယ် လျော့ကျခဲ့သည်။

## ယူရို-၂၀၁၆ ပြိုင်ပွဲမှာ ရွန်းနီကိုရင်ဆိုင်ဖို့ ပြင်ဆင်ထားပြီးဖြစ်တဲ့ စီရိုနယ်လ်ဒို

စီရိုနယ်လ်ဒိုက ယူရို-၂၀၁၆ ပြိုင်ပွဲ ပေါ်တူဂီနဲ့ အင်္ဂလန်အသင်းတို့ တွေ့ဆုံမယ်ဆိုရင် သူ့အနေနဲ့ ထူးခြားတဲ့စိတ်ခံစားချက်ရှိလာမှာဖြစ်တယ်လို့ ဇွန် ၆ ရက်က အင်တာဗျူးတစ်ခုမှာပြောကြားခဲ့ပါတယ်။ စီရိုနယ်လ်ဒိုဟာ နိုင်ငံတကာ ပွဲစဉ်တွေကစားခါနီးတိုင်း အင်္ဂလန်အသင်းနဲ့တွေ့ဆုံရင် ဘယ်လိုဖြစ်မှာလဲ ဆိုတဲ့မေးခွန်းကို အမေးခံရသူဖြစ်ပါတယ်။ အခုတစ်ကြိမ်မှာတော့ စီရိုနယ်လ်ဒို က ပေါ်တူဂီသာ အင်္ဂလန်ကိုရင်ဆိုင်ရရင် သူ့အနေနဲ့ စိတ်လှုပ်ရှားစရာ ကြုံတွေ့ လာရဖို့ရှိနေပြီး ဒါဟာ ရွန်းနီကြောင့် အခြေတည်လာတဲ့ စိတ်ခံစားချက်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်တယ်လို့ ဆိုပါတယ်။

သူတို့ နှစ်ဦးဟာ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ မန်ယူအသင်းမှာ အတူတကွ ကစားခဲ့ကြပြီး ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေကို ဆွတ်ခူးခဲ့ကြပါတယ်။ စီရိုနယ်လ်ဒို မန်ယူမှာ ကျင်လည်နေတဲ့ ငါးနှစ်တာ ကာလအတွင်း သူတို့နှစ်ဦး နိုင်ငံတကာပွဲတွေမှာနှစ်ကြိမ် (ယူရို-၂၀၀၄၊ ၂၀၀၆ ကမ္ဘာ့ဖလား)တွေ့ဆုံခဲ့ပြီး နှစ်ကြိမ်စလုံးမှာ ပေါ်တူဂီအသင်းက ပင်နယ်တီအဆုံးအဖြတ်နဲ့ အင်္ဂလန် အသင်းကို နောက်ကောက်ချနိုင်ခဲ့ပါတယ်။

ပထမအကြိမ် ယူရို-၂၀၀၄ မှာ ရွန်းနီဟာ ခြေထောက် ကျိုးသွားခဲ့လို့ ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်းမရှိခဲ့ပေမယ့် ဒုတိယအကျော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ရွန်းနီဟာ ကာဗယ်လ်ဟိုကို တက်နင်းခဲ့တာကြောင့် တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။ ဒီလို ရွန်းနီထုတ်ပယ်ခံရတာဟာ စီရိုနယ်လ်ဒိုရဲ့ ဒိုင်အပေါ် ဖိအားပေးတိုက်တန်းမှုကြောင့်ဖြစ်သလို ရွန်းနီကွင်းထဲက ထွက်သွားပြီး နောက်မှာ စီရိုနယ်လ်ဒိုက ပေါ်တူဂီ ပရိသတ်တွေဘက်ကို မျက်စိမှိတ်ပြခဲ့တာကို ကင်မရာတွေက အမိအရရိုက်ယူနိုင်ခဲ့တာကို လွန်လွန်ကျူးကျူးရေးသားကြတဲ့ အင်္ဂလန်မီဒီယာတွေကြောင့် စီရိုနယ်လ်ဒိုအနေနဲ့ အင်္ဂလန်မြေကို ပြန်လာဖို့ ဖိအားဒဏ်ခံခဲ့ရတာကို ပရိသတ်တွေ မှတ်မိဦးမယ်ထင်ပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်စဉ်ကြောင့် သူတို့နှစ်ဦးရဲ့ ခင်မင်မှု သံယောဇဉ်ဟာ ပြိုကွဲသွားခြင်းမရှိဘဲ အခုထိ ရွန်းနီက စီရိုနယ်လ်ဒိုဟာ သူ့ရဲ့ အကောင်းဆုံးခြေစွမ်းပိုင်ရှင် အသင်းဖော်ဖြစ်သလို အောင်မြင်မှုကို အမြဲဆာလောင်နေတဲ့ စိတ်ဓာတ်က ကစားသမားတိုင်းအတွက် အတုယူစရာကောင်းတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

သူတို့နှစ်ဦး ပြိုင်ဘက်တွေအဖြစ် တွေ့ဆုံခဲ့ကြတာက လွန်ခဲ့တဲ့ ၁၀ နှစ်တာကာလကဖြစ်ပြီး အဲဒီအချိန်တုန်းက စီရိုနယ်လ်ဒိုဟာ အသက်(၂၁) နှစ်၊ ရွန်းနီက အသက်(၂၀)အရွယ်သာ ရှိနေကြသေးလို့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေမှာ ကြုံတွေ့ရတဲ့ ဖိအားဒဏ်ကို အကောင်းဆုံး ကျော်ဖြတ်နိုင်စွမ်း မရှိခဲ့တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုရဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ စရိုက်လက္ခဏာနဲ့ ပြိုင်ပွဲကြီးတွေရဲ့ ဖိအားဒဏ်ကို ပြင်းထန်စွာ တုံ့ပြန်တတ်တဲ့ ရွန်းနီရဲ့ ဗီဇစိတ်ဓာတ်တို့ ရင်ဆိုင်တွေ့ဆုံမှုဟာ မီဒီယာတွေအကြား အမြဲရေပန်းစားတဲ့ သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

ဒီအချိန်မှာတော့ သူတို့နှစ်ဦးစလုံးဟာ အသက်(၃၀)ကျော်အရွယ် သက်ဆိုင်ရာ နိုင်ငံအသင်းတွေရဲ့ အသင်းခေါင်းဆောင်တွေလည်း ဖြစ်လာကြပြီ ဖြစ်တဲ့အတွက် အခုယူရို-၂၀၁၆ ပြိုင်ပွဲအတွင်း တတိယအကြိမ်မြောက် ထပ်မံတွေ့ဆုံခဲ့မယ်ဆိုဟိုအရင်ကလို ပြဿနာတွေနဲ့ အဆုံးသတ်သွားဖို့မရှိဘဲ တစ်ဦးနဲ့ တစ်ဦး လေးစားခြင်း၊ ချစ်ခင်ခြင်းတွေနဲ့အတူ အရှုံး၊ အနိုင်ဆိုတဲ့ ရလဒ်ပိုင်းအပေါ် ပိုပြီးနားလည်လက်ခံလာနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။



## နယ်လှည့်ဆေးကုသရေးဆောင်ရွက်

**ကော့မှူး ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ မိုးကောင်းဘုရားဘုန်းတော်ကြီးကျောင်း၌ ဇွန် ၃ ရက် နံနက် ၉ နာရီက အမှတ် (၁)တပ်မတော် ခုတင် ၁၀၀၀ မှ ဗိုလ်မှူးအောင်ငြိမ်းချမ်း ဦးစီးသော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါဆေးကုသရာနေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆန်းနိုင်၊ ဧရာဝတီရေတပ်စစ်ဌာနချုပ် ဒလတပ်နယ်မှ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး နေထွန်းဦးတို့က လာရောက်ပြသကြသော ဝေဒနာရှင်လူနာများကို အားပေးစကားပြောကြားခဲ့ပြီး အထွေထွေရောဂါသည် ကျား ၈၆ ဦး၊ မ ၂၂၃ ဦးတို့အား တစ်ရက်တာ အခမဲ့ဆေးကုပေးခဲ့ကြောင်း သိရသည်။

**ကော့မှူးသားလေး**

## ၂၀၁၆–၂၀၁၇ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော ရန်ကုန်–ပြည်–မန္တလေး လမ်းပေါ်ရှိ တံတား ရှစ်စင်း၏ချဉ်းကပ်လမ်း ပြေပြစ်စေရန် ပြုပြင်

**တောင်သာ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်လမ်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော ရန်ကုန်-ပြည်-မန္တလေးလမ်း ၆၉၇ km မှ ၇၁၁ km အတွင်း တံတားရှစ်စင်းအား ဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းနှင့် ဦးစီးအရာရှိ (မြို့ပြ) အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရက် ၁၀၀ စီမံချက်အတွင်း လိုအပ်သောကတ္တရာများ ရရှိပြီးဖြစ်၍ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ ပထမပတ်တွင် တံတားတစ်စင်း၊ ဒုတိယအပတ်တွင်တံတားသုံးစင်း၊ တတိယအပတ်ဖြစ်သော ယခုလတွင် တံတားလေးစင်းအား ဆောင်ရွက်လျက်ရှိသည်။

ဦးဌေးဝင်း မြို့နယ်ဦးစီးအရာရှိ (မြို့ပြ ) က "ယခုလိုဌာနအနေဖြင့်ဆောင်ရွက်မှုသည် ပြည်သူများအသုံးပြုတဲ့အခါ ပိုပြီးတော့အဆင်ပြေဖို့၊ သက်တောင့်သက်သာရှိဖို့၊ ဘေးအန္တရာယ်ကင်းဖို့၊ လုံခြုံဖို့၊ စိတ်ချဖို့၊ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့အတွက် တံတားအဝင်အထွက် နိမ့်ကျနေတဲ့နေရာကို ကတ္တရာတွေ အနိမ့်အမြင့်ဖြေညှိခြင်း၊ တံတားအဝင်အထွက် ချုံနွယ်ပိတ်ပေါင်းတွေရှင်းလင်းခြင်းနှင့် အဆင့်အတန်းမီတဲ့ လမ်းတွေ တံတားတွေဖြစ်ဖို့ ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## စိန်တလုံးသရက်သီးများ အသီးတင်မှုနည်းခဲ့သော်လည်း ဝယ်လိုအားကောင်း၍ ဈေးကောင်းရရှိကာ ခြံပိုင်ရှင်များအကျိုးဖြစ်

**မန္တလေး ဇွန် ၆**

သရက်ပင်သည် အပူပိုင်းဒေသများတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော အပင်မျိုးဖြစ်ပြီး မြန်မာနိုင်ငံနေရာတော်တော်များများတွင် ပေါက်ရောက်သောအပင်တစ်မျိုးဖြစ်သည်။ သရက်သီးသည် လူအများကြိုက်နှစ်သက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အသီးတစ်မျိုးဖြစ်သည်။ သရက်သီးအမျိုးအစားများစွာရှိပြီး လူကြိုက်အများဆုံးမှာ စိန်တလုံးသရက်သီးဖြစ်သည်။ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးရှိ သရက်သီးအရောင်းဆိုင်များတွင် စိန်တလုံးသရက်သီးများ ရောင်းအားကောင်းပြီး ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

"သရက်သီးတွေကတော့ လတ်လတ်ဆတ်ဆတ်ပဲ။ ခြံကခုမှခူးလာတာလေ။ စိန်တလုံးမျိုးတွေ၊ တချို့ကို ဒီလမ်းဘေးမှာရောင်းပြီး တချို့ကို မန္တလေးကပွဲရုံတွေဆီကို သွားပို့တယ်။ ခုရက်ပိုင်း ဈေးကတော့ကောင်းတယ်။ စိန်တလုံးသရက် (အကြီး) တစ်လုံးကို ၄၀၀၊ ၅၀၀ ကျပ်လောက်ပေါက်တယ်။ ဒီမှာတော့ တခြားမျိုးတွေဖြစ်တဲ့ ဟသ်ာ၊ သုံးလုံးတစ်တောင်၊ ရင်ကွဲ၊ မချစ်စု၊ သံကောက်၊ ဘဲလေး၊ ပန်းဆွဲ အစရှိတဲ့ အသီးမျိုးတွေက သူ့လောက်ရောင်းအားမကောင်းဘူး။ စိန်တလုံးပျိုးပင်ဝယ်ချင်လည်း ကျွန်တော်တို့ဆီမှာရောင်းပါတယ်။ သရက်သီးအမှည့်က အမျိုးအစားပေါ်မူတည်ပြီး စားကောင်းတာရှိသလို စားမကောင်းတာလည်း ရှိပါတယ်။ တချို့က အခွံပါး၊ တချို့က အခွံထူ၊ တချို့က အမွှေးပေါ၊ တချို့က အနံ့နံတာတွေလည်းရှိတယ်။ စိန်တလုံးသရက်ကတော့ လူကြိုက်အများဆုံးပဲ။ ဘာလို့လဲဆိုတော့ အဲဒီအသီးက အခွံပါးပြီး အသားထူ၊ အမွှေးအမျှင်လည်းနည်းပြီး အနံ့အရသာလည်းကောင်းတော့ လူကြိုက်များတာပါ။ ဒီနှစ်က သရက်ခြံပိုင်ရှင်တွေ ဈေးကောင်းတော့ရပါတယ်။ သရက်သီးအထွက်နည်းတော့ သိပ်မကိုက်ကြဘူး။ သရက်သီးအထွက်နည်းပေမယ့် ဈေးကောင်းရတော့ တော်သေးတာပေ့ါ"ဟု ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာမှ သရက်ခြံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ယခုနှစ်တွင် သရက်ခြံပိုင်ရှင်များအနေဖြင့် သရက်ပွင့်ချိန်မှာ မိုးရွာတာကတစ်ကြောင်း၊ သရက်ကင်းချိန်တွင် လေတိုက်ပြီး သရက်သီးရင့်မှည့်ချိန်တွင် လေပြင်းတိုက်ခတ်ခြင်းများကြောင့် သရက်သီးအထွက်နှုန်း နည်းခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ ကလောချောင်း ရေစီးရေလာကောင်းမွန်ရေး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထု စုပေါင်းလုပ်အားပေး



**ကလော ဇွန် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ ကလောချောင်းရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အများပြည်သူအလုပ်နားရက်ဖြစ်သော ဇွန် ၄ ရက် စနေနေ့ နံနက် ၇ နာရီမှ ၁၁ နာရီထိ ကလောချောင်းစီးဆင်းရာ ရပ်ကွက်(၃) အရှေ့ဗိုလ်ကုန်းရပ်မှ ရပ်ကွက်(၄)၊ ရပ်ကွက်(၂)၊ စခန်းသာနှင့် အင်းပြင်ရပ်ကွက်များအထိ ချောင်းတစ်လျှောက်ကို ကလောမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ်မိသားစုများ၊ ရပ်ကွက်ပြည်သူလူထုများစုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များ ခုတ်ထွင်ရှင်းလင်း လုပ်အားပေးခြင်း၊ စက်ယန္တရားများဖြင့် တူးဖော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကလောချောင်းသည် မိုးရာသီတောင်ကျရေများကြောင့် နှစ်စဉ်ရေကြီးရေလျှံဘေးအန္တရာယ်ဒုက္ခ ကြုံကြရသည်။ နိုင်ငံတော်အစိုးရ ရှမ်းပြည်နယ် မြို့နယ်စည်ပင်သာယာရေး ဘဏ္ဍာရေးရန်ပုံငွေများ လွှတ်တော်ကိုယ်စားလှယ်အထောက်အကူပြုရန်ပုံငွေများဖြင့် ပြုပြင်ဆောင်ရွက် အကောင်အထည်ဖော်ခဲ့ကြသော်လည်း ချောင်းတစ်လျှောက် လူနေအိမ်ခြေများ တိုးပွားများပြားလာခြင်း နှစ်စဉ်ရေတိုက်စားခြင်းများ၊ ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့ကာ ချောင်းတိမ်ကောပြီး ပြန်လည်ပျက်စီးခြင်းကြောင့် နှစ်စဉ်ဆက်တိုက်ပြန်လည်ပြုပြင်နေကြရသဖြင့် ကလောတပ်နယ်မိသားစုဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာဦးစီးများ၊ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ ရပ်မိရပ်ဖပြည်သူလူထုအင်အား ၂၀၀ ကျော်တို့က ဌာနဆိုင်ရာအလုပ်နားရက်တွင် စုပေါင်းကာ လူထုလုပ်အားပေးပွဲ ပြုလုပ်ကြခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်က ပြောသည်။

**(ဝဇ၁)**

## မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ရှမ်းတောင်ဇုန်)မှဦးဆောင်ကျင်းပသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(အခြေခံ) ညှိကြိုသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၆**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်)မှ ဦးဆောင်ကျင်းပသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (အခြေခံ) ညှိကြိုသင်တန်းဖွင့်ပွဲ ကို ၂၀၁၆ ခုနှစ် ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ညောင်ရွှေမြို့ သက်မွေးပညာသင်တန်းကျောင်း၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်း၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက အမှာစကားပြောကြားရာ မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်မှစ၍ ခရီးသွားလုပ်ငန်းတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာသောကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း၊ နိုင်ငံခြားသားဧည့်သည်များ များပြားလာသည့်အလျောက် ဟိုတယ်ဆိုင်ရာ အရည်အသွေး၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရန်လည်းလိုအပ်ကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းတို့တွင်လည်း ဟိုတယ်အရေအတွက် ပိုမိုတိုးတက်လာကြောင်း ပြောကြားခဲ့သည်။

ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများကိုလည်း ၂၀၁၆ ခုနှစ်အတွင်း ညောင်ရွှေ၊ ကလော၊ နမ့်စန်တို့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုပင်းတယမြို့တွင်လည်း ဖွင့်လှစ်လျက်ရှိကြောင်း၊ ယခုသင်တန်းသည် ရက်သတ္တလေးပတ်ကြာဖွင့်လှစ်မည်ဖြစ်သဖြင့် အခြေခံအဆင့်သာဖြစ်ပြီး ဆက်လက်၍ ပညာဆည်းပူးကြစေလိုကြောင်း၊ ဟိုတယ်လုပ်ငန်းအတွက် အားကိုးအားထားပြုရမည့် ဟိုတယ်ဝန်ထမ်းကောင်းများဖြစ်စေလိုကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးခွဲမှ ညွှန်ကြားရေးမှူးဦးထင်အောင်နိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧပြီလနှင့်မေလခရီးစဉ်များတွင် ဟိုတယ်နှင့်တည်းခိုခန်းများအတွက် ဝန်ဆောင်မှုကောင်းမွန်ရန်၊ သင်တန်းတက်ရန်လိုအပ်သည့်ဝန်ထမ်းများအား သင်တန်းပေးရန် မှာကြားခဲ့သည်။

ဟိုတယ်နှင့် တည်းခိုခန်းများသည် ဝန်ဆောင်မှုပေးရာတွင် ကျွမ်းကျင်ဝန်ထမ်းဖြစ်လာစေရန် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများသို့ သင်တန်းသားများစေလွှတ်ရမှာဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း သင်တန်းဆရာများ၏ သင်ကြားပို့ချမှုများကို ကြိုးစားအားထုတ်လိုက်နာကြစေလိုကြောင်း၊ နောင်တွင်လည်း အဆင့်မြင့်သင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် ယခုသင်တန်းမှ အဆင့်မြင့်အောင်မြင်ရန် ကြိုးစားမှသာလျှင် တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းအား ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးမှ ညွှန်ကြားရေးမှူးသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ပို့ဆောင်ပေးနေသော စက်လှေများအား လိုင်စင်ပြုလုပ်ပေးနေသော ညောင်ရွှေမြို့နယ်ခန်းမသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်လှေလိုင်စင်ပြုလုပ်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။ ညွှန်ကြားရေးမှူးက စက်လှေပိုင်စင်များအား ပြုလုပ်ပေးနေသော ဝန်ထမ်းများအား မြန်မြန်ဆန်ဆန်ပြီးအောင်ဆောင်ရွက်ရေး မှာကြားပြီးနောက် လိုင်စင်ပြုလုပ်သော စက်လှေများ ကြံ့ခိုင်မှုအခြေအနေ အသက်ကယ်အင်္ကျီပါရှိမှု ရှိ-မရှိ ၊ အခြားဝန်ဆောင်မှုပစ္စည်းများ၊ အချက်ပြမီးစသည်တို့အား အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။

စက်လှေလိုင်စင်များကို ဇွန် ၁ ရက်နေ့မှ ဇွန် ၁၅ ရက်ထိ လည်းကောင်း ကနဦးစတင်ပြုလုပ်ပေးပြီး မော်တော်ယာဉ်လိုင်စင်များအား ဇွန် ၁၆ ရက်မှ ဇွန် ၃၀ ထိ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ နောင်လာမည့်လများတွင်လည်း ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# စိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် လယ်တစ်ဧကအတွက် ကျပ်ငါးသောင်းပိုကာ ကျပ်တစ်သိန်းခွဲအထိ ထုတ်ချေး

**ပုသိမ်ကြီး ဇွန် ၆**

စိုက်ပျိုးရာသီ သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ် အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးသူများအား မေ ၁၉ ရက်မှစတင်ကာ ယခင်က တစ်ဧကကျပ်တစ်သိန်းသာ ထုတ်ချေးပေးနိုင်ရာမှ လက်ရှိ မိုးစပါးချေးငွေရာသီတွင် ကျပ်ငါးသောင်းပိုကာ ကျပ်တစ်သိန်းခွဲအထိ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်စန္ဒာအောင်က ပြောသည်။

ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာမှ တောင်သူ ၂၃၄ ဦး၏ မိုးစပါးစိုက်ဧက ၁၀၃၈ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေကျပ်ပေါင်း ၁၅၅၇ သိန်း ထုတ်ချေးပေးနိုင်ခဲ့သည်။ ထုတ်ချေးပေးရာတွင် ပုံစံ (၇) ဖြင့်စိစစ်ကာ အမှန်တကယ်စိုက်ပျိုးသည့် ဧကများကိုသာ ထုတ်ချေးခြင်းဖြစ်ပြီး ဘဏ်သို့ တောင်သူများကိုယ်တိုင် ထုတ်၍ သီးနှံပေါ်ချိန် ဒီဇင်ဘာနှင့် ဇန်နဝါရီလ၌ ချေးငွေ ပြန်ဆပ်ရာတွင်လည်း ကိုယ်တိုင်ဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

“ဦးလေးတို့အတွက် အဆင်ပြေပါတယ်။ ဒီနှစ်ကတော့ အလုပ်သမားခလေး ပိုရတာပေါ့။ တစ်ဧကအတွက် နှစ်သိန်းလောက်ဆိုရင်ပိုကောင်းတာပေါ့။ တစ်သိန်းခွဲဆိုတာလုံလောက်တဲ့ပမာဏမဟုတ်ပေမယ့် တောင်သူတွေအတွက် တော်တော်လေးအဆင်ပြေပါတယ်။ ဦးလေးက လယ်၁၅ ဧကရှိပါတယ်။ နှစ်ဧကက ပုံစံ (၇) မရသေးလို့ ထုတ်မပေးပါဘူး။ ငွေချေးဖို့အတွက် ကြိုပြီးတင်ထားရတယ်။ ပြီးတော့မှ ရုံးကစိစစ်ပြီး ချိန်းတဲ့ရက်မှာ လာပြီးထုတ်ရတာပါ။ ပုံစံ(၇)ရှိတဲ့လယ်တွေဆိုရင်တော့ အားလုံးထုတ်ပေးပါတယ်” ဟု ရန်ကင်းတောင်ကျေးရွာအုပ်စုမှ တောင်သူ ဦးသန်းမောင်က ပြောသည်။

လက်ရှိ မိုးစပါးစိုက်ပျိုးရာသီတွင် ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု (၄၂) အုပ်စုအတွက် လယ်တစ်ဧက ကျပ်တစ်သိန်းခွဲ၊ ယာတစ်ဧက ကျပ် ၂ သောင်းနှုန်းဖြင့် စုစုပေါင်းကျပ်သိန်းပေါင်း ၂၃၀၀၀ ခန့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေ(ဆင်တဲ၀)**

## မယ်ဆွမ်တောင်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



**မိုင်းဆတ် ဇွန် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်တောင်ရပ်ကွက်တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆွမ်တောင်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုများအား မေ ၄ ရက် နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ မယ်ဆွမ်တောင်ချောင်းသည် နှစ်စဉ်မိုးရာသီ၌ ရေကြီးရေလျှံမှုဖြစ်ပြီး ရပ်ကွက်အတွင်းရှိ အိမ်များသို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိရာ ယခုလို တူးဖော်ဆောင်ရွက်ပေးသဖြင့် ရပ်ကွက်နေပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# မြစ်သားမြို့တွင် မွေးစမှ ၅ နှစ်ထိကလေးများအား ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသော အကြိမ်၊ အသက်အရွယ်တွင် ထိုးနှံ၊ တိုက်ကျွေးပေးနိုင်ရေး စီမံဆောင်ရွက်

**မြစ်သား ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနက မွေးစမှ ၅ နှစ်အထိ ကလေးများအား ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ထိုးနှံ၊ တိုက်ပေးနိုင်ရေး ရွှေသူဌေးရပ်ကွက်၊ မင်းကုန်းရပ်ကွက်နှင့် ရှမ်းပွဲရပ်ကွက်တို့တွင် ဇွန် ၄ ရက် နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သူနာပြုဆရာမများက ကလေးငယ်များကို တီဘီ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် ဝက်သက်ရောဂါများအတွက် ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ထိုးနှံ၊ တိုက်ပေးနိုင်မှသာလျှင် ကာကွယ်ပေးနိုင်မည်ဖြစ်သောကြောင့် ကာကွယ်ဆေးထိုးရန်ကျန်နေသော ကလေးငယ်များ မရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၅ နှစ်အောက်ကလေးများ ကိုယ်အလေးချိန်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ မေးခိုင်ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ ဗိုက်စမ်းသပ်ခြင်းနှင့် တစ်နှစ်ခွဲအောက်ကလေးများကို ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ပြီး ဇွန် ၅ ရက်တွင် မြို့မရပ်ကွက်၊ ဘူတာရပ်ကွက်တို့တွင်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယားဘာသာ ပညာဒါနသင်တန်းဆင်းပွဲကျင်းပ

**တောင်တွင်းကြီး ဇွန် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ လူငယ်လူရွယ်များ နိုင်ငံတကာသုံး ဘာသာစကားတတ်မြောက်စေရန်ရည်ရွယ်၍ ရတနာပင်စည်တောရ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်က ကြီးမှူး၍ ပထမအကြိမ် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယားဘာသာစကား ပညာဒါနသင်တန်းဆင်းပွဲကို အဆိုပါကျောင်းတိုက်၌ ဇွန် ၄ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုက်သစ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်ကြီးများကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သင်တန်း၌ ထူးခွန်စွာအောင်မြင်ခဲ့ကြသည့် အင်္ဂလိပ်စာပထမဆုရ မမေသင်းခိုင်၊ ဂျပန်စာပထမဆုရ မရွှေပဏီထွန်း၊ ကိုရီးယားစာပထမဆုရ မဇင်မာအောင်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းများကို တစ်လကြာမျှ သင်ကြားပို့ချခဲ့ပြီး အင်္ဂလိပ်စာဘာသာတွင် ၉၄ ဦး၊ ဂျပန်ဘာသာတွင် ၅၂ ဦး၊ ကိုရီးယားဘာသာ ၂၆ ဦးတို့ အသီးသီး ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြကြောင်း သိရသည်။ **(၅၈၀)**

## ကျောင်းသား/သူများယဉ်ကျေးလိမ္မာရှိစေရေး ဓမ္မစကူးဖွင့်လှစ်

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူနယ်မြေအတွင်းရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ တတိယအကြိမ်မြောက် ဓမ္မစကူးကျောင်းတော်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကဝိန္ဒ(ဂန္ထဝါစကပဏ္ဍိတ)က ဓမ္မစကူးကျောင်းတော်ကို တက်ရောက်သင်ကြားကြမည့် ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ခန့်တို့ကို ဩဝါဒစကား မိန့်ကြားပေးခဲ့သည်။

အဆိုပါ ဓမ္မစကူးကျောင်းတော်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆရာ၊ ဆရာမ ၂၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဓမ္မစကူးကျောင်းသား၊ ကျောင်းသူလေးများအတွက် အပတ်စဉ် ကုသိုလ်ရှင်များက အာဟာရဒါနများ လှူဒါန်းလျက်ရှိကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန့်မောင်**

## ကျွန်းလှမြို့တွင် ယာဉ်ရပ်နားစခန်းအား ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် ယာဉ်ရပ်နားစခန်းအား ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကျောက်ခင်းခြင်းကို မြို့နယ်စည်ပင်သာယာကော်မတီနှင့် အောင်ရတနာ၊ အောင်နိုင်မန်း၊ ရန်အောင်မန်း၊ ရွှေကြယ်စင်၊ ကြယ်တံခွန်၊ ရွှေကျွန်းလှ မန်းကားဂိတ်တို့ပူးပေါင်းပြီး (အရှည် ၁၄၀ × အနံ ၅၀) ပေအား သိန်း ၆၀ ခန့်ကုန်ကျခံဆောင်ရွက်ကြောင်း ဂိတ်မှူးက ပြောပြသည်။

ယာဉ်ရပ်နားစခန်းမှာ ယခင်က မြေသားဖြစ်၍ မိုးရာသီတွင် ခရီးသည်များ၊ ကားများသွားလာရေး ခက်ခဲကြောင်း၊ ကျောက်ခင်းလိုက်ရာကားရပ်နားခြင်းနှင့် အဝင်အထွက်အဆင်ပြေကြောင်းကားမောင်းသူတစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကျောင်းသား၊ ကျောင်းသူလေးများကို ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ရည်ရွယ်၍ ဆိပ်ဖြူမြို့၌ ယောဂကျင့်စဉ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**ဆိပ်ဖြူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြို့နယ်အဆင့် ယောဂကျင့်စဉ် ဆင့်ပွားသင်တန်းကို ဇွန် ၄ ရက်က မြို့နယ်ပညာရေးမှူးရုံးမှကြီးကြပ်၍ အ. မ. က (၇၀) တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးပညာရေးမှူးရုံး၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပညာရေးမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ယောဂကျင့်စဉ် ဆင့်ပွားသင်တန်းကို မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများမှ ကာယ ဆရာ၊ ဆရာမများ တက်ရောက်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သတ်၍ အခြေခံပညာကျောင်းများမှ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူလေးများကို ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း နည်းပြဆရာမ ဒေါ်သန်းသန်းဦးက ပြောသည်။

ယောဂကျင့်စဉ်ကို ကျောင်းသား၊ ကျောင်းသူလေးများအား ကာယသင်ခန်းစာဘာသာရပ်တစ်ခုအဖြစ် ဆက်လက်ပို့ချ သင်ကြားပြသပေးသွားမည်ဖြစ်ပြီး ယောဂကျင့်စဉ်ဆင့်ပွားသင်တန်းကို ဇွန် ၄ ရက်မှ ၅ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**



# ပဲခူးမြို့ ဥသျှောင်ကြီးသစ်(၅)ရပ်ကွက်တွင် တောဆင်ရိုင်းသုံးကောင် ဝင်ရောက် လူတစ်ဦးဒဏ်ရာရ



**ပဲခူး ဇွန် ၆**

ပဲခူးမြို့ ဥသျှောင်ကြီးသစ် (၅)ရပ်ကွက် မြေတိုင်း(၁၉) ပိန္နဲပင်သုသာန်ကျောင်း ခြံစည်းရိုးဘေးတွင် ဇွန် ၅ ရက် နံနက် ၄ နာရီခွဲခန့်က တောဆင်ရိုင်းသားအမိသုံးကောင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပိန္နဲပင်သုသာန်ကျောင်းဆရာတော်သည် ဇွန် ၅ ရက် နံနက် ၄ နာရီခွဲတွင် ခွေးဟောင်သံကြားသဖြင့် အိပ်ရာမှထပြီး ပတ်ဝန်းကျင်အားကြည့်ရှုရာ ကျောင်းခြံစည်းရိုးဘေးတွင် ဆင်ထီးတစ်ကောင်၊ ဆင်မတစ်ကောင်၊ ဆင်သားပေါက်တစ်ကောင် စုစုပေါင်းဆင်သုံးကောင်ကို တွေ့ရှိခဲ့သည်။

နံနက်မိုးလင်းသောအခါ ဆင်များရောက်ရှိနေကြောင်း ပတ်ဝန်းကျင်ရှိပြည်သူများ သိရှိသွားသောကြောင့် လာရောက်ကြည့်ရှုကြရာ ကလေးများအား အန္တရာယ်ပြုမည်ကိုစိုးရိမ်သဖြင့် ဥသျှောင်ကြီးသစ် ရပ်ကွက်ကြီး(၁) မြေတိုင်း(၆)နေ ကိုစိုးလွင်နှင့် သဲကားအလုပ်သမားက လေးခွနှင့်ပစ်ရာ ဆင်မှာစိတ်ဆိုးပြီး ၎င်းအား လိုက်လံ၍ ခြေထောက်ဖြင့်နင်းသောကြောင့် ပေါင်ကျိုးပြီး ကပ်ပါယ်အိတ်တစ်ခြမ်းပျက်စီးကာ ငယ်ပါအရင်းမှပြတ်သွားသောကြောင့် ပဲခူးဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဆင်များရောက်ရှိနေသည့်နေရာသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ သစ်တောဝန်ထမ်းများ၊ တာဝန်ရှိသူများ ရောက်ရှိလာပြီး ပတ်ဝန်းကျင်ရှိပြည်သူများအား ထပ်မံအနှောင့်အယှက်အန္တရာယ်မပြုစေနိုင်ရေးအတွက် ဆင်များအား စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ကျွန်းလှ၌ စုပေါင်းသစ်ပင်စိုက်

**ကျွန်းလှ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၇ နာရီက ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ အခမ်းအနားကို IBEC ပဓာနနာယကဆရာတော် ဦးသောဘိတက ဩဝါဒစကားမိန့်ကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဖြိုးက အမှာစကားပြောကြား၍ စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူတို့က ဆုချီးမြှင့်ကြကြောင်း သိရသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်တီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူတို့က ပျိုးပင်မျိုးစုံ ၂၄၃၀ ပင်အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ကျိုက်ထို၌ စုပေါင်းသစ်ပင်စိုက်

**ကျိုက်ထို ဇွန် ၆**

၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းဝင်း၌ ပြုလုပ်ခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပျိုးပင်များပေးအပ်ရာ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ပုံမှန်ထက်ရေကြီးရေလျှံမှုမြင့်တက်၍ ကုလားချောင်းတာကျိုးကျ

**ရွှေသောင်ယံ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ မကျီးဇင်အုပ်စု ကုလားချောင်းတာသည် ဇွန် ၄ ရက်က ပင်လယ်ဒီရေ ပုံမှန်ထက်မြင့်တက်ခဲ့မှုကြောင့် တာအပေါ်မျက်နှာပြင် ၅ ပေခန့်၊ အောက်ခြေ ၁၀ ပေခန့် ကျိုးကျခဲ့ကြောင်း သိရသည်။

အဆိုပါကုလားချောင်းတာသည် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ရေတံခါးအောက်ခြေခုံ တစ်ပေကျော်မြင့်၍ ပုံမှန်လယ်များပင်စိုက်မရကြောင်း သိရသည်။

ရေတံခါးမြောက်ဘက်ခြမ်း ရေထုတ်ပြွန်ပြုလုပ်ရာမှာ မပြီးပြတ်သေးမီ ရေကြီးရေလျှံနှုန်းမြင့်မား၍ ကျိုးကျခြင်းဖြစ်သည်ဟုလည်း သိရသည်။ အဆိုပါကုလားချောင်းတာသည် ကုလားချောင်းကျေးရွာ၊ ပေါက်တူးကွင်းကျေးရွာ၊ ပေါက်လှဂျိုင်ကျေးရွာ၊ ပုန်းညှက်မော်ကျေးရွာတို့ရှိ လယ်ဧက ၃၀၀ ခန့် အားထားနေရသော တာတစ်ခုလည်းဖြစ်သည်။

ယခုအခါ ကုလားချောင်းဘုန်းတော်ကြီးမှ ဦးဆောင်၍လယ်သမားများ၊ လူငယ်များက သဲအိတ်၊ ကျောက်အိတ်များဖြင့် တာလုံခြုံမှုရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## ဂေါ်ရခါးလူမျိုး ၁၀၃ ဦး သာသနာ့နုဂ္ဂဟအသင်းသားအဖြစ် ဝင်ရောက်

**ကလေး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်တွင် အခြေချနေထိုင်သည့် ဂေါ်ရခါးလူမျိုး ၁၀၃ ဦးတို့သည် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြေ့အောင်စည်ကျောင်းတိုက်ဓမ္မာရုံတွင် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနနုဂ္ဂဟအသင်းကြီးတွင် အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း ကလေးဒေသခံ ဂန္ထဝင်ရစာရေးဆရာ ဦးကျော်ဝင်းက ပြောသည်။

ဂေါ်ရခါးလူမျိုးတို့၏ သာသနာ့နုဂ္ဂဟအသင်းသားအဖြစ် ဝင်ရောက်သည့်အခမ်းအနားသို့ ကလေးမြို့ပေါ်ကျောင်းတိုက်ကြီးများဖြစ်သည့် ကံသာယာ၊ ချမ်းမြေ့အောင်စည်၊ ဓမ္မရက္ခိတသုခဝတီ၊ မဟာဝိသုဒ္ဓါရုံ၊ မဟာသန္တာရုံကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ခဲ့ကြပြီး ကံသာယာဆရာတော်နှင့် မဟာသန္တာရုံဆရာတော်တို့မှ ဩဝါဒကထာများ ချီးမြှင့်ဟောကြားခဲ့ကြောင်း သိရသည်။

**ပန်းသဇင်(ကလေး)**

## စက်ရုံပိတ်တော့မည်ဖြစ်၍ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၅ ဦး အလုပ်ထုတ်ခံရ

**ထိုင်း ဇွန် ၆**

ထိုင်းနိုင်ငံအတွင်း MOU စနစ်ဖြင့် သွားရောက်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၅ ဦးသည် ၎င်းတို့အလုပ်လုပ်နေသည့် စက်ရုံ ပိတ်တော့မည်ဖြစ်သောကြောင့် အလုပ်ထုတ်ခံရပြီး ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခန့်က မြန်မာနိုင်ငံ မြဝတီမြို့သို့ ရောက်ရှိခဲ့သည်။



အဆိုပါအလုပ်သမားတွေကို ရန်ကုန်မြို့ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီဖြစ်သည့် Golden See နှင့် နိုင်ငံတကာဆုံမှတ်အေဂျင်စီက ထိုင်းနိုင်ငံ အပ်ချည်လုံးစက်ရုံသို့ နှစ်နှစ်စာချုပ်ဖြင့် ပို့ဆောင်ခဲ့တာဖြစ်ကြောင်း သိရသည်။

"ဒီအလုပ်သမားတွေဟာ တချို့လည်း နှစ်လ၊ တချို့လည်းတစ်နှစ် လုပ်ကိုင်လာခဲ့ရသူအချို့ရှိပါတယ်။ စာချုပ်ချုပ်စဉ်က အလုပ်ရှင်က နှစ်မပြည့်ဘဲ စာချုပ်ဖောက်ဖျက်ပြီး အလုပ်ထုတ်လျှင် သုံးလစာလျော်ကြေးပေးရမည်ဟု ပါရှိပေမဲ့ ယခုတစ်လစာကို လကုန်ရင် ရန်ကုန် Company မှာယူဖို့ ပြောပါတယ်။ ပို့ဆောင်ပေးတဲ့ကုမ္ပဏီက မည်သည့်တာဝန်ယူမှု၊ တာဝန်ခံမှုမှ မရှိဘူး" ဟု အလုပ်သမားများကပြောသည်။

ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရာတွင် ငွေကျပ်ဆယ်သိန်းခန့်ကုန်ကျပြီး နှစ်လခန့်သာလုပ်ခဲ့ရကြောင်း အလုပ်ထုတ်ခံရသူ တစ်ဦးက ခုလိုပြောပါတယ်။

"ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေဟာ အလုပ်သမားစေလွှတ်ရေး၊ တရားဝင် လူကုန်ကူးရေးအတွက်ကိုသာ စိုင်းပြင်းခဲ့သလောက် စက်ရုံပိတ်သောကြောင့် အလုပ်သမားတွေကို အလုပ်ထုတ်လိုက်တဲ့အခါ ရန်ကုန်သို့ ကားနဲ့လိုက်ပို့ရုံကလွဲလို့ မည်သည့်တာဝန်ယူမှုမှလည်း မရှိကြောင်း၊ အဆိုပါ အလုပ်ထုတ်ခံရတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား ၁၆၅ ဦးအား မြဝတီမြို့မှ အောင်ကမ္ဘာကားဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၉၂) မြေညီထပ်၌ဖွင့်လှစ်ထားသည့် နိုင်ငံတကာဆုံမှတ်မှ တာဝန်ခံ ဦးဝင်းနိုင်ဆိုသူမှ လာရောက်ကြိုဆိုသွားခဲ့ပါတယ်။ အလုပ်သမားတွေရဲ့ ပြည်ဝင်ခွင့်ဗီဇာကိုလည်း ထိုင်း လ. ဝ. က မှ ပိတ်ပင်သည့်တံဆိပ်တုံး လက်ဗွေရိုက်ပေးလိုက်တဲ့အတွက် အလုပ်သားတွေ အရမ်းနစ်နာရတယ်လို့ ဆိုပါတယ်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## စားသုံးသူများမြင့်မားနေသော်လည်း ရန်ကုန်ပွဲရုံမှကုန်သည်များ ဝယ်လိုအားကျဆင်းသွား၍ တညင်းသီးဈေးကွက် အရောင်းအဝယ်အေးလျက်ရှိ



**ရေး ဇွန် ၆**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်း၊ အပြင် ထားဝယ် ရေဖြူမြို့ကနေမှတစ်ဆင့် အဓိကဝင်ရောက်လာသော တညင်းသီးဈေးကွက်မှာ စားသုံးသူများမြင့်မားနေသော်လည်း ရန်ကုန်ပွဲရုံများမှ ဝယ်လိုအားကျဆင်းလာ၍ တညင်းသီးဈေးကွက်တွင် အရောင်းအဝယ်အေးနေလျက်ရှိကြောင်း သိရသည်

"စားသုံးသူကအကြိုက်တွေ့နေသည့် တညင်းသီးများမှာ အရောင်းအဝယ်ကောင်းတဲ့အချိန်က တစ်တင်းကို ကျပ် ၁၀၀၀၀ အထိရကြပေမယ့် အခုလက်ရှိမှာ ရန်ကုန်ပွဲရုံက အဝယ်ကို ယာယီရပ်ဆိုင်းထားလို့ တစ်တင်းလျှင် ၈၀၀၀ ကျပ်သာရကြပါတယ်" ဟု ရေးမြို့မှ အဝယ်ဒိုင်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

"တစ်နေ့ကို သုံးတင်းလောက်အထိ တညင်းသီးခွဲခြမ်းစိတ်ဖြာခြင်းပြီးပါတယ်။ တစ်တင်းကို လုပ်ခကတော့ ၁၆၀၀ အထိရကြပါတယ်။ ကျောင်းပိတ်ရက်တွေမှာ ကလေးတွေလည်း ကျောင်းမုန့်ဖိုးရအောင် လုပ်ကိုင်နေသူတွေရှိပါတယ်။ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ ၇၀ လောက် လာရောက်လုပ်ကိုင်လျက်ရှိကြောင်း ဒေါ်မိုးမိုးအေးက ပြောပြသည်။

အဆိုပါ တညင်းသီးဝယ်လိုအား မြင့်တက်သောအချိန်က တစ်နေ့ကို တညင်းသီးနှစ်တင်းပါသောအိတ်အရေတွက် ၁၀၀၀ ကျော်လောက် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ အခုလက်ရှိ ဝယ်လိုအားကျဆင်းနေချိန်တွင် တစ်နေ့ကို နှစ်တင်းအိတ် ၂၀၀ အိတ်ဝန်းကျင်ခန့်သာ ရန်ကုန်-ပဲခူး-မန္တလေးအထိ တင်ပို့ရကြောင်း၊ ဧပြီလမှစတင်ကာ ဇွန်လဒုတိယပတ်အထိ ဈေးကွက်အတွင်း တညင်းသီးတင်ပို့ပေးရမှု ကျဆင်းခဲ့ကြောင်း ရွှေဖျိုင်းကုန်စည်ပို့ဆောင်ရေးအသင်းမှ ဦးစိုးမင်းထိုက်က ပြောသည် **ထွန်းထွန်း(ရေး)**

# မြန်မာ့သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၁၀ နှစ်တာ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ရေးဆွဲဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၆**

မြန်မာ့သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၁၀ နှစ်တာ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲပြီးနောက်ပိုင်းတွင် ၂၀၁၅ မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်တာအတွင်း တစ်နှစ်လျှင် ကျွန်းပင် ၉၀၂၀၀၊ သစ်မာပင် ၅၉၀၂၃၀ နှစ်စဉ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကသို့ သစ်ထုတ်လုပ်ခွင့်မပေးတော့ဘဲ ဝန်ကြီးဌာနမှ ယန္တရား၊ ဝန်ထမ်း၊ ဆင်များဖြင့်ထုတ်လုပ်၍ ပြည်တွင်းပြည်ပသို့ ရောင်းချပေးသွားမည်ဟု မြန်မာနိုင်ငံ သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ (IBC) တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့သစ်တောများမှ ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို တစ်နှစ်ရပ်ဆိုင်းလိုက်သော်လည်း မြန်မာ့သစ်လုပ်ငန်းတွင် ကျွန်းသစ်တန်တစ်သိန်းကျော်နှင့် အခြားသစ်မာ ၇၂၀၀၀၀ ရှိနေပြီး ပြည်တွင်းသစ်သုံးစွဲမှု ဖူလုံနေသည့်အပြင် ပြည်သူသို့လည်း ထိုက်သင့်ပမာဏဖြင့် ရောင်းချပေးနိုင်သည်ဟု ၎င်းက ပြောသည်။

၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့ရာ အမေရိကန်ဒေါ်လာ ၃၂ သန်း၊ ၄၂ သန်းရရှိနေရာမှ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက် နိုင်ငံခြားသစ်တင်ပို့မှု ကန့်သတ်ဥပဒေအရ သတ်မှတ်ခဲ့ရာ နိုင်ငံခြားသို့ ခွဲသားနှင့် သစ်အချောထည်တင်ပို့ရရှိမှု ၂၀၁၄၊ ၂၀၁၅ တွင် ဒေါ်လာ ၁၀၁ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၂၀၅ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နှစ်ဆ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နှစ်ဆ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နှစ်ဆ စသည်ဖြင့် အသီးသီးနိုင်ငံခြားဝင်ငွေ လျော့နည်းမည်ထင်ရာမှ တိုး၍တိုး၍ ပိုမိုရရှိခြင်းမှာ သစ်တောရေးရာဝန်ကြီးဌာနနှင့် သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်သည်ဟု ဦးကျော်ကျော်လွင်က ပြောသည်။

မြန်မာ့အဖိုးတန်သယံဇာတသစ်များကို နိုင်ငံတော်အစိုးရသစ်မှ ရေရှည်တွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လွှတ်တော်မှ တစ်နှစ်ခုတ်ယူခွင့် ရပ်နားလိုက်သော်လည်း မြန်မာနိုင်ငံသစ်တောထွက်လုပ်ငန်းရှင်များအနေဖြင့် ဥပမာ ပြည်တွင်း၊ ပြည်ပမှ မရှိမဖြစ်အသုံးပြုနေရသော အထပ်သားပြားလို သစ်ပြားများကို အပေါ်ယံမြန်မာ့အကောင်းစားသစ်များအသုံးပြု၍ နိုင်ငံခြား ကနေဒါ တောင်အမေရိကလိုနိုင်ငံများမှ တစ်တန် ဒေါ်လာ ၁၅၀ တန်သည့် အညံ့စား (inner cold) သစ်များအလယ်တွင် ထား၍ Value Add Product ပစ္စည်းမျိုးများစွာ ဆက်လက်ထုတ်လုပ်လည်ပတ်နိုင်သည်ဟု မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ Dr.စိန်ဝင်းက ပြောသည်။

ရှေ့ဆက်၍ နိုင်ငံတော် Export အနေဖြင့် Finish Product, Semi Product, Raw Material အဆင့်(၃)ဆင့်ဖြင့် ရောင်းချတင်ပို့မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် Finish Product အနေဖြင့် ဒေါ်လာ ၂၀၁၅ သန်း ၆ ဒသမ ၃ရာခိုင်နှုန်း၊ Semi ၇၀ ရာခိုင်နှုန်း ၊ Raw material ၂၂ ရာခိုင်နှုန်း တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ Finish Product အနေဖြင့် များစွာတင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း ဝယ်ယူခဲ့သည့် ၄၁ နိုင်ငံမှ နိုင်ငံခြားဝင်ငွေ တစ်ဝက်ကျော်ရရှိမှုမှာ အိန္ဒိယနိုင်ငံမှဖြစ်ပြီး အီတလီ၊ ထိုင်းတို့သည် ဒုတိယ၊ တတိယဖြစ်သည်ဟု သိရသည်။

**သန်းဦးလှိုင်**

## နိုင်ငံခြားမြက်မျိုး နေဗီယာကိုင်းမြက်ပွားများ အခမဲ့ပေးအပ်၍ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးအသိပညာပေးဟောပြော

**ကလေး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်အတွင်း နိုင်ငံခြားမြက်မျိုး နေဗီယာနှင့် ကိုင်းမြက်ပွားများကို အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများအား ခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများလိုက်ပါ၍ မေလနောက်ဆုံးပတ်က ကံကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံခြားမြက်မျိုး နေဗီယာနှင့် ကိုင်းမြက်ပွားများ အခမဲ့ပေးအပ်ဖြန့်ဝေခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက ကျွဲ၊ နွားတိရစ္ဆာန်များ ကူးစက်ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေး၊ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းဆောင်ရွက်ရေးနှင့် မွေးမြူရေးအသိပညာများကို ဆွေးနွေးဟောပြောပြီးနောက် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် လိုက်ပါသူဝန်များက နိုင်ငံခြားမြက်မျိုး ဆိုဖီယာမြက်ပျိုးပင် ၁၀၀၊ ဆိုဖီယာမြက်ကိုင်းဖြတ်ပင် ၁၅၀ စုစုပေါင်း ၂၅၀ ပင်ကို ဒေသခံတောင်သူလယ်သမားများထံသို့ အခမဲ့ဖြန့်ဝေပေးအပ်ခဲ့သည်။

"အာဟာရပြည့် အသားဓာတ်ကြွယ်ဝတဲ့ နိုင်ငံခြားမြက်မျိုးကို ရရှိတဲ့အတွက် ခိုင်းကျွဲ၊ ခိုင်းနွားတွေအတွက် အင်မတန်မှ အဖိုးတန်လှပါတယ်။ အခုလိုကျေးရွာအထိ ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး ဆောင်ရွက်ပေးတဲ့ မွေးကုဦးစီးဌာနက အရာထမ်း၊ အမှုထမ်းတွေအပေါ် အလွန်တရာ ကျေးဇူးတင်ပါတယ်"ဟု ဒေသခံမွေးမြူရေးတောင်သူတစ်ဦးက ပြောသည်။

ယင်းနည်းတူ ရက် ၁၀၀ စီမံချက်အဖြစ် မေလဒုတိယပတ်က နတ်ချောင်းစံပြကျေးရွာတွင် ကျွဲ ၇၅ ကောင်၊ နွား ၇၄၅ ကောင် စုစုပေါင်းကောင်ရေ ၈၂၀ တို့အား ကျန်းမာရေးဝန်ဆောင်မှုမြှင့်တင်ခြင်းအနေဖြင့် ဒေါင့်သန်းရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းထံမှ သိရသည်။

**ဂျိုးနက်**

## မိုးကုတ်မြို့တွင် မန္တလေးတိုင်းဒေသကြီးတိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ပူးပေါင်း၍ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**မိုးကုတ် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ မိုးကုတ်မြို့ ချမ်းသာကြီးဘုရားတောင်တော်ပေါ်ရှိ ချမ်းသာကြီးဘုရားဓမ္မာရုံကြီးတွင် ဇွန် ၂ ရက်မှစတင်၍ ကွင်းဆင်းဆေးကုသမှုများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုခံယူသူ ဦးကျော်စိုးဟိန်းက "ဆိုင်ကယ်လဲဖူးတဲ့ ဒဏ်ကနာနာနေလို့ လာရောက်ဆေးကုသမှုခံယူတာပါ။ တိုင်းရင်းဆေးဆရာတွေက ဆေးမြစ်ဆီတွေနဲ့ အကြောပြင်ပေး နှိပ်ပေးပါတယ်။ သောက်ရမယ့်တိုင်းရင်းဆေးတွေကိုလည်း ပေးပါတယ်။ အားလုံးအခမဲ့ပါပဲဗျ။ မန္တလေးမြို့ကနေပြီး အလှမ်းဝေးလွန်းလှတဲ့ ကျွန်တော်တို့မိုးကုတ်မြို့အထိ လာရောက်ပြီး အခုလို တိုင်းရင်းဆေးပညာနဲ့ အခမဲ့ဆေးပေး စမ်းသပ် ကုသပေးကြတဲ့အတွက် လာရောက်ဆောင်ရွက်ပေးသူများနဲ့ ဝိုင်းဝန်းစီစဉ်ဆောင်ရွက်နေသူအားလုံး ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

အဆိုပါကွင်းဆင်းဆေးကုသမှုအဖွဲ့အား မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးကုဌာနမှူး ဆရာဦးပြေထွန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးအသင်းခွဲဥက္ကဋ္ဌ ဆရာဦးမျိုးမြင့်တို့ဦးဆောင်သော တိုင်းရင်းဆေးဆရာ၊ ဆရာမ ၂၆ ဦးတို့က မိုးကုတ်မြို့နယ်အတွင်းရှိ အကြောတက်၊ ချောင်းဆိုး၊ မူးမော၊ အဆစ်နာ၊ ကြီးပေါင်း၊ အကြိတ်၊ မီးယပ်၊ သူငယ်နာရောဂါဝေဒနာရှင်များအား အပ်စိုက်၊ အကြောပြင်၊ ဆေးစည်း၊ ကြပ်ထိုးခြင်းနှင့် မြန်မာ့တိုင်းရင်းသောက်ဆေးများပေးကာ ဇွန် ၂ ရက်မှစတင်ကာ ၃ ရက်ကြာ ကုသပေးခဲ့ပြီး အဆိုပါကွင်းဆင်းကုသမှုတွင် မိုးကုတ်မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းဖွဲ့များက ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**နေဝါ(မိုးကုတ်)**



## ဇလွန်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဇလွန် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်း၍ ဇွန် ၄ ရက်က အမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းငွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီး ဦးဇော်ဝင်းသန်းနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၃၅၀ ကျော်ခန့် စုပေါင်းပါဝင်၍ နံနက် ၇ နာရီမှ ၉ နာရီထိ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းအတွင်းတွင် အမှိုက်များကောက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဖယ်ရှားခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဦးငွေသန်း**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်နှင့် စောရန်ပိုင်အနောက်ရပ်ကွက်များသို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရက် ၁၀၀ စီမံချက်အနေဖြင့် (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို ဇွန် ၄ ရက် နံနက် ၇ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဒုတိယဌာနမှူး Dr.သန်းသန်းလွင် ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှူး ခရိုင်ဦးစီးဌာနမှူး ဦးငွေစိုးနှင့် တာဝန်ရှိသူများ၊ အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ အလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး လ/ထညွှန်မှူး Dr. လဲ့ညိုဝင်းနှင့် သူနာပြုသားဖွားဆရာမများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ အနောက်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီ ကိုးမြို့နယ်မှ ဝန်ထမ်းများ၊ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

ဆောင်းပါး

# မန္တလေးမြို့ပတ်ယာဉ်လိုင်းကားပေါ်ဝယ်

**à ချမ်းသာ (မိတ္ထီလာ)**

လွန်ခဲ့သည့် တစ်နှစ်ခန့်ကစတင်ပြီး မန္တလေးနှင့် မိတ္ထီလာ မိုင် ၁၀၀ ခရီးအား မော်တော်ယာဉ်စီး၍ ကျွန်တော် ခရီးမသွားတော့ပါ။ ကျွန်တော့ ကိုယ်ပိုင်ယာဉ် ကမ်ဘို တစ်ရာ့တစ်ဆယ်ဆိုင်ကယ်လေးဖြင့်သာ ထိုခရီးစဉ်တိုင်း ခရီးနှင်ဖြစ်ပါသည်။ မန္တလေးနှင့် မိတ္ထီလာ ခရီးမရောက်ဖြစ်တဲ့လဆို အနည်းဆုံးတစ်ခေါက်တော့ ရောက်သည်။ ဆိုင်ကယ်ဖြင့် မိုင် ၁၀၀ ခရီးအား စီးရသည်မှာ အန္တရာယ်များလွန်းသည်။ လူပင်ပန်းလှသည်ဟု မိတ်ဆွေများက ဆိုကြသည်။ မန္တလေးသို့ မော်တော်ဆိုင်ကယ်ဖြင့်သာ ကျွန်တော်ခရီးသွားတော့ခြင်းမှာ မန္တလေးမြို့ပတ်ယာဉ်လိုင်းကားခ ကိစ္စကြောင့်ပင်ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များက မန္တလေးသို့ မိတ္ထီလာမှ ခရီးသည်တင်မော်တော်ယာဉ်ဖြင့်သာ သွားရောက်ဖြစ်သည်က များပါသည်။

မန္တလေးရောက်တိုင်း ကြုံရသည့်အခက်အခဲက မန္တလေးမြို့ပတ်ယာဉ်လိုင်းကားခ ကိစ္စပင်ဖြစ်ပါသည်။ မိတ္ထီလာမှ မန္တလေးသို့ရောက်သည်နှင့် ချမ်းမြရွှေပြည် ကားဝင်းထဲအထိ မလိုက်ဘဲ ကွဲဆည်ကန်လမ်းဆုံအနီးတွင်ပင် ခရီးသည်အများစု ဆင်းကြပြီး ဘုရားကြီး၊ ဈေးချို၊ ဘူတာကြီး ခရီးစဉ်များကို မြို့ပတ်ယာဉ်လိုင်းကားအား တစ်ဆင့်စီးက ဆက်လက်ခရီးနှင်ကြရသည်။

ခရီးသည်တင်မော်တော်ယာဉ်ပေါ်မှ မဆင်းမီပင် မြို့ပတ်ယာဉ်လိုင်းကားပေါ်မှ ကိုယ်ရွှေယာဉ်နောက်လိုက်များက ခရီးသည်များကိုလိုင်းကားပေါ် ထမ်းတင်မတတ် ကိုယ့်လိုင်းကား၊ သူ့လိုင်းကားပေါ် ခရီးသည်စီးရန် အလုအယက်ခေါ်ငင်ကြသည်။ လိုင်းကားပေါ်ရောက်သည်နှင့် မော်တော်ယာဉ်စီးခကို ဘုရားကြီး၊ ဈေးချို၊ ဘူတာကြီး ခရီးစဉ်အနီးအဝေးမရှိ တစ်ဦးငွေကျပ် ၅၀၀ ကောက်ယူလေသည်။

ကွဲဆည်ကန်လမ်းဆုံနှင့် ဘုရားကြီးခရီးထိုစဉ်က မြို့ပတ်ယာဉ်စီးခမှာ ၂၀၀ ကျပ်၊ ဈေးချိုအထိ ကျပ် ၃၀၀၊ အနောက်မရမ်းခြံ ဆိပ်ကမ်းအထိ ကျပ် ၄၀၀ သာကျသင့်သော်လည်း ယာဉ်နောက်လိုက် အများစုက မန္တလေးဒေသခံဟုတ်၊ မဟုတ် ခရီးသည်အားအကဲခတ်ပြီး ဒေသခံမဟုတ်က ခရီးစဉ်အနီးအဝေး မေးရိုးသာမေးကာ တစ်ဦး ကျပ် ၅၀၀ ကောက်ခံကြလေသည်။

ခရီးသည်အများစုမှာလည်း ရပ်ဝေးမှ လာကြသူများဖြစ်၍ လူကြားထဲ စကားနည်းရန်စဲ ယာဉ်စီးခ ကျပ် ၅၀၀ ကို မေတ္တာပို့၍ ပေးကြလေသည်။

ထိုစဉ်က မြို့ပတ်မော်တော်ယာဉ်များပေါ်တွင် မြို့တွင်းယာဉ်စီးခနှုန်းထားများကို မော်တော်ယာဉ်အတွင်း ခေါင်မိုးနံရံများတွင် ရေးသားထားပြီး ယာဉ်စီးခပိုမိုတောင်းခံပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ ရေးထားသည်ကိုတွေ့ရသည်။ တိုင်ကြားသူနည်း၍လား၊ အရေးယူမှုမျက်ကွယ်ပြု၍လားတော့ မသိပါ။ ကျွန်တော် မန္တလေးရောက်တိုင်း မြို့ပတ်မော်တော်ယာဉ်လိုင်းအများစုမှာ ယာဉ်စီးခပိုမိုတောင်းခံခြင်း၊ ခရီးသည်ရရှိရေး ယာဉ်အပြိုင်အဆိုင်မောင်း၍ ခရီးသည်လုတင်ခြင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ ကျည်ကွယ် မျက်ကွယ်နေရာတိုင်း ပြုလုပ်ကြမြဲ ဖြစ်ပါသည်။

လွန်ခဲ့သည့် သုံးရက်ခန့်က မန္တလေးသို့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများနှင့်အတူ အစည်းအဝေးတက်ရောက်ရန်ရှိသဖြင့် မော်တော်ယာဉ်ဖြင့် ခရီးနှင်ခဲ့ရာ ကွဲဆည်ကန်လမ်းဆုံအနီးတွင် မြို့ပတ်မော်တော်ယာဉ်လိုင်းကား စီးရလေသည်။ မော်တော်ယာဉ်စီးခ တစ်ဦး ကျပ် ၄၀၀ နှုန်းဖြင့် မန္တလေးတွင် ဆယ်စုနှစ်တစ်ခုမက တာဝန်ထမ်းဆောင်ဖူးသည့် မိမိတို့နှင့်အတူပါ အဖွဲ့ခေါင်းဆောင်က ဈေးချိုအထိ ခရီးစဉ်အတွက် တစ်ဦး ကျပ် ၄၀၀ နှုန်းကို ကျပ် ၂၀၀၀ ပေးသည်တွင် ယာဉ်နောက်လိုက်တစ်ဦးက ကျပ် ၅၀၀ ဟု ဆိုသည်။ စီးနေကျခရီး ကျပ် ၄၀၀ ဟု စောဒက တက်သော်လည်း ဈေးသည်နဲ့ အလုပ်သမားပဲ အဲဒီယာဉ်စီးခနှုန်းထားပေးတာဟု ယာဉ်နောက်လိုက်က ဆိုသဖြင့် ထပ်မံ၍ ကျပ် ၅၀၀ ပေးရလေသည်။

> ခရီးသည်အများစုမှာလည်း ရပ်ဝေးမှလာကြသူများဖြစ်၍ လူကြားထဲ စကားနည်းရန်စဲ ယာဉ်စီးခ ၅၀၀ ကို မေတ္တာပို့၍ပေးကြလေသည် . . .

ကျွန်တော်တို့အနီးမှ ထိုင်နေသည့်ခရီးသည် အမျိုးသမီးကြီးတစ်ဦး မရမ်းခြံအနီးထိစီးမည်ကို ကျပ် ၁၀၀၀ ဟု တောင်းခံခြင်းအားမြင်တွေ့ရလေသည်။ ကြားထဲမှ ဝင်ပြောခွင့်မသာ၍ ဝင်မပြောလိုက်မိတော့ပါ။ မန္တလေးမြို့ပတ်မော်တော်ယာဉ်စီးခတောင်းခံသည့် မော်တော်ယာဉ်နောက်လိုက်များ၏ ခရီးသည်အပေါ် ကလိမ်ကကျစ်ကျ ယာဉ်စီးခကောက်ခံမှုများမှာ အဝေးရပ်မှ မန္တလေးသို့ အကြောင်းကိစ္စအမျိုးမျိုးဖြင့် လာရောက်သူများအဖို့ နှစ်ပေါင်းများစွာ ခံခဲ့ရလေသည်။ မည်သည့်အချိန်တွင် ထိုသို့ ယာဉ်စီးခ ပိုမိုကောက်ခံမှုများ ပျောက်ကွယ်သွားမည် မသိပါ။

အပြန်ခရီးတွင် သူငယ်ချင်းဖြစ်သူနှင့် ကျွန်တော်တို့နှစ်ဦး ဈေးချိုမှ ကွဲဆည်ကန်လမ်းဆုံ ခရီးကို တစ်ဦး ကျပ် ၄၀၀ နှုန်းဖြင့်ပေး၍ စီးရပါသည်။ ထိုမြို့ပတ်မော်တော်ယာဉ်မှ ယာဉ်နောက်လိုက်ကို နံနက်ပိုင်းက ဒီမြို့ပတ်ခရီးစဉ်အတိုင်း ကျပ် ၅၀၀ ပေးရသည်ကို ပြောမိသည်တွင် အဲကောင်တွေက လူလည်ကျတဲ့ကောင်တွေဟု ၎င်းက ဆိုလေသည်။ ဈေးချိုနှင့် ကွဲဆည်ကန်လမ်းဆုံခရီး မြို့ပတ်မော်တော်စီးခ မှာ ကျပ် ၃၀၀ ဟုသာ ကျွန်တော်စိတ်ထဲစွဲနေ၍ သူ့စကားကြားသည်တွင် ပြုံးမိပါသည်။

အမှန်တကယ်ပင် မန္တလေးမြို့ပတ် မော်တော်ယာဉ်လိုင်းကားခများမှာ တစ်နေရာမှ တစ်နေရာ ခရီးအမှန်တကယ် ကျသင့်သည့်ယာဉ်စီးခကို မန္တလေးဒေသခံများနှင့် ယာဉ်စီးခကောက်ခံသူများ၊ တာဝန်ရှိသူများသာ သိနိုင်တော့သည်။ ရပ်ဝေးဒေသမှ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ကြသူများအဖို့ မန္တလေးမြို့တွင်း ယာဉ်စီးခနှုန်းထားအား အတိအကျ သိနိုင်ခြင်းမရှိတော့ပါ။

မန္တလေး မြို့ပတ်ယာဉ်စီးခနှုန်းထား ပိုမိုမကောက်ခံစေရေး၊ မြို့ပတ်ယာဉ်များ အပြိုင်မောင်းနှင်ခရီးသည်လုယက်တင်မှုများ ပပျောက်စေရေး၊ မြို့ပတ်တော်ယာဉ်လိုင်းကားများ မိမိလိုင်းခရီးစဉ်မဟုတ်ပါဘဲ ခရီးသည်တင်၍ လမ်းခုလပ်တွင် တခြားယာဉ်လိုင်းကားပေါ် ခရီးသည်ပြောင်းရွှေ့စီးစေသည့် ခရီးသည်အပေါ် ခေါင်းပုံဖြတ်မှုများ ပပျောက်စေရေးအတွက် ဘယ်အချိန် ဘယ်ကာလတွင် ထိထိရောက်ရောက်အရေးယူဆောင်ရွက်မည်ဟု သတင်းကောင်းများကြားချင်မိပါသည်။

ရွှေပြည်တော် မျှော်လေတိုင်းဝေးသည့် အဖြစ်မျိုးကဲ့သို့ မဖြစ်စေချင်ပါ။ မန္တလေးရောက်ချိန်တိုင်း မြို့ပတ်ယာဉ်များကို သွားလိုရာခရီးစဉ်အတိုင်းစိတ်ချမ်းမြေ့စွာ စီးနင်းနိုင်သည့် ခရီးသည်တစ်ဦးအဖြစ် များမကြာမီအချိန်များတွင် ရောက်ရှိပါစေဟု ဆုတောင်းမိပါသည်။

ဟိုဘက်တစ်လောဆီက မန္တလေးတွင်း ကွမ်းယာစားသုံးမှု လျှော့ကျစေရေး စီမံချက်ချ ဆောင်ရွက်သွားမည်ကြားသိမိသည်။ တစ်ဖန် မကြာသေးမီက ကွမ်းယာရောင်းချမှု စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားမည်ဟု သတင်းများတွင် ဖတ်မိသည်။

ကျွန်တော်ချစ်သော မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ချက်များဟု နားလည်မိသဖြင့် ဝမ်းပန်းတသာပြုံးမိပါသည်။



## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများဆောင်ရွက်

**မတ္တရာ ဇွန် ၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မိုးရာသီ၌ လေပြင်းတိုက်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းပါက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်း၊ ကြေွသီးများလဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ မြောက်ပြင်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိသော ၃၃ ကေဗွီ ဒဂ်ါးချောင်း ဓာတ်အားလိုင်းတွင် နှစ်ကာလကြာရှည်စွာ တပ်ဆင်အသုံးပြုထားသော ကြေွသီးများအား ၃၃ pin ကြေွသီးများနှင့် အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြို့တွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက်ရှိ သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်းလုပ်ငန်းများကို မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက မှုခင်းကျဆင်းရေး ယာဉ်/လမ်းကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ကျောက်တံခါး ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး မိုင်တိုင်အမှတ်၁၀၁/၀ ၏ အရှေ့ဘက် ၂ ဖာလုံခန့်အကွာ ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အ-မ-ကကျောင်း၌ ဇွန် ၄ ရက် နံနက် ၈ နာရီခွဲက မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက ရက် ၁၀၀ စီမံချက်ကာလအတွင်းမှုခင်းကျဆင်းရေး ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းထွန်းဦးက အမြန်လမ်းမကြီးပေါ်တွင်ဖြတ်သန်းသွားလာခြင်းမပြုရန် တားမြစ်ထားသော စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီနှင့် စက်ယန္တရားကြီးများတက်ရောက် မောင်းနှင်ခြင်းမပြုရန် မြေသားလမ်းမှသာရှောင်ကွင်း မောင်းနှင်ကြရန်နှင့်မဖြစ်မနေ တံတားနေရာများနှင့် လမ်းဖြတ်မှ ဖြတ်ကူးခြင်းများရှိခဲ့ပါက ယာဉ်အန္တရာယ်ကို အထူးဂရုပြု သွားလာကြရန်နှင့် မိမိတို့ပိုင် ကျွဲ၊ နွားများကိုလည်း ခရီးသွား ယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ဖြတ်သန်းခြင်းမပြုရန်နှင့် စနစ်တကျထိန်းကျောင်းကြရန်၊ ရက် ၁၀၀ စီမံချက်ကာလအတွင်းပြည်သူများလိုက်နာကြရန်ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာနေပြည်သူများအားအမြန်လမ်းမကြီးဥပဒေပုဒ်မ ၁၃ နှင့် ၁၄ ပါ အချက်များအားချပြရှင်းလင်းကာ လက်ကမ်းစာဆောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲသို့ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အောင်မြင်နယ်မြေရဲစခန်း မှနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိန်မင်းအောင်၊ အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ SAE ဦးအောင်အောင်၊ ကြာအင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်၊ ဆင်ဇလုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေလေးနှင့်ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**



ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ဇွန် ၅ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ရေးဦးစီးဌာနရုံးဝင်း မြေလွတ်မြေလပ်နေရာ၌ပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာဝင်း၊ မြို့နယ်သစ်တောဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်မြင့်စိုး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့ဒုရဲမှူးအောင်မြဦး၊ မြို့နယ်ဖွဲ့/ထောက်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများပူးပေါင်းပါဝင်၍ တမာပင် ၂၀၊ ကျွန်းပင် ၁၈၀ စုစုပေါင်း သစ်ပင် ၂၀၀ စိုက်ပျိုးနေကြစဉ်။ သတင်းနှင့်ဓာတ်ပုံ- သမ်းထိုက်(ရေဦး)

## တီဘီရောဂါတိုက်ဖျက်ရေး စေတနာ့ဝန်ထမ်းမွမ်းမံသင်တန်းဖွင့်

**မိုင်းဆတ် ဇွန် ၆**

ပြည်သူလူထုအခြေပြု တီဘီရောဂါကာကွယ်တိုက်ဖျက်ရေး စေတနာ့ဝန်ထမ်း မွမ်းမံသင်တန်း(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မယ်ဖားလုံဖောင်ဒေးရှင်းမှ လေ့လာသူများ၊ မိုင်းဆတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၃၃)အုပ်စုမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးကိုယ်စား ဒေါက်တာအောင်ခိုင်စိုးက သင်တန်းနှင့်ပတ်သက်သည်များအားလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအားလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

မိုင်းဆတ်မြို့မှာ ကျဒယ်ကျေးရွာအုပ်စုဟာ ကျေးရွာအများဆုံးနဲ့ ဖွဲ့စည်းထားသောကြောင့် တီဘီရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်နှင့် ရောဂါခံစားနေရသူတွေကို ရှာဖွေဖော်ထုတ်ရာမှာ ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ကြောင်း၊ လူမျိုး၊ ဘာသာမရွေး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ယခုလို သင်တန်းဖွင့်လှစ်ပေးတာ ပြည်သူတွေအတွက် အလွန်အကျိုးရှိကြောင်း ကျဒယ်ကျေးရွာမှ သင်တန်းသူ မနာဘိုရှီးကပြောသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ၏ တီဘီရောဂါအခြေအနေ DOTS Startegy နှင့် Stop TB Startegy တီဘီရောဂါအကြောင်း၊ တီဘီရောဂါရှာဖွေခြင်း၊ တီဘီဆေးကုသမှုပေးခြင်း၊ တီဘီဆေးတိုက်ကျွေးသူများ၏ အခန်းကဏ္ဍ၊ တီဘီရောဂါကာကွယ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ တီဘီရောဂါကူးစက်မှုမှ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ပြည်သူလူထု အခြေပြုတီဘီရောဂါစီမံချက်တွင် အသုံးပြုမည့် ပုံစံများဖြင့် လက်တွေ့သရုပ်ပြခြင်းများအား သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

ကြေးမုံ

ဇွန် ၇၊ ၂၀၁၆

# လက်တွေ့အသုံးချ ဆေးနည်းတိုများ(၃)

**à** ကြည်လွင်မြင့်(မုဒြာ)

**မေး - မြန်မာဆေးမြစ်စုံမှာပါဝင်တဲ့ 'နလင်ကျော်'ရဲ့ အသုံးဝင်ပုံကို သိချင်ပါတယ် ဆရာ။**

ဖြေ - နလင်ကျော်ပင်ရဲ့ အခေါက်၊ အသားကို သွေးလိမ်း၊ သွေးသောက်တာ ရှေးမြန်မာလူကြီးတွေရဲ့ဓလေ့ပါ။ အသုံးကတော့ အနာဝင်၊ ညှော်မိ၊ ပေါင်မို့ သက်တံ၊ ပေါင်ထိပ်အကျိတ်ခို၊ သွေးစုနာ၊ ဂရင်ဂျီနာ၊ သံစူးအနာရင်းတာတွေ အတွက် သွေးလိမ်း၊ သွေးသောက်ရပါတယ်။

ကင်းကိုက်၊ ပင့်ကူရှပ်၊ ရောင်ခြင်း၊ အသားကွက်ယားခြင်းအတွက် နလင်ကျော် ခေါက်ကို ဆားနဲ့ သွေးလိမ်းရပါတယ်။ မျက်စိမှုန်၊ တိမ်စွဲလျှင် နလင်ကျော် မြစ်ကို သွေးကွင်းရပါတယ်။

အမျိုးသမီးရောဂါ ယောနိတွင် တုပ်ပိုးစွဲရန် အနာဖြစ်ပြီး ကိုက်ခဲလျှင် နလင်ကျော် အခေါက်ပြုတ်ရည်ဖြင့် ဖန်ဆေး၊ ဖန်ထိုင်ပေးလျှင် ပျောက်ကင်းစေသည်ဟု ရှေးဆေးကျမ်းတွင် တွေ့ရသည် (ယခုခေတ် သားအိမ်ခေါင်းကင်ဆာနှင့် အလွန်နီးစပ်သည်)။

နှာပိတ်၊ နှပ်ပုပ်၊ ထိပ်ကပ်နာဖြစ်လျှင် နလင်ကျော်အမှုန့်ကို မီးခဲပေါ်ဖြူး၍ မှိုင်းရှူပေးလျှင် ပျောက်နိုင်သည်။ ကလေးချက်ကြိုးအနာတွင် ဖြူးပေးလျှင် အနာကျက်၏။ အမှုန့်ကို ဆန်ဆေးရည်နှင့်သောက်ပါက ညောင်းကျရောဂါ၊ ဝမ်းတွင်းပုပ်၊ အသည်း၊ အူ၊ အဆုတ်များတွင်ဖြစ်သော အနာများကို ကျက်စေနိုင်သည်။

(ရှေးအယူ- နလင်ကျော်သောက်နေစဉ် ထန်းလျက်မစားရ ၊ မတည့်ပါ။)

**မေး - နံနက်အိပ်ရာထ ကြက်သွန်ဖြူစားရင် ဝမ်းဗိုက်အဆီကျစေပြီး ပိန်စေတယ်ဆိုတာ ဟုတ်ပါသလားဆရာ၊ စားသင့်ပါသလား။**

ဖြေ - နံနက်အိပ်ရာထ အစာမစားခင် ကြက်သွန်ဖြူမစားသင့်ပါ။ အစာအိမ်က အက်စစ်နဲ့ပေါင်းပြီး အန်တတ်ပါတယ်။ ကြက်သွန်ဖြူကို အဆီကျချင်ရင် ရှောက်ရည်၊ သံပရာရည်ဆမ်းပြီး ထမင်းနဲ့စားပါ။ လေသက်စေချင်ရင် မီးဖုတ်စားပါ။ အစာကျေစေချင်ရင် အခြောက်လှန်း၊ အမှုန့်ထောင်း၊ ပျားရည်နဲ့တေစားပါ။ အသက်ရှည်ဆေးအဖြစ်သုံးချင်ရင် နှစ်ချို့ပျားရည်နဲ့စိမ်ထားပြီး နေ့စဉ်စားသုံးပါ။

**မေး - ဝမ်းမချုပ်ဘဲ နှုတ်ခမ်းတွေခြောက်နေတာ တစ်လပြည့်ပါတော့မယ်ရှင့်၊ ကျေးဇူးပြု၍ ဆေးနည်းလေးညွှန်ကြားပေးပါ။**

ဖြေ - အထက်အပူကန်လို့ပါ။ ခြေဖဝါးဆားပွတ်၊ ဒူးအထက်မှအောက် ညအိပ်ရာဝင် ရေလောင်းခြေဆေးပါ။ ပျားရည်နှင့်အုန်းဆီ ဆတူရောစပ်ပြီး နှုတ်ခမ်းတွင် လိမ်းပေးပါ။

**မေး - ကျွန်မ သွေးမပေါ်တာ နှစ်လခန့်ရှိပါပြီ။ သိချင်တာက အသက် ၄၄ နှစ်အရွယ် သွေးဆုံးတတ်ပါသလားရှင့်။ ကျွန်မအမေက ပုံမှန်သွေးဆုံးတာ မဟုတ်ဘဲ သားအိမ်ထုတ်ခဲ့ရတာမို့ မှန်းမရလို့ပါ။ ညီအစ်မ မရှိ တစ်ယောက်တည်းသမားပါရှင့်၊ လူကလည်း ဝလာပါတယ်ရှင့်။**

ဖြေ - သွေးဆုံးက ပုံမှန်ဆိုရင် အသက် ၄၆ - ၄၈ မှာ ဆုံးတာပါ။ ဒီခေတ်က ရာသီဥတုပြောင်းလာတာကြောင့် အသက် ၅၀ ကျော် ၅၂ - ၅၃ မှ ဆုံးကြတာများပါတယ်။ သဘာဝမဟုတ်တဲ့ အစားအစာတွေ (ဥပမာအားဖြင့် ဆိုးဆေးပါတဲ့ အစားအသောက်တွေ) စားလို့လည်း ဖြစ်နိုင်ပါတယ်။ သွေးက သုံးလခြားပြီးလည်း ပြန်ပေါ်တတ်ပါတယ်။ အအေးပတ်၊ အဲကွန်းမိပြီး သွေးပေါ်နည်းသူတွေလည်းရှိပါတယ်။ လမ်းများများလျှောက်ပေးပါ။ ရေနွေးမတ်ခွက်တစ်လုံးမှာ ချင်းပါးပါး ခုနစ်လွှာ လှီးထည့်၊ အုပ်ထား၊ အအေးခံထားပြီး နံနက်အိပ်ရာထချိန်မှာ နေ့စဉ် သောက်ပေးပါ။ သွေးသားမှန်၊ အဆီကျ၊ ကျန်းမာစေပါတယ်။

**မေး- ကျွန်တော့်မိခင်မှာ နှလုံးအားနည်းတဲ့ရောဂါ ရှိပါတယ်။ ပူရင်မောပြီး ညအိပ်မပျော်၊ သွေးအတက်အကျမမှန် ဖြစ်ပါတယ်။ မြန်မာဆေးနည်းလေး သိချင်ပါတယ်။**

ဖြေ - ကံ့ကော်ပန်းဝတ်ဆံအမှုန့်ကိုပျားရည်နဲ့ သမအောင် ရောတေထားပါ။ နံနက်ညှ ဟင်းစားဇွန်းတစ်ဇွန်းတိုက်ပါ။ အားနည်းရင် ကံ့ကော်ဝတ်ဆံကို နွားနို့ ဆိတ်နို့ ကျိုချက်ပြီးသားနဲ့လည်း ရောစပ်တိုက်နိုင်ပါတယ်။ ယခုလိုရာသီမှာ ကံ့ကော်ပန်းတွေ အလွန်ပေါပါတယ်။ ပန်းဝတ်ဆံကို ခြွေယူပြီး ခြောက်အောင်နေလှန်းပြီး သိမ်းထားပါ။ ဆေးဖက်ဝင်ပါတယ်။

**မေး - ကလေးက အသက် ၇ နှစ်အရွယ်ပါ။ ပူရင် ညဘက်ဆိုရင် နှာခေါင်းသွေးလျှံပါတယ်။ တစ်ခါတစ်ရံ နေ့စဉ်ရက်ဆက်ဖြစ်ပါတယ်။ ကူညီပေးပါ။**

ဖြေ - နှာခေါင်းသွေးလျှံချိန်မှာ ကလေးနားရွက်နောက်က ချိုင့်လေးကို ရေခဲကပ်ပေးပါ။ နှာခေါင်းသွေးလျှံရပ်ပါတယ်။ ကလေးကိုထိုင်ခိုင်းထားပြီး နှာခေါင်းကို မော့ထားပါ။ ရာသီဥတုပူရင် ညအိပ်ရာမဝင်မီ ကလေးခြေဖဝါးကို ဆားပွတ်ပြီး ဒူးမှအောက် ရေလောင်းခြေဆေးပေးရင်လည်း နှာခေါင်းသွေးလျှံခြင်းမှ ကာကွယ်ရာရောက်ပါတယ်။

**မေး - အဖေက အသက် ၇၀ ကျော်ပါ။ အစားမှားပြီး နာရီဝက်တစ်ကြိမ်လောက် ဝမ်းသွားနေပါတယ်။ နည်းနည်းချင်းပါ။ စအိုကလည်း အပြင်ထွက်သလိုဖြစ်နေပါတယ်။**

ဖြေ - လက်ဖက်ခြောက် လက်တစ်ဆုပ်ကို ရေနွေးဆူဆူမတ်ခွက်တစ်လုံးမှာ ထည့်ပြီး သကြားဟင်းစားဇွန်း သုံးဇွန်းထည့်၊ ဆားလျော်အနည်းငယ်ထည့်အုပ်ထားပြီး အအေးခံတိုက်ပါ။ ကောက်ရိုးကိုပြုတ်ပြီး သကြားခပ်တိုက်ရင် စအိုထွက်ကျတဲ့ရောဂါ ပျောက်နိုင်ပါတယ်။ (ရှေးဆေးမြီးတိုကျမ်းမှနည်း)

**မေး - ငယ်စဉ်က အရက်အနည်းငယ်သောက်ခဲ့ပါတယ်။ ဝပြီး ဗိုက်စူလာလို့ ဆေးစစ်ကြည့်တော့ အသည်းအဆီဖုံးတယ်ပြောပါတယ်။ ဆေးနည်းနဲ့ ရှောင်ရန် သိလိုပါတယ်။**

ဖြေ - တိုင်းရင်းဆေးသုတေသနအရ ဝါးရွက်ကိုပြုတ်ပြီး နေ့စဉ် မတ်ခွက်တစ်လုံးစာခန့် သောက်ပေးရင် အသည်းမှ အဆီကျစေတယ်လို့ဆိုပါတယ်။ မည်သည့်ဝါးရွက်မဆို ရပါတယ်။ ကြခတ်ဝါးရွက်ရရင်တော့ ပိုကောင်းတယ်လို့ ဆိုပါတယ်။ အဆီများတဲ့အစာနဲ့ ခြေလေးချောင်းသားကိုရှောင်ပါ။ အရက်၊ ဘီယာ လုံးဝရှောင်ကြဉ်ပါ။

**မေး - ကလေးမှာ ရေကျောက်ပေါက်တာ ဆေးကုပြီး သက်သာပျောက်ကင်းသွားပါပြီ။ အနာများခြောက်ပြီး အမဲကွက်များကျန်နေပါတယ်။ ဘယ်နည်းနဲ့ ပျောက်နိုင်မလဲ ဖြေကြားပေးပါ ဆရာ။**

ဖြေ - တမာရွက်ပြုတ်ရည်ဖြင့် ရေချိုးပေးပါ။ အနာဖတ်များရှိလျှင် ပျားရည်နှင့် အုန်းဆီရောစပ်ပြီး တို့ပေးပါ။ အနာခြောက်သွားရင် အမာရွတ်မထင်အောင် ခရေပွင့်ခြောက်မှုန့်နဲ့ သနပ်ခါး ရောစပ်လိမ်းပေးပါ။ တစ်နေ့နှစ်ကြိမ်၊ သုံးကြိမ် လိမ်းပေးပါ။

**မေး - သရက်သီးအစိမ်းစားပြီးနောက် လည်ချောင်းယားပြီး စပ်လည်းစပ်၊ နာလည်း နာတယ်၊ အသံလည်း မမှန်ဘူး၊ ဘယ်လိုလုပ်ရမလဲ ဖြေကြားပေးပါရှင့်။**

ဖြေ - သနပ်ခါးကို ရေသန့်သန့်နဲ့သွေး၊ ဆားအနည်းငယ်ထည့်ပြီး လျက်ပေးပါ။ အသံကောင်းအောင် ရှောက်သီးစိတ်ကို အခွံပါရေနွေးမတ်ခွက်တွင် စိမ်ထားပြီး တဖြည်းဖြည်း သောက်ပေးပါ။

**မေး - ကလေးအမေ နို့ထွက်ကောင်းအောင် သင်္ဘောသီးအစိမ်းဟင်းခါးချက်သောက်ရတယ်ဆိုတာ မှန်ပါသလား၊ အခြားနည်းလမ်းများရှိလျှင်လည်း သိလိုပါတယ်ရှင့်။**

ဖြေ - ဟင်းခါးချက်သောက်ရင် ရပါတယ်။ အခြားနည်းမှာ ဒန့်သလွန်ရွက်နှင့် ရဲယိုရွက်များ ဟင်းချိုချက်သောက်ရင်လည်း နို့ထွက်ပါတယ်။ စလေဦးပုညနည်းမှာတော့ နွားမြီးကို မီးဖုတ် ဟင်းချိုချက်တိုက်ရင် အကောင်းဆုံးနို့ထွက်ဆေးဖြစ်ပါတယ်လို့ဆိုထားပါတယ်။

**မေး - ကျွန်တော့် အံသွား ပိုးစားပြီး ကိုက်နေပါတယ်။ ဆေးနည်းလေး ဖြေပေးပါခင်ဗျာ။**

ဖြေ - လေးညှင်းပွင့်ပြုတ်ရည် ငုံပေးပါ။ ပုဏ္ဏရိက်ရွက်နဲ့ ဆားပြုတ်ပြီး ငုံထွေးပေးရင်လည်း သက်သာစေတယ်။ တမာရွက်ပြုတ်ရည်ငုံပေးလျှင် ပိုးသေစေပါတယ်။

**မေး - အလုပ်ထဲက အဒေါ်ကြီးတစ်ယောက် မကြာခဏသွေးတက်ပြီး ခေါင်းမူးပါတယ်။ ကျွန်တော်တို့က ထိုင်းနိုင်ငံမှာပါ။ မြန်မာလူမျိုးတွေက ဆေးခန်းခဏခဏပြလို့ အဆင်မပြေပါဘူး၊ ဆေးနည်းတိုလေး သိပါရစေ။**

ဖြေ - ဒန့်သလွန်ရွက် ရနိုင်လျှင် ကြိတ်ပြီး အရည်ညှစ်၊ ဟင်းစားဇွန်းနှစ်ဇွန်းခန့် တိုက်ပါ။ တစ်နေ့ နှစ်ကြိမ်တိုက်ပေးပါ။ သံပရာသီး သို့မဟုတ် သံပရိုသီးစိတ်ကို အခွံပါရေနွေးမတ်ခွက်နဲ့ စိမ်ထား၊ တစ်နေ့တစ်ခွက်ကုန်အောင် သောက်ပေးပါ။ သွေးတိုးအမူး သက်သာစေပါတယ်။

**မေး - ပူအိုက်တဲ့ရာသီမှာ ရေခဲရေသောက်၊ ရေခဲမုန့်တွေ ဝယ်စားပြီး တစ်အိမ်လုံး မိတ်ဖုတွေ ထွက်ပြီး ယားယံနေကြပါတယ်။ မိတ်မထွက်အောင် ဘယ်လိုကာကွယ်ရပါမလဲ သိလိုပါတယ်။**

ဖြေ - မြေသောက်ရေအိုး (ရေစိမ့်ထွက်တဲ့ စိမ့်အိုး) ဝယ်သုံးပါ။ ရှေးလူကြီးများနည်းကတော့ မြေသောက်ရေအိုးထဲမှာ မီးသွေးခဲတစ်ခဲထည့်ထားပြီး သောက်ရင် မိတ်ထွက်တာ၊ မိတ်အိုင်း အနာဖုကြီးတွေထွက်တာ သက်သာစေပါတယ်။ မြေသောက်ရေအိုးတွေက ယခုခေတ်မှာ အသုံးနည်းသွားပြီ။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရိုးရာပစ္စည်းဖြစ်လို့ ပြန်လည်သုံးစွဲခြင်းဖြင့် မြန်မာ့ရိုးရာလက်မှုနဲ့ အသက်မွေးသူတွေကိုလည်း အားပေးရာရောက်ပါတယ်။

**မေး - အမေက အသက် ၅၉ နှစ်၊ အသားပိုတွေအရမ်းထွက်ပါတယ်။ အသက် ၅၄ နှစ် လောက်ကစပြီး ထွက်လာတာပါ။ အခု ပိုများလာပါတယ်။ အန္တရာယ်ရှိပါသလား၊ ဘယ်လိုလုပ်ရပါမလဲ သိလိုပါတယ်။**

ဖြေ - အသက်ကြီးလာတဲ့အခါ သက်စောင့် တေဇော၊ ဝါယောဓာတ်တွေက ပိုလျှံနေတဲ့ ပထဝီ၊ အာပေါ အဆီဓာတ်တွေကို အပြင်သို့တွန်းထုတ်တတ်ပါတယ်။ ကိုယ်တွင်း အဆီမပိတ်တဲ့အတွက် အသားပိုရှိတဲ့သူတွေက မလှပပေမယ့် ပိုပြီး ကျန်းမာတယ်လို့ဆိုပါတယ်။ ကျန်းမာရေးအတွက် အသားပိုက အန္တရာယ် မရှိပါ။

**မေး - သမီးက အသက် ၁၇ နှစ်ပါ။ ဆီး ခဏခဏအောင့်လို့ပါ၊ ဘယ်လိုလုပ်ရမလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပေးပါဆရာ။**

ဖြေ - ဆန်ကို ရေသန့်နဲ့ဆေးပါ။ ဆန်ဆေးရည်အကြည်တစ်ဖန်ခွက်စာယူပါ။ ဆန်ဆေးရည်ထဲကို သံပရာသီးတစ်ခြမ်း အရည်ညှစ်ထည့်ပါ။ နံနက် ရေမချိုးမီ သောက်ပါ။ အုန်းစိမ်းရည် (အုန်းသီးအနုအရည်) တစ်ပတ်မှာ တစ်ကြိမ်၊ တစ်ကြိမ်မှာတစ်လုံးသောက်ပါ။ ကြက်သွန်နီကလည်း ဆီးကောင်းစေပါတယ်။ ကြက်သွန်နီဥကြီး ပါးပါးလှီး ရှောက်ရည်၊ သံပရာရည်ဆမ်းပြီး ထမင်းစားတိုင်းစားပေးပါ။

**မေး - သမီး ခန္ဓာကိုယ်က အမြဲပူနေပါတယ်။ ဝမ်းတွင်းကလည်းပူသလို ခံစားရပါတယ်။ ဆံပင်လည်း ကျွတ်ပါတယ်။ ဘယ်လိုလုပ်ရမလဲ သိချင်ပါတယ်။**

ဖြေ - နံနက်စောစော ရေချိုးပါ။ ဦးခေါင်းမှ လောင်းချိုးပါ။ ညအိပ်ရာဝင် ဒူးအထက်မှအောက် ရေလောင်းခြေဆေးပါ။ ရေတစ်ခွက်သောက်ပြီး အိပ်ပါ။ သနပ်ခါးလိမ်းရင် ရေသန့်နှင့်သွေးပြီး အနည်းငယ်စားပေးပါ။ ဆံပင်ကျွတ်တာ အပူနာသဘောပါ။

လက်ပံခေါင်းချဉ်ရည်ဟင်းချက်စားရင် အသားအေးတယ်လို့ ရှေးလူကြီးတွေ ပြောပါတယ်။ တရုတ်စံကားပွင့်သုပ်စားလျှင် အဆစ်များပူခြင်းကို သက်သာစေပါတယ်။ မီးကွင်းဂမုန်းရွက်ကို ပါးပါးလှီး၊ မြေပဲဆန်နှင့်သုပ်စားလျှင် မီးယပ်ဖြူဆင်းပြီး ကိုယ်သားကိုယ်ရည်ပူတာ သက်သာစေပါတယ်။ ။

## လေဘေးသင့်ပြည်သူများအားသွပ်များဆက်လက်လှူဒါန်း



**ကျောက်ဆည် ဇွန် ၆**

ကျောက်ဆည်ခရိုင်အတွင်းတွင် ဧပြီလအတွင်းက မိုးသီးများနှင့်အတူ မိုးသက်လေပြင်းများကျရောက်ပြီး လူနေအိမ်များနှင့် အဆောက်အအုံများ၊ သစ်ပင်များပြိုလဲခြင်း၊ ခေါင်မိုးများလန်သွားခြင်းတို့ကြောင့် စေတနာရှင်ပြည်သူများက အဝတ်အထည်များ၊ အိမ်ဆောက်ပစ္စည်းများ မျိုးစုံပေးအပ်လှူဒါန်း ကူညီခဲ့ကြကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြို့တွင်ရောက်ရှိနေကြသော ကျောက်ဆည်အသင်း (ရန်ကုန်) ကလည်း လေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၄၀ တန်ဖိုးရှိ ကြယ်စိမ်းတံဆိပ်သွပ် ၁၃၇၆ ချပ်ကို ပေးပို့လှူဒါန်းရာ ကျောက်ဆည်ခရိုင် သဘာဝဘေးကူညီကယ်ဆယ်ရေးကော်မတီအဖွဲ့များက မေ ၃၀ ရက်တွင် လက်ခံရရှိပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ လေဘေးသင့်အိမ်ထောင်စုများအား လက်ဆင့်ကမ်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သက်မောင်**

## ရက်(၁၀၀) စီမံချက်ဖြင့် မဒေါက်မြို့သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၆**

စစ်တောင်း မြစ်ကမ်းနံဘေးတွင်ရှိသောပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရက်(၁၀၀) စီမံချက်ဖြင့် ဇွန် ၄ ရက်က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေးတို့ ဦးဆောင်၍ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ စည်ပင်ရုံးဝန်ထမ်းများ ဒေသခံပြည်သူများစုပေါင်း၍ မဒေါက်မြို့ တိုက်နယ်ဆေးရုံဝင်းအတွင်း၊ အပြင်ဥ်လည်ကောင်း၊ မြို့မ(၂)ရပ်ကွက်ကမ်းနားလမ်းတို့၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရေမြောင်းများရှင်းလင်းခြင်း၊ ချုံနွယ်မြက်အမှိုက်များနှင့် အညစ်အကြေးများကို ဖယ်ရှားရှင်းလင်းခြင်း၊ ထွက်လာသော အမှိုက်များကို အမှိုက်သိမ်းလှည်းများဖြင့် စွန့်ပစ်ခြင်းများကိုလည်းကောင်း စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ အမှိုက်စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မေ ၁၉ ရက်ကလည်း ညောင်လေးပင်မြို့ မြို့မ(၅) ရပ်ကွက်စံပြလမ်း မြေညီလမ်း၊ နှင်းဆီခြံလမ်းတို့၌လည်း ရက်(၁၀၀) စီမံချက်ဖြင့် စည်ပင်ဝန်ထမ်းများ၊ မြို့မ(၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ရပ်မိရပ်ဖများ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မြို့သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးများကိုပါ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# လူ့ဘောင်ဘဝသာယာရေး သစ်ပင်များများစိုက်ပျိုးပေး

**ခဲ ရွှေတိုင်လွင်**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတအမိမြန်မာနိုင်ငံတော်ကြီးသည် ရှေးရှေးသော ဘိုးဘေးစဉ်ဆက်ကတည်းက သစ်ပင်ပျိုးပင် စိုက်ပျိုးပင်တို့ဖြင့် စိမ်းလန်းစိုပြည်နေသော စိုက်ပျိုးရေးနိုင်ငံဖြစ်ပေသည်။ "တောင်သူလယ်လုပ် ခေါးမခုတ်" ဟူသော ရှေးမြန်မာဆိုရိုးစကားအတိုင်း လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေတို့ဖြင့် စိမ်းလန်းစိုပြည်ဝေဆာလှပနေသည့် နိုင်ငံတော်ကြီးလည်းဖြစ်ပါပေသည်။ ထိုစိုက်ပျိုးရေးကို အခြေခံကြသူတို့သည် ကျေးလက်တောရပ်ဒေသမှာနေထိုင်ကြပြီး မြန်မာနိုင်ငံ၏ ၆၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ကြသည်ကို တွေ့မြင်ကြရပါပေမည်။

ယခု မိုးဦးကျကာလအခါသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ထွန်ကြ၊ ယက်ကြ၊ ပျိုးထောင်ကြနှင့် လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ကြသည့်ကာလဖြစ်ပေသည်။ လယ်တော ဥယျာဉ်ခြံမြေတို့တွင် အသက်မွေးသူတို့သည် မိုးဦးကာလဝယ် ပေါင်းသင်၊ ပေါင်းနုတ်၊ ပျိုးပင်တို့ကို စတင်အပင်ပျိုးကြသော အေးချမ်းစွတ်စိုသည့်ကာလပင် ဖြစ်ပါပေသည်။

ထို့ကြောင့် သစ်တောနှင့်သစ်ပင်၊ စိုက်ပျိုးပင်တို့သည် လူနှင့် လူ့ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည် အေးချမ်းမှုကို ပေးဆောင်ပါသည်။ မြန်မာဆိုရိုးစကားပုံတစ်ခုက ဤသို့ဆိုထားပါသည်။ "သစ်တစ်ပင် ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်၏"ဟု ဆိုသည့်အတိုင်း ကျေးငှက်သာရကာတို့သာမက ခရီးသွားလုပ်သားပြည်သူတို့ပင် ခေတ္တတည်းခိုရာ၊ ခေတ္တနားခိုရာအရပ်လည်း ဖြစ်ပါတော့သည်။ ထို့ကြောင့် အရိပ်ရသစ်ပင်စိုက်ပျိုးခြင်းကို ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းခြင်းနှင့်တူပေသည်ဟုလည်း ရှေးလူကြီးတို့က ဆိုစမှတ်ပြုထားကြပါပေသည်။ လူတို့၏ နေထိုင်ရာပတ်ဝန်းကျင်ကို အရိပ်အာဝါသပေးထားသကဲ့သို့ ဖြစ်စေပါသည်။

ထို့ကြောင့် လူသားတို့၏နေထိုင်ရာ လူသားကမ္ဘာကြီးတွင် သစ်တောကြီးများနှင့် အရိပ်ရသစ်ပင်ကြီးများရှိနေခြင်းကြောင့် လူသားတို့အတွက် ဖြစ်ပေါ်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်နိုင်သည့်စွမ်းအားလည်း ရှိပေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာ ဆောင်ပုဒ်တစ်ခုက ဤသို့ဆိုထားပါသည်။ "ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ" ဟူသော ဆောင်ပုဒ်လေးတစ်ခု ရှိခဲ့ဖူးသည်။ အလွန်မှမှန်ကန်ပြီး သင့်လျော်လှပါပေသည်။

သစ်တောနှင့်သစ်ပင်ကြီးတို့သည် သဘာဝပတ်ဝန်းကျင်ကို အလိုအလျောက် ကာကွယ်နိုင်ခြင်း၊ သစ်သီးဝလံများစားသုံးနိုင်ခြင်းတို့ကြောင့် စွမ်းအင်ကိုရရှိခြင်းဖြစ်ပေသည်။ သစ်တောနှင့်သစ်ပင်များ မရှိသောဒေသတို့တွင် ဆိုးရွားသော ရာသီဥတုဒဏ်တို့ကို ခံကြရပါလေသည်။ အထူးသဖြင့် လေပြင်းတိုက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ မြေသားများပြတ်ရွေ့မှုများဖြစ်နိုင်သလို ပင်လယ်မြစ်ကမ်းနှင့်နီးသောဒေသတို့တွင် သဘာဝတော၊ တောင် သစ်ပင်ကြီးများမရှိပါက ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အစာရေစာရှားပါးခြင်း စသည့် သဘာဝဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ကြုံ ခံစားကြရပေမည်ကို သဘာဝပထဝီဝင်မှ လေ့လာတွေ့ရှိရပါလေသည်။

သစ်တောများရှိနေခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းတို့ကြောင့် လူတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို လှပစိုပြည်စေရုံမက အစားအစာ အာဟာရသုံးဆောင်နိုင်ကြသလို၊ လူသားတို့၏ အသုံးအဆောင် အိမ်ထောင်ပရိဘောဂအပြင် ထင်း၊ မီးသွေး အစရှိသော လူသုံးစွမ်းအင်တို့ကို ရရှိစေပါသည်။

သစ်ပင်တို့သည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သလို သစ်ပင်ပန်းမာန်တို့ကိုလည်းကောင်း၊ သစ်တောကြီးများကိုလည်းကောင်း ပြုပြင်ထိန်းသိမ်းဖို့မှာ မြန်မာလူမျိုးတိုင်းမှာ တာဝန်ရှိသလို လူတိုင်းကလည်း သစ်တောနှင့်သစ်ပင်တို့ကို စိုက်ပျိုးထိန်းသိမ်းဖို့မှာ အထူးပင်လိုအပ်လှပါပေသည်။ ယင်းသစ်တောနှင့်သစ်ပင်တို့သည် သဘာဝပတ်ဝန်းကျင်ရာသီဥတုကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိခြင်းကြောင့် လူသားအားလုံး မြန်မာနိုင်ငံသားအားလုံးတို့သည် လူ့ဘောင်ဘဝသာယာလှပရေးကိုရှေးရှုပြီး သစ်တောနှင့် သစ်ပင်တို့ကို စိုက်ပျိုးထိန်းသိမ်းသွားကြဖို့ တာဝန်ရှိသလို၊ သစ်တောများပြုန်းတီးမှု၊ အဆမတန်သစ်ခုတ်မှုတို့ကိုလည်း ကာကွယ်တားဆီးဖို့ရာ အရေးကြီးပေသည်ဟု ခံယူကာ ရေးသားတင်ပြလိုက်ရပါတော့သတည်း။

# သံတောင်ကြီးတောင်ပေါ်ဒေသ မိုးရာသီ လမ်းဘေးမြေပြိုခြင်းများ မရှိစေရေး မြေထိန်းနံရံများဆောင်ရွက်



**သံတောင်ကြီး ဇွန် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့သည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီကာလ မိုးရွာသွန်းမှုကြောင့် လမ်းဘေးမြေနှင့် ကားလမ်းများ ပြိုတတ်လေ့ရှိရာ လမ်းများပျက်ဆီးမှုမှ ကာကွယ်ရေးနှင့် မြို့အဝင်လမ်းများ မြေထိန်းနံရံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သံတောင်ကြီးမြို့အဝင်လမ်း အဓိက သုံးနေရသော လမ်းတစ်လမ်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ်မှာ တင်ပြပြီး ညွှန်ကြားချက်အရ မိုးဦးကာလအမီ လမ်းပိုင်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီလမ်းဟာ ဆိုရင် အင်္ဂလိပ်လက်ထက်ကစနစ်တကျ ဆောင်ရွက်ခဲ့ပေမယ့် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီဖြစ်၍ ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်များကြောင့် ပျက်စီးယိုယွင်းလာနိုင်ခြင်းကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု တာဝန်ယူဆောင်ရွက်နေသော တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သောင်းက ပြောကြားခဲ့သည်။

အဆိုပါဆောင်ရွက်သော မြေထိန်းနံရံသည် အမြင့် ၁၇ ပေ၊ အရှည်ပေ ၅၂၀ နှင့် အနံ ၂၄ ပေရှိ တံတားတစ်စင်းပါဝင်ပြီး လမ်းအကျယ်ပေ ၃၀ တွင် ကတ္တရာလမ်း ၁၈ ပေ ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခရိုင်ဥပဒေအရာရှိနှင့်မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိများ၊ ဒုမြို့နယ်ဥပဒေအရာရှိများ တွေ့ဆုံ၍ ရက် ၁၀၀ အတွင်း ဥပဒေရုံးများက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တရားစွဲ အမှုလိုက်လုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေး စာတမ်းဖတ်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ခရိုင်ဥပဒေရုံးအတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှေ့ဦးစွာ ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံး၏ ရက် ၁၀၀ အတွင်း ဥပဒေရုံးများက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တရားစွဲ အမှုလိုက်လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပေးပြီး ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများ၊ ဒုမြို့နယ်ဥပဒေအရာရှိများက မိမိတို့ရုံးတွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းအခက်အခဲများကို အသီးသီး တင်ပြဆွေးနွေးပေးခဲ့သည်။

ယင်းနောက် မင်းလှမြို့နယ် ဥပဒေအရာရှိ ဦးနေကိုအောင်နှင့် ဆင်ပေါင်ဝဲမြို့နယ် ဒုမြို့နယ်ဥပဒေအရာရှိ ဦးငွေလမင်းမြင့်တို့က ဥပဒေရေးရာစာတမ်းများအား အသီးသီးဖတ်ကြားတင်ပြ ဆွေးနွေးပေးခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က မြို့နယ်ရုံးများမှ တင်ပြဆွေးနွေးသည့်အပေါ် လိုအပ်သည်များကို ဖြည့်စွက်၍ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာတွင် ရက် ၁၀၀ စီမံချက်ဖြင့် ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထောက်ပံ့ပေးခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ဦး ဇွန် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာမှ ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇွန် ၄ ရက် မွန်းလွဲပိုင်းက ခရိုင်ကျေး/လက်ဦးစီးမှူး ဦးကျော်မင်းနောင်နှင့် ဝန်ထမ်းများက ထောက်ပံ့ပေးသည့် ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ အရည်အသွေးကောင်းမွန်မှုရှိ-မရှိ သွားရောက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် လက်ဝဲကျေးရွာနေပြည်သူများ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရန်နှင့် သောက်သုံးရေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၉၂၈ သန်းအသုံးပြု၍ လက်ဝဲကျေးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေသုံးစွဲရာတွင် အိမ်တိုင်ရာရောက်အသုံးပြုနိုင်ရေးအတွက် ယခုကဲ့သို့ ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအား ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လတ်တလောပစ္စည်းထောက်ပံ့ပေးခြင်းလုပ်ငန်းများ ပြီးစီးမှု ၆၀ ရာခိုင်နှုန်းခန့် ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ထောက်ပံ့ပေးရန်ကျန်ရှိသည့် ပစ္စည်းများကိုလည်း ရက် ၁၀၀ စီမံချက်အတွင်း ထောက်ပံ့ပေးနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပထမအဆင့် ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးဖလား ခုနစ်မြို့နယ် အသက် ၂၃ နှစ်နှင့်အောက် အမျိုးသား ရွေးထွက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပရာ ပုသိမ်မြို့နယ်အသင်း အနိုင်ရရှိ

**ပုသိမ် ဇွန် ၆**

ဘောလုံးအားကစားတိုးတက်မြင့်မားလာရေး မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာရေး၊ ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားများပေါ်ထွက်လာရေး စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ် ပထမအဆင့် ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးဖလား ခုနစ်မြို့နယ် အသက် ၂၃ နှစ်နှင့်အောက် အမျိုးသားရွေးထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၄ ရက်ညနေပိုင်းက ကိုးသိန်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့က ဗိုလ်လုပွဲအဖြစ် ပုသိမ်မြို့နယ်အသင်းနှင့် ကျုံပျော်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်မြို့နယ်အသင်းက ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမရရှိသော ပုသိမ်မြို့နယ်အသင်း၊ ဒုတိယရရှိသော ကျုံပျော်မြို့နယ်အသင်း၊ ဗိုလ်လုပွဲနေ့ အကောင်းဆုံးအားကစားသမား၊ ပွဲစဉ်တစ်လျှောက်ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် ပထမဆုရ ပုသိမ်မြို့နယ်အသင်းအား ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးက တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပထမရရှိသော ပုသိမ်မြို့နယ်အသင်းသည် ပုသိမ်ခရိုင်ကိုယ်စားပြု ၆ ခရိုင် ဘောလုံးပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် ၇ မြို့နယ်မှ ဘောလုံးအသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်**



MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

# Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ

အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ်
ရှိနေနိုင်မယ့်
***ဝန်ဆောင်မှုအသစ်***

GO TO FREE



**Facebook ကို သင့်စိတ်ကြိုက်အသုံးပြုနိုင်ပါသည်။**
Share၊ like၊ comment၊ chat နှင့် update များကို အခမဲ့သုံးစွဲနိုင်ပြီး
ဓာတ်ပုံများ၊ ဗီဒီယိုများကြည့်ရှုမှုအတွက်
DATA သုံးစွဲစရိတ် ပေးဆောင်ရပါမည်။
မည်သည့်အချိန်မဆို သင်စိတ်တိုင်းကျ အခမဲ့အသုံးပြုနိုင်ပါသည်။
သင်၏ အင်တာနက်အသုံးပြုမှုကို ထိန်းချုပ်ထားနိုင်ပါသည်။

အခမဲ့ အသုံးပြုနိုင်သည်။ GO TO FREE

LIKE သင်စိတ်ဝင်စားသော အရာများ
SHARE ဗီဒီယိုများ၊ ဓာတ်ပုံများ
CHAT သူငယ်ချင်းများ၊ မိသားစု
COMMENT မည်သည့်မှတ်ချက်မဆို

**DATA** သုံးစွဲစရိတ် ပေးဆောင်၍လည်း ကြည့်ရှုနိုင်ပါသည်။ SEE PHOTOS
ဓါတ်ပုံနှင့် ဗီဒီယိုများ

**Facebook Flex** ကို အခမဲ့အသုံးပြုနိုင်ရန် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်ပါ။

မိမိအသုံးပြုမည့် **MPT** ဆင်းကဒ်ကို **SIM Slot (1)** တွင်ထည့်သွင်းပြီး အင်တာနက်ဖွင့်ပါ။

1. facebook application ကိုဖွင့်ပါ (သို့မဟုတ်) အင်တာနက် website မှ www.facebook.com သို့သွားပါ။

GO TO FREE
အခမဲ့ ခလုတ်သည် သင်၏ facebook အသုံးပြုမှုအား လက်ကျန်ငွေ(ဝ)ကျပ်ဖြင့်ပင် အသုံးပြုနိုင်ပါသည်။

2. " Continue " ကိုနှိပ်ပါ။ အခုဆိုရင် သင်ဟာ facebook ကို အခမဲ့အသုံးပြုနိုင်ပါပြီ။

SEE PHOTOS
ဓါတ်ပုံများနှင့် ဗီဒီယိုများ ကြည့်ရှုမှုအတွက် **DATA** သုံးစွဲစရိတ် ပေးဆောင်ရပါမည်။

သင်၏ရွေးချယ်မှုဖြင့် **Facebook** ကို သင့်စိတ်ကြိုက် အသုံးပြုနိုင်ပါသည်။ **Facebook Flex** ဖြင့် လွယ်ကူစွာ ပြောင်းလဲအသုံးပြုနိုင်ပါသည်။
ဤဝန်ဆောင်မှုကို အသုံးပြုလိုပါက ဆွေသဟာ အစီအစဉ် ရယူထားရန် လိုအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday



# အေးချမ်းပါစေ မြန်မာပြည်
# ငြိမ်းချမ်းပါစေ ကမ္ဘာမြေ

ပြည်သူလူထု(၉၀%)ရာခိုင်နှုန်းခန့် ထောက်ခံကာ၊ နတ်ရေကန်၏ တောင်ပြိုကမ်းပြိုနိုင်ရမည် အင်န်အယ်လ်ဒီ ဆောင်ပုဒ်ဖြင့် အောင်ပန်းဆင်ခဲ့သော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရသစ်ကိုကြိုဆို၍ အယ်လ်နီညိုနှစ်ကို ရင်ဆိုင်ရန် ပြည်သူအများ ပြင်ဆင်နေစဉ် ကျေးဇူးရှင်ရွှန်နူး၏ လေမုန်တိုင်းအဖျားခတ်မှုကြောင့် စံချိန်တင်ပူပြင်းလှသော အမိမြန်မာပြည်ကြီးအပေါ် ရွှေမိုး၊ ငွေမိုးများ ရွာချလိုက်သည့်အလား (၅)ရက်ဆက်တိုက် မိုးရွာချလိုက်သည့်အတွက် အေးချမ်းပါစေ မြန်မာပြည် ဆုတောင်းပြည့်စုံခဲ့ရပါသည်။

နတ်ရေကန်မှ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ၊ ဆေးဝါး၊ အားကစားထူးခြား၊ ထူးချွန်ပုဂ္ဂိုလ်များ၏ အလှူဒါနအဖြစ် ရန်ကုန်၊ သန်လျင်၊ ကျောက်တန်း တရားရိပ်သာ(၁၀)နေရာတွင် နတ်ရေကန်ဆန်းကစ် လိမ္မော်ဖျော်ရည် ရေသန့် ရေခဲရေဖြင့် ခွက်ရေသောင်းကျော် တိုက်ကျွေးဒါနပြုလုပ်နိုင်ခဲ့သဖြင့် ရဟန်းပြည်သူအပေါင်းကို အမျှဝေ၍ သာဓုခေါ်နိုင်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် ရက်(၁၀၀)စီမံကိန်းဖြင့် လူထုအစိုးရမှ စွမ်းစွမ်းတမံ စတင်လုပ်ဆောင်နေစဉ် ပြည်သူအများကလည်း ပါဝင်ကူညီကြပြီး အထူးသဖြင့် စီးပွားရေးကျွမ်းကျင်ဆရာသမားများ၊ စာတွေ့ လက်တွေ့ဆရာများ အကြံပြုတင်ပြစေလိုပါသည်။ နတ်ရေကန်မှရေကြည်တစ်ပေါက်မျှ အထောက်အကူပြုစေရန် (၁) ကားပိတ်ဆို့မှုများ ကျဆင်းရေး၊ (၂) ကုန်စျေးနှုန်းကျဆင်းရေး၊ (၃)အိမ်၊ ခြံ၊ မြေ စျေးနှုန်း ကျဆင်းရေး၊ (၄)လာဘ်ပေးလာဘ်ယူကျဆင်းရေး၊ (၅)မြို့တော်သန့်ရှင်းရေး၊ (၆)ငွေကြေးစနစ်၏ တန်ဖိုးလျှော့ချရေး၊ (၇)လျှပ်စစ်မီးပြတ်တောက်မှု လျှော့ချရေး၊ (၈) အန္တရာယ်ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး စသည်တို့ကို တာဝန်သိရှိသူများထံ အကျဉ်းချုပ်ရေးသားတင်ပြထားပါသည်။ ဒီမိုကရေစီချစ်မြတ်နိုးသူများ အကြံပြုလွှာကို စနေ၊ တနင်္ဂနွေ နံနက် ၉နာရီမှ ၁၂နာရီအတွင်း နတ်ရေကန် အမှတ်-၁၇၊ ဇမ္ဗူရာဇ်လမ်း၊ စမ်းချောင်း၊ မီးသတ်အနီး၊ ရန်ကုန်တွင် တောင်းယူနိုင်ပါသည်။

**သီဟသုဓမ္မမဏိဇောတဓရ**
**နတ်ရေကန်ဦးတင်မောင်ထွေး**

**ဗဝရတ်တောင်ထိပ်ရောက် ယနေ့မြန်မာရက်ပေါင်း (၅၀၀)အတွင်း အာဆီယံထိပ်တန်း နိုင်ငံဖြစ်ကို ဖြစ်ရမည်။**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၁၆ရက်(ကြာသပတေးနေ့)၊ ညနေ ၄ နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများအကြောင်းကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးသို့ စုံစမ်းနိုင်ပါသည်။

**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၅၆၃၄**

## လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ အိမ်အမှတ်-တ-၅/၆၈၊ ၆၃လမ်း×ငုပြာလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်နေ
Dr. ဦးစောလွင်[ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သားဖွားမီးယပ်ဌာန၊ မန္တလေးဆေးတက္ကသိုလ်]- Dr. ဒေါ်ခင်နုရီတို့၏သား
Dr. **သီဟန်** (M.B.,B.S)
(သရုပ်ပြ၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး)
နှင့်
မုဒုံမြို့၊ အိမ်အမှတ်(၃၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဘုရားလေးဆူရပ်နေ ဦးအောင်ထွန်း(ဦးစီးအရာရှိ၊ ထွေအုပ်-ငြိမ်း)-(ဒေါ်လှမေ)တို့၏သမီး
**မသင်းရွှေဇင်** M.E (Civil)
(လ/ထညွှန်မှူး၊ နေပြည်တော်စည်ပင်)
တို့သည် ၄-၆-၂၀၁၆ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။





# မော်ချီးဒေသတွင် အနာဂတ်အလင်းတန်းရွာသစ် တည်ထောင်

ထွန်းအောင်

**မော်ချီး ဇွန် ၆**

ကယားပြည်နယ် မော်ချီးဒေသတွင် ယမန်နှစ်က မြေပြိုကျခြင်းခံခဲ့ရသဖြင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သော သဘာဝဘေးသင့်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ကျေးရွာသစ်တည်ဆောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာသစ်ကို ဇွန် ၆ ရက် နံနက်ပိုင်းက ရွာသစ်ဖွင့်ပွဲပြုလုပ်ခဲ့ရာ အဆိုပါရွာသစ်ကို ကျေးရွာသူ ရွာသားများက အနာဂတ်အလင်းတန်းရွာဟု အမည်ပေးခဲ့ကြသည်။

မော်ချီးဒေသတွင် မြေပြိုမှုဖြစ်ပွားခဲ့စဉ်က သားသမီးနှစ်ဦးဆုံးရှုံးခဲ့ရသော ဒေသခံတိုင်းရင်းသူ မနိုင်က“ကျွန်မရဲ့ သားနဲ့သမီး နှစ်ဦးစလုံး မြေပြိုကျတုန်းက အသက်ဆုံးရှုံးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မက ကိုယ်ဝန်အရင့်အမာနဲ့ပါ။ မြေပြိုပြီး နောက်နေ့မှာ ကလေးမွေးဖွားခဲ့ပါတယ်။ သားသမီးလည်း ဆုံး၊ နေအိမ်လည်းဆုံးခဲ့ပြီး အခု နေစရာရှိလို့ အဆင်ပြေပေမယ့် စားရေးကလည်း ရှိပါသေးတယ်။ ဒီအတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



# ဂိုးပြတ်နိုင်ပွဲဖြင့် မြန်မာအသင်း တတိယရ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း ပထမဆုရဗီယက်နမ်အသင်းအား ချန်ပီယံဆုချီးမြှင့်စဉ်။

ရှိုင်းထက်ဇော်

AYA Bank Cup လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပသည်။

**(တတိယနေရာလုပွဲ)**
**မြန်မာ - သုံးဂိုး**
**ဟောင်ကောင် - ဂိုးမရှိ**

စင်ကာပူနှင့် ရှုံးပြီး ဗိုလ်လုပွဲနှင့် လွဲခဲ့ရသည့် အိမ်ရှင်မြန်မာအသင်းမှာ တတိယနေရာလုပွဲတွင် ပြန်လည်ပေါက်ကွဲကာ ဟောင်ကောင်ကို ဂိုးဖြတ်သွင်းပြီး တတိယနေရာ ရရှိခဲ့သည်။ ယခုနိုင်ပွဲမှာ နည်းပြဂတ်ဖရိုင်းဒရစ်လက်ထက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့ပြီး ဂိုးပေါက်ပျောက်ဆုံးနေ၍ ဝေဖန်ခံနေရသည့် တိုက်စစ်ပိုင်းအတွက် ကျေနပ်စရာဖြစ်ခဲ့ရသည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ကြည်လင်းနှင့်ကျော်ကိုကိုတို့ကို ပွဲစကတည်းက အသုံးပြုကာ တောင်ပံနှစ်ဖက်တွင် အသုံးပြုခဲ့သည်။ တိုက်စစ်တွင် သန်းပိုင်နှင့် အောင်သူတို့ကို တွဲပေးခဲ့ပြီး ပွဲစကတည်းက ဟောင်ကောင်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း အိမ်ရှင်မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်သွားနိုင်ခဲ့ပြီး တိုက်စစ်ကစားပုံမြိုင်ဆိုင်စွာဖြင့် ဟောင်ကောင်အသင်းဘက်သို့ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အောင်သူအစား ဝင်လာသည့်

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ○

